ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့၊ (15-7-2014) (၇၉၀၂)

မိုးရွာသွန်းမှု

၁၄-၇-၂၀၁၄

မော်လမြိုင်	၅ ဒသမ ၀၄ လက်မ
လောင်းလုံ	၃ ဒသမ ၉၀ လက်မ
ရန်ကုန်(မြို့လယ်)	၃ ဒသမ ၆၆ လက်မ
စစ်တွေ	၃ ဒသမ ၄၆ လက်မ
ပေါင်	၃ ဒသမ ၃၅ လက်မ
သရက်	၃ ဒသမ ၃၂ လက်မ
ဝွ	၃ ဒသမ ၂၃ လက်မ
ကျိုက်မရော	၃ ဒသမ ၁၄ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

စင်ကာပူသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီခွဲတွင် စင်ကာပူမြို့ရှိ Khoo Teck Puat ဆေးရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဆေးရုံအုပ်ချုပ်မှုဒါရိုက်တာ Mrs.Chew Kwee Tiang နှင့် တာဝန်ရှိသူများက စင်ကာပူနိုင်ငံ၏ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် အစိုးရနှင့်ပြည်သူအကြား စရိတ်မျှပေးကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း ဆေးပညာဘာသာရပ် သင်ကြားပို့ချနေမှု၊ ဆေးရုံတည်ဆောက်ထားရှိမှု၊ လူနာများကို ကျန်းမာရေး ဝန်ဆောင်စောင့်ရှောက်ပေးနေမှု၊ ဆေးရုံနှင့်အခန်းများဖွဲ့စည်းထားရှိမှု၊ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား ကုသစောင့်ရှောက်မှုပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတသည် ဆေးရုံ၌အသုံးပြုလျက်ရှိသည့်ဆေးဝါးနှင့် စက်ကိရိယာပစ္စည်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ဆေးရုံ၏ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသည့် အခြေအနေများနှင့် သက်ကြီးရွယ်အို ဘိုးဘွားများအား စရိတ်မျှပေးသည့်စနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဒုတိယသမ္မတသည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်အိမ်တော် Istana သို့ ရောက်ရှိပြီး ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပညာရေးနှင့်ကျန်းမာရေးစနစ်များပြုပြင်ပြောင်းလဲရေးအတွက် စင်ကာပူနိုင်ငံ၏ကျန်းမာရေးနှင့်ပညာရေးစနစ်များကို လေ့လာသွားရန်ကိစ္စများ၊ နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့ကြသော နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်ထောင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ပြီးစီးတော့မည်

ဘိုကလေး ဇူလိုင် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းပေါ်ရှိ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှာ ပြီးစီးတော့မည်ဖြစ်သည်။**(ဝဝံ)**

အဆိုပါ ဘိုကလေးမြစ်ကူးတံတားကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နှင့် သာပေါင်းမြို့တို့ကို ဆက်သွယ်ပေးထားပြီး တံတားအရှည် ၄၀၀၅ ပေ ၃ လက်မ(၁၂၂၀ဒသမ ၈၅ မီတာ)၊ တံတားအကျယ် ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ ပင်မတံတားအောက်ခံအုတ်မြစ်မှာ ၁ ဒသမ ၅ မီတာ Bored Pile အမျိုးအစား၊ တံတားကိုယ်ထည် RC Concrete နှင့် တံတားအပေါ်ထည် Steel Truss and RC Concrete အမျိုးအစား ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ဘိုကလေးမြစ်ကူးတံတားကြီး တစ်စင်းလုံး၏ ပြီးစီးမှုမှာ ၉၄ ရာခိုင်နှုန်းရှိနေပြီဖြစ်ကြောင်း သိရပြီး မကြာမီကာလ ရာနှုန်းပြည့်ပြီးစီးချိန်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။ **စိုးဝင်း(MLA)**

ကြေးမုံ စာတည်း ရှုထောင့် ၁၅-၇-၂၀၁၄၊ အင်္ဂါနေ့

မွေးကင်းစကလေး ကျန်းမာရေး

ကမ္ဘာပေါ်တွင် ငါးနှစ်အောက်ကလေးငယ် ၁၀ သန်းကျော်သည် ကာကွယ်ကုသ၍ရနိုင်သော ရောဂါများကြောင့် မသေသင့်ဘဲ သေဆုံးနေကြောင်း၊ ယင်းတို့အနက် ၃၈ ရာခိုင်နှုန်းမှာ မွေးကင်းစကလေးငယ်များ ဖြစ်ကြောင်းသိရသည်။ ဤကဲ့သို့ သေဆုံးနေရခြင်းကို သတ္တုချကြည့်လျှင် မိဘများကိုယ်တိုင်ကျန်းမာရေးအသိအမြင်အားနည်းခြင်း၊ ကျွမ်းကျင်ပညာရှင်များနှင့် အလှမ်းဝေးကွာခြင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါး မစုံလင်ခြင်းအပြင် လတ်တလောဖြစ်စဉ်တစ်ရပ်မှာ ဆေးဖိုးဝါးခ မတတ်နိုင်မှုလည်း တစ်ခုအပါအဝင် ဖြစ်လာသည်။

မွေးကင်းစကလေးများသေဆုံးရခြင်းသည် မွေးဖွားသည့် နေရာမသန့်ရှင်းခြင်း၊ မွေးဖွားပေးသည့်လက် မသန့်ရှင်းခြင်း၊ မွေးဖွားရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများ သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် ခန္ဓာကိုယ်အတွင်း ပိုးဝင်ပြီး သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။ "မွေးကင်းစကလေး သေဆုံးမှုနှုန်းကို လျှော့ချရန်အတွက် အဓိကမှာ သန့်ရှင်းမှုဖြစ်ကြောင်း၊ "အိမ်မှာပဲမွေးမွေး ဆေးရုံးမှာပဲမွေးမွေး သန့်ရှင်းမှုရှိဖို့လိုသည်" ဟု ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)က ထောက်ပြသွားသည်။

မိမိတို့နိုင်ငံ၏ပကတိအခြေအနေကိုကြည့်လျှင် တစ်နိုင်ငံလုံး လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် အခြေချပြန့်ကျဲလျက်ရှိနေသည်။ ဒေသ၏ပထဝီအနေအထားအရ တောင်ပေါ်မြေပြန့် ဝေးလံခေါင်သီ နယ်စွန်နယ်ဖျားမကျန် ပြန့်ကျဲတည်ရှိနေသော ကျေးရွာပေါင်းခြောက်သောင်းကျော်တွင် အခြေချနေထိုင်လျက်ရှိနေကြသည်။ ကျန်းမာရေးနှင့်ပတ်သက်လျှင် မိရိုးဖလာဒေသအသိသာရှိပြီး ကျယ်ပြန့်သောဒေသန္တရဗဟုသုတ အားနည်းကြသည်။ ဆေးဝါးကုသမှုတွင် အားကိုးအားထားစရာဆို၍ အထူး သဖြင့် ဒေသခံတိုင်းရင်းဆေးဆရာများကိုသာ အဓိကမှီခိုနေကြရသည်။

ကျေးလက်နေပြည်သူတို့၏ သဘာဝစိုက်ပျိုးမွေးမြူသည့် ပုံမှန်အလုပ်နှင့် ဖြစ်သလိုနေ ဖြစ်သလိုစား၊ ဖြစ်သလိုမွေး၊ ဖြစ်သလို ဆေးဝါးကုသ၊ ဖြစ်သလို ဘဝမျိုးမှာ တော်သလို၊ ဖြစ်သလို နေထိုင်ကျင်လည်နေကြရဆဲဖြစ်သည်။

တစ်နိုင်ငံလုံး ကျန်းမာရေးလွှမ်းခြုံနိုင်ရေးအတွက် နိုင်ငံအတွင်းရှိ မြို့ပေါင်းသုံးရာကျော်တွင် လိုအပ်သော ဆရာဝန်အင်အား ပြည့်မီအောင် ခန့်ထားပေးနိုင်ရေး သက်ဆိုင်ရာက စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် တစ်နိုင်ငံလုံး ပြန့်ကျဲတည်ရှိနေသော ကျေးလက်တောရွာအတော်များများတွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ရှိနေကြဆဲ။ ဤသည်မှာလည်း မိမိတို့နိုင်ငံ၏ မွေးကင်းစကလေးသေဆုံးနေရမှု အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်နေသည်။

ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းချက်ကို ကုစားနိုင်ဖို့ ၂၀၁၅ ခုနှစ်အလွန်မှာ ကျေးရွာပေါင်းခြောက်သောင်းကျော်တွင် တစ်ရွာတစ်ယောက်သားဖွားဆရာမ ထားပေးနိုင်ဖို့ စီမံချက်ထားလျက် ဆောင်ရွက်လာနေသည်။ လက်ရှိကျေးလက်တွင် ဝန်ထမ်းသားဖွားဆရာမ တစ်သောင်းကျော်ရှိနေပြီး စေတနာ့ဝန်ထမ်းအရန်သားဖွားဆရာမ နှစ်သောင်းကျော်က ကျေးရွာပေါင်းသုံးသောင်းကျော်မှာ တာဝန်ထမ်းဆောင်နေကြကြောင်း သိရသည်။ နောက်ထပ်လိုအပ်သော အရန်သားဖွားဆရာမ သုံးသောင်းကျော်ကို ၂၀၁၄ ခုနှစ်တွင် ၉၆၀၀ ကျော်၊ ၂၀၁၅ခုနှစ်တွင် ၁၉၈၀၀ ကျော် မွေးထုတ်ပေးသွားမည်ဟု သိရသည်။ အရန်သားဖွားဆရာမလေးများကို မွေးထုတ်ရာတွင် အထူးသဖြင့် ဒေသခံများကိုဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွေးထုတ်ပေးမည့် အရန်သားဖွားဆရာမများကို နားလည်၊ ကျွမ်းကျင်၊ တတ်ကျွမ်းသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း လမ်းညွှန်ချက်ပေးထားပြီးဖြစ်ရာ သူတို့လေးတွေ၏ ဒေသခံစိတ်ဓာတ်၊ စေတနာနှင့်အတတ်ပညာကျွမ်းကျင်မှု ပေါင်းစပ်ပေးလိုက်နိုင်မှုက ကျေးလက်ကျန်းမာရေး အထူးသဖြင့် မွေးကင်းစကလေးသေဆုံးမှုနှုန်း လျှော့ချပေးသွားနိုင်ရေးတွင် ကြီးစွာအထောက်အကူဖြစ်စေမည်မှာ အမှန်ဖြစ်ပါသည်။ ။

ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘုရင်ညီနောင် လိုဏ်ဂူတော်၊ ရွှေဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးနှင့် ကျောက်ကလပ်ဆံတော်ရှင်ဘုရားများသို့ သွားရောက်ဖူးမြော်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အတူ ဘားအံမြို့နှင့် မြဝတီမြို့တို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့်ဌာနဆိုင်ရာများက တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိပြီး ကမ်းနားဟိုတယ် အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အတူ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သံဖြူဇရပ်မြို့ရှိ စစ်သင်္ချိုင်း၊ ဂျပန်မီးရထားလမ်းဟောင်းနေရာနှင့် စက်စဲကမ်းခြေရှိ 21 Paradise Hotel တို့သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်	ရွှေဈေး	၆၈၁၃၀၀	-	၆၈၂၃၀၀
မန္တလေး	ရွှေဈေး	၆၈၀၈၀၀	-	၆၈၁၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၂. ၀
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၆၈
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၃၈
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၄၂
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၁၇၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၉. ၀၁
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၄၆၃
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၁၃. ၀၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့၌ ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ

တန့်ယန်း ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ နိုင်ငံတော်၏စေတနာကြောင့် လျှပ်စစ် ဓာတ်အားအပြည့်အဝရရှိကာ ၂၄ နာရီ မီးလင်းပြီဖြစ်သည်။

တန့်ယန်းမြို့ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက (66 KV) မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းနှင့် (66/11 KV, 5 MVA) ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးသွားပြီဖြစ်သောကြောင့် ဇူလိုင် ၈ ရက်မှ စတင်၍ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိကာ ၂၄ နာရီ လျှပ်စစ်မီးလင်းပြီဖြစ်သည်။

ထိုသို့ လျှပ်စစ်မီးလင်းပြီဖြစ်သောကြောင့် မြို့နေပြည်သူများအသုံးပြုလျက်ရှိသော မီတာခများကို မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက သတ်မှတ်ထားသည့် နှုန်းအတိုင်းသာ ကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးဉာဏ်လင်း၏ပြောပြချက်အရ သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင်လူငယ်များအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

စင်ကာပူသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးငွေးအောင်က သံရုံးအနေဖြင့် စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကူညီဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံကူးလက်မှတ်လျှောက်ထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သံရုံးအစည်းအဝေးခန်းမ၌ ဒုတိယသမ္မတအား သံအမတ်ကြီး ဦးငွေးအောင်က စင်ကာပူရောက် မြန်မာနိုင်ငံသားများ ပညာသင်ယူနေမှု၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးနေမှုနှင့် စင်ကာပူနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားများအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် သံအမတ်ကြီး၏နေအိမ်၌ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပညာတော်သင်များ၏ လိုအပ်ချက်၊ အခက်အခဲကိစ္စရပ်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် သံအမတ်ကြီးတို့က စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးအသစ် ပြန်လည်တည်ဆောက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား သံအမတ်ကြီး ဦးငွေးအောင်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား သံအမတ်ကြီး ဦးငွေးအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူမြို့ရှိ Khoo Teck Puat ဆေးရုံသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ကိစ္စရပ်များ၊ နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများအကြားရှိနှင့်ပြီးသော ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် တိုးမြှင့်ဆောင်ရွက်သွားရေးဆိုင်ရာများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အကူအညီပေးအပ်သွားနိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်ထောင်နှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် မစ္စတာ ဂိုချောက်ထောင်က မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အပြုသဘောဆောင်သော အကြံပြုချက်များကို ဆွေးနွေးပြောကြားပြီး အစိုးရသစ်ကာလ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်ထောင်က ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် Tuas South Incineration Plant သို့ ရောက်ရှိရာ စက်ရုံအထွေထွေမန်နေဂျာ Mr.Chong Kuek On က ရှင်းလင်းဆောင်ခန်းမ၌ စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ Tuas South Incineration Plant သည် စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ပြန်လည်ထုတ်လုပ်သည့် စက်ရုံဖြစ်ကာ စင်ကာပူနိုင်ငံတစ်ဝန်းလုံးအတွက် အမှိုက်သရိုက်နှင့်စွန့်ပစ်ပစ္စည်းများကိုစုစည်းပြီး မီးလောင်ကျွမ်းစေခြင်းဖြင့် လျှပ်စစ်စွမ်းအင်ကို ပြန်လည်ထုတ်လုပ်ပေးနိုင်စေရန် ကြိုးပမ်းတည်ဆောက်ထားသော နည်းပညာသုံး စက်ရုံလေးခုအနက်မှ တစ်ခုဖြစ်ကြောင်း သိရသည်။

စက်ရုံမှ လျှပ်စစ်စွမ်းအင်ကို ပြန်လည်ထုတ်ပေးကာ မီးလောင်ကျွမ်းမှုမှ ပြာဖြစ်သွားသည့် အရာများကို ဖို့မြေအဖြစ် အသုံးပြုပြီး ပင်လယ်အတွင်း၌ ကုန်းမြေအဖြစ် ပြန်လည်အသွင်ပြောင်း၍ လူအများနေထိုင်နိုင်ရေးလုပ်ဆောင်ကြိုးပမ်းလျက်ရှိကြောင်းကိုလည်း သိရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းသိမ်းရာရောက်သကဲ့သို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းအားဖြင့် လေလွင့်မှုနည်းပါးစွာ ဆောင်ရွက်သွားနိုင်ကြောင်းကိုလည်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စက်ရုံအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့အား စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီအန်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



ဂျပန်ဝန်ကြီးချုပ်က တရုတ်သမ္မတနှင့် အေပက်အစည်းအဝေးတွင် တွေ့ဆုံရန် ဆန္ဒရှိ

တိုကျို ဇူလိုင် ၁၄

နှစ်နိုင်ငံအကြား ဆက်ဆံရေး ယိုယွင်းလာခြင်းကို ပြန်လည်ကောင်းမွန်လာစေရေးအတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ယခုနှစ်ပိုင်းတွင် တွေ့ဆုံဆွေးနွေးနိုင်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောသည်။

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်(အေပက်) အစည်းအဝေးကို နိုဝင်ဘာတွင် ကျင်းပဖွယ်ရာ ရှိကြောင်း အာဘေးက ပြောသည်။

ဂျပန်လွှတ်တော်၌ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးအခြေအနေကို ပြောကြားရာတွင် ပီကင်းမြို့၌ အေပက်အစည်း အဝေးကျင်းပစဉ် သမ္မတရှီနှင့် တွေ့ဆုံဆွေးနွေးရန်ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။

အာဘေးက ဆွေးနွေးပွဲအတွက် အစဉ်အမြဲတံခါးဖွင့်ထားကြောင်း၊ တရုတ်နိုင်ငံဘက်မှလည်း အလားတူ သဘောထားမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အိမ်နီးချင်းနှစ်နိုင်ငံအကြား ကြီးမားသောကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းဆက်သွယ်မှုရှိသည်ဖြစ်ရာ ယင်းတို့သည် ရှောင်ထွက်၍မရနိုင်သော ဆက်နွှယ်မှုများဖြစ်သည်ဟု အာဘေးက ထောက်ပြသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယအကြိမ်မြောက် ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ကတည်းက တရုတ်သမ္မတနှင့် နှစ်ကိုယ်ချင်း တရားဝင်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ခြင်း မရှိခဲ့သေးပေ။ **အေဘီစီအွန်လိုင်း။**

ဇူလိုင် ၈ ရက်က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရောက်ရှိခဲ့သည့် မှတ်တမ်းပုံ။

အစွန်းရောက်စစ်သွေးကြွများနှင့် တိုက်ခိုက်နေသော ကာ့ဒ်တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် စစ်သွေးကြွများ ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ တိုက်ခိုက်နေ

ဒမတ်စကတ် ဇူလိုင် ၁၄

ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ကာ့ဒ်တိုက်ခိုက်ရေး သမားများနှင့် အစွန်းရောက်စစ်သွေးကြွ အုပ်စုတစ်စု အကြား ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် အစွန်းရောက် စစ်သွေးကြွများအကြား လွန်ခဲ့သည့်နှစ်မှစ၍ အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့သည်။

အိမ်နီးချင်း အီရတ်နိုင်ငံ၌ အစိုးရတပ်ဖွဲ့များထံမှ မကြာမီကသိမ်းပိုက်ရရှိခဲ့သော လက်နက်များကိုအသုံးပြု၍ အစွန်းရောက်စစ်သွေးကြွအုပ်စုက အရှိန်အဟုန်မြှင့်တင်၍ တိုက်ခိုက်မှုများပြုလုပ်လာသည်။

ကိုဘာနီဒေသ၌ တိုက်ပွဲများ ဖြစ်ပွားနေကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးလေ့လာ စောင့်ကြည့်ရေးအဖွဲ့နှင့် တူရကီနိုင်ငံအခြေစိုက် ကာ့ဒ်လူ့အခွင့်အရေးလှုပ်ရှားသူ မူစတာဖာအော်ဆိုက ပြောကြားသည်။

ဆီးရီးယားနှင့် အီရတ်ဆိုင်ရာ အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအုပ်စုမှ စစ်သွေးကြွများသည် ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် တိုက်ခိုက်ခဲ့ကြောင်း၊ ကာ့ဒ်တိုက်ခိုက်ရေး သမား ၁၂ ဦး ပျောက်ဆုံးနေကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

ဗျူနိုအေရီတွင် ရဲတပ်ဖွဲ့နှင့် အဓိကရုဏ်းသမားများအကြား တိုက်ခိုက်မှုဖြစ်ပွား

ဗျူနိုအေရီ ဇူလိုင် ၁၄

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီအသင်းက အာဂျင်တီးနားအသင်းကို အနိုင်ရပြီး နောက် အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေရီတွင် အဓိကရုဏ်းများဖြစ်ပွားခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၁၃ရက်တွင် ထောင်ပေါင်းများစွာသော အာဂျင်တီးနားပြည်သူများသည် ဗျူနိုအေရီမြို့လယ်မှ အော်ဘယ်လစ်အထိမ်းအမှတ်ရင်ပြင်တွင် စုဝေးကြပြီး ဗိုလ်လုပွဲရလဒ်ကို စုဝေးစောင့်မျှော်ခဲ့ကြသည်။

သို့သော် ယင်းနေ့ ညနေနှောင်းပိုင်း၌ ဒေါသထွက်နေ ကြသည့် ဒါဇင်နှင့်ချီသော လူငယ်များက လုံခြုံရေးတပ်ဖွဲ့ များအား ကျောက်ခဲများနှင့်ပစ်ပေါက်ခဲ့ပြီး စတိုးဆိုင်များကို ဖျက်ဆီးခဲ့ကြသည်။

ယင်းဖြစ်စဉ်တွင် အဓိကရုဏ်းဖန်တီးသူ ၅၀ ကို ဖမ်းဆီးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းအဓိကရုဏ်းလူအုပ်စုအား ဖြိုခွင်းရန် အာဂျင်တီးနားရဲအဖွဲ့က မျက်ရည်ယိုဗုံးများပစ်ခတ်ခြင်း၊ ရော်ဘာကျည်များဖြင့် ပစ်ခတ်ခြင်းအပြင် မီးသတ်ရေပိုက်များဖြင့် ဖျန်းပက်ကာ လူစုခွဲခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ရုရှားနယ်မြေအတွင်း ယူကရိန်းကျည် ကျရောက်ပေါက်ကွဲ ဆွေးနွေးပွဲများပြန်လည်ကျင်းပရန် ရုရှားနှင့်ဂျာမနီ တောင်းဆို

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၄

သမ္မတဗလာဒီမာပူတင်၏ အစိုးရအဖွဲ့သည် ၎င်း၏ အချုပ်အခြာ ပိုင်နက်နယ်မြေအတွင်းသို့ ယူကရိန်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ လူတစ်ဦး သေဆုံးရခြင်းအတွက် ပြင်းထန်စွာရှုတ်ချစဉ် ရုရှားနှင့် ဂျာမနီတို့က ယူကရိန်းပြဿနာဖြေရှင်းသည့် ဆွေးနွေး ပွဲများ ပြန်လည်ကျင်းပရန် တောင်းဆိုခဲ့ကြသည်။

ပူတင်နှင့် ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်တို့ သည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြရာ နိုင်ငံတကာ ကိုယ်စားလှယ်များ သည် ဖြစ်နိုင်သမျှ မြန်ဆန်စွာ တွေ့ဆုံကြရန် သဘောတူ ညီခဲ့ကြကြောင်း၊ ဗီဒီယိုမှတစ်ဆင့် ဖြစ်ဖွယ်ရာရှိကြောင်း ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပီးစကော့ဗ်က ပြောသည်။

အဆိုပါယူကရိန်းဆက်သွယ်ရေးအုပ်စုဟု ခေါ်သော နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့သည် အပစ်အခတ် ရပ်စဲရေးကို နှစ်ဖက်လုံးက ဖောက်ဖျက်ခြင်း မရှိစေရန် ဆောင်ရွက်၍ လေ့လာစောင့်ကြည့်ခြင်းကို စတင် လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း ပီးစကော့ဗ်က ပြောသည်။

သမ္မတပီထရို ပိုရိုရှင်ကိုက အပစ်အခတ်ရပ်စဲခြင်းကို ဇူလိုင် ၁ ရက်တွင် ရပ်ဆိုင်းလိုက်ပြီးနောက် ယူကရိန်းအစိုးရ တပ်များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများ အကြား တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။

ရုရှားနိုင်ငံ ရော့စတော့တောင်ပိုင်းဒေသအတွင်း၌ ယူကရိန်းတပ်မတော်၏ လက်နက်ကြီးကျည်ကျရောက် ပေါက်ကွဲသဖြင့် လူတစ်ဦး သေဆုံးခဲ့ရသည်ဟု နိုင်ငံခြား ရေးဝန်ကြီးဌာနက ကြေညာခဲ့ပြီးနောက် ရုရှားနိုင်ငံက ပြုပြင်မရနိုင်သော နောက်ဆက်တွဲ အကျိုးဆက်များဖြစ်ပေါ် လာမည်ဟု သတိပေးချိန်မှာ ပူတင်နှင့်မာကဲလ်တို့ တွေ့ဆုံ ခဲ့ကြခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံက ၎င်း၏တပ်ဖွဲ့သည် ရုရှားပိုင်နက် အတွင်းသို့ ပစ်ခတ်ခြင်းမရှိခဲ့ကြောင်း၊ အဆိုပါပြဿနာကို စုံစမ်းစစ်ဆေးရာတွင် ကူညီရန်အသင့်ရှိကြောင်း ပြောကြား ခဲ့သည်။

ပူတင်နှင့်မာကဲလ် တွေ့ဆုံခဲ့ကြပြီးနောက် ယူကရိန်း နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် ကံအကြောင်းမလှ ပို၍ပို၍ ဆိုးရွားလာရခြင်းဖြစ်သည်ဟု ခေါင်းဆောင် နှစ်ဦးက သဘောထားအမြင်တူညီကြကြောင်း ပီးစကော့ဗ် က သတင်းထောက်များကို ပြောကြားခဲ့သည်။

ရုရှားခေါင်းဆောင်က ယူကရိန်းတပ်ဖွဲ့၏ ထိုးစစ် ဆက်လက် ဆင်နွှဲနေခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း၊ လက်နက်ကြီးကျရောက်၍ ရုရှားနိုင်ငံသားတစ်ဦး သေဆုံး ရခြင်းကို ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်ဟု ပီးစကော့ဗ်က ပြောသည်။

ယူကရိန်းဆက်သွယ်ရေးအုပ်စုတွင် ရုရှား၊ ယူကရိန်း၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ယူကရိန်းနိုင်ငံ အရှေ့ပိုင်းမှ ၎င်းတို့ကိုယ် ၎င်းတို့ ကြေညာ ထားသော သမ္မတ နှစ်နိုင်ငံတို့ ပါဝင်သည်။ **ဘလွန်းဘတ်။**

မြို့တော်ဖနောင်ပင် ဆင်ခြေဖုံး၌ စစ်ရဟတ်ယာဉ် ပျက်ကျ

ဖနောင်ပင် ဇူလိုင် ၁၄

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင် ဆင်ခြေဖုံး၌ ဇူလိုင် ၁၄ ရက်က လေ့ကျင့်ပျံသန်းနေသော စစ်ရဟတ်ယာဉ် တစ်စင်းပျက်ကျမှုဖြစ်ပွားရာ စစ်သည်လေးဦးသေဆုံး ပြီး တစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မြို့တော်ဖနောင်ပင်မှ ၁၀ ကီလိုမီတာခန့်အကွာ ပရေးဆာကျေးရွာဝေဟင်၌ စစ်ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည်။ စစ်ရဟတ်ယာဉ်သည် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ဝေဟင်အတွင်းပေါက်ကွဲ ခဲ့ပြီးနောက် ယင်းကျေးရွာရှိ ရေပြည့်နေသော ကျောက် ကျင်းတစ်ခုပေါ်သို့ ပျက်ကျခဲ့သည်။

စစ်ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ၊ စစ်သည်များနှင့် ရေငုပ်သမားများ ပါဝင်သော ကယ်ဆယ်ရေးအဖွဲ့က ရုပ်အလောင်းများကို ရှာဖွေခဲ့ကြောင်း၊ စစ်ရဟတ်ယာဉ်ပျက်ကျရမှုနှင့်ပတ်သက် ၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး တေဘန်းက ပြောကြားသည်။ **ဆင်ဟွာ။**

ဗျူနိုအေရီ၌ ဆူပူအကြမ်းဖက်သူများကို အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့က လူစုခွဲစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် နည်းပြသင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၁၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှု ဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ ဝန်ထမ်းလူငယ်များအတွက်နည်းပြ သင်တန်း (၈/၂၀၁၄)ဖွင့်ပွဲတို့သို့ တက်ရောက်အမှာစကားပြောကြား သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက အသိအမှတ်ပြုထားသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်း စုစုပေါင်း ၁၃၁၆ ခုကို နှစ်စဉ်ငွေကြေး နှင့် နည်းပညာများထောက်ပံ့ပေးလျက် ရှိပြီး ယနေ့အခမ်းအနားတွင် ရန်ကုန် တောင်ပိုင်းခရိုင်အတွင်းရှိ ဘိုးဘွား ရိပ်သာနှင့် ပရဟိတဂေဟာ ၁၄ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း ရှစ်ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၇၀၂ ဒသမ ၇၃ သိန်း ပေးအပ်ခဲ့သည်။

နည်းပြသင်တန်း (၈/၂၀၁၄)ကို ယနေ့မှစတင်၍ ရက်သတ္တတစ်ပတ် ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး လူမှု ဝန်ထမ်းနည်းစနစ်များ၊ ရပ်ရွာအခြေ ပြုကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ ကလေးသူငယ် ကြီးကြပ် ရေးလုပ်ငန်းနှင့် တာဝန်များ၊ လူငယ် ထုနှင့် ရပ်ရွာလူမှုရေးလုပ်ငန်းများ၊ လူငယ်နှင့်မျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများအပြင် လူငယ်များနှင့် ဆက်စပ်သည့် ဘာသာရပ်များကို သင်တန်းတွင်ပို့ချသွားမည်ဟု သိရ သည်။

ယင်းသင်တန်းကို ဘေးအဖြစ်များ သော ဒေသများတွင် သဘာဝဘေး အန္တရာယ်များ တုံ့ပြန်နိုင်သော စွမ်းအားစုတစ်ရပ်အနေဖြင့် သဘာဝ ဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ဦးစီးဆောင်ရွက် နိုင်သော လူငယ်များ အမြဲအဆင်သင့် ဖြစ်နေစေရန် ရည်ရွယ်၍ ဤသင်တန်း ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းသင်တန်းများကို ဧရာဝတီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ပဲခူးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး တို့တွင် (၇)ကြိမ်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယနေ့ဖွင့်လှစ်သည့်သင်တန်းသို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပရဟိတ လုပ်ငန်းဆောင်ရွက်လျက်ရှိသော လူငယ် ၁၀၀ ခန့် တက်ရောက်ကြ သည်။

ယနေ့အခမ်းအနားသို့ ရန်ကုန် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်မှတာဝန်ရှိသူများ၊ ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာ ကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။**(သတင်းစဉ်)**

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

အမေရိကန်ဒေါ်လာတစ်သန်းတန်ဖိုးရှိ ဓာတ်ခွဲခန်းပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၁၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီး ဌာနအောက်ရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်သို့ ဂျပန်နိုင်ငံအစိုးရ၏ အစီအစဉ်ဖြင့် ဂျပန်အာဆီယံပူးပေါင်း ဆောင်ရွက်ရေးရန်ပုံငွေ (JAIF) မှ ထောက်ပံ့ပေးအပ်သည့် အမေရိကန် ဒေါ်လာ တစ်သန်းတန်ဖိုးရှိ ဓာတ်ခွဲခန်း ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်း အနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပ သည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi Higuchi နှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (မြန်မာနိုင်ငံရုံးခွဲ)မှ ဌာနေကိုယ်စားလှယ် Mr. Masahiko Tanakaနှင့် တာဝန်ရှိသူများ၊ အဆင့်မြင့် အင်ဂျင်နီယာပညာရေးကဏ္ဍ အဆင့် မြှင့်တင်ရေး စီမံကိန်းပညာရှင်များ၊ JICA မှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က အဖွင့် အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi Higuchi က မြန်မာနိုင်ငံ၏ အဆင့်မြင့် အင်ဂျင်နီယာပညာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အစိုးရ၏ ကူညီထောက်ပံ့ပေးမှုအခြေ အနေများကို ရှင်းလင်းပြောကြား သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနနှင့် ဂျပန်နိုင်ငံအစိုးရတို့ ညှိနှိုင်း မှုဖြင့် ၂၀၁၂ ခုနှစ် မေလမှစတင်၍ Up graduation of Research Facilities, Laboratories and Equipment for the Yangon Technological University in the Republic of the Union of Myanmar စီမံကိန်းကို ဂျပန် အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (Japan Asean Integrated Fund: JAIF) ဖြင့် ရန်ကုန်နည်းပညာ တက္ကသိုလ်ရှိ ဘာသာရပ်ဌာန အသီးသီးသို့ ဓာတ်ခွဲခန်းပစ္စည်းများ အဆင့်မြှင့်တင်ဖြည့်ဆည်းပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ပြီး စီမံကိန်းအရ ထောက်ပံ့ပေး အပ်မည့် အမေရိကန်ဒေါ်လာ တစ်သန်းနှင့် တန်ဖိုးညီမျှသော ဓာတ်ခွဲခန်းပစ္စည်း ၁၁၀ မျိုး လက်ခံ ရရှိပြီးဖြစ်သဖြင့် ရန်ကုန်နည်းပညာ တက္ကသိုလ်ရှိ အင်ဂျင်နီယာပညာရပ် ဌာန ၁၁ ခုတွင် တပ်ဆင်ပြီးဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာ ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးကြိုးပမ်း မှုများတွင် ဂျပန်နိုင်ငံအစိုးရက ထောက်ပံ့ကူညီလျက်ရှိရာ ရန်ကုန် နည်းပညာတက္ကသိုလ်တွင် ဓာတ်ခွဲခန်း ပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် စီမံကိန်းအပြင် ဆောင်ရွက်ဆဲဖြစ် သည့် အင်ဂျင်နီယာပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက် မှုစီမံကိန်း Project on Enhancement of Engineering Higher Education in Myanmar ကို ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ငါးနှစ်စီမံကိန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘွဲ့ကြိုသင်တန်းများ ပြန်လည် ဖွင့်လှစ်ခဲ့ပြီး ဘွဲ့လွန်သင်တန်းများကို လည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။ ယခုအခါ ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် သင်တန်းစုစုပေါင်း ၅၇ မျိုး ဖွင့်လှစ်ပို့ချလျက်ရှိပြီး အဆိုပါ သင်တန်းများ အရည်အသွေးပြည့်မီစွာ သင်ကြား ပို့ချနိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရန်ကုန် နည်းပညာတက္ကသိုလ်က ဘက်စုံ အားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့ပြပို့ဆောင်ရေးပုံပြင် (၂)

မောင်ပြည်အေး

နိုင်ငံတကာမြို့တော်တွေ၌ ယာဉ်ကျပ်တဲ့နေရာတွေမှာ ကိုယ်ပိုင်ကား မစီးကြဘဲ ရထားတွေ၊ ဘတ်စ်ကားတွေစီးကြဖို့၊ အခြားနည်းတွေနဲ့ သွားကြဖို့ နည်းလမ်းမျိုးစုံလုပ်ကြပါတယ်။ car-pooling ဆိုတဲ့ ကားတစ်စီးထဲကို နီးစပ်ရာနှစ်ဦး၊ သုံးဦးပေါင်းစီးကြဖို့ စီမံချက်တွေလုပ်တယ်၊ စည်းရုံးကြတယ်။ car-sharing ဆိုတာကတော့ ကိုယ်ပိုင်ကားသဖွယ်သုံးနိုင်တဲ့ ကားငှားစနစ်ပါပဲ။ park and ride ဆိုတဲ့ စီးလာတဲ့ ကား၊ ဆိုင်ကယ်ကို ဘူတာရုံမှာရှိတဲ့ စိတ်ချလုံခြုံစွာထားနိုင်တဲ့ ရပ်နားနေရာတွေမှာထားပြီး ရထားစီးသွား၊ အပြန်ကျမှ ပြန်စီးစေတဲ့စနစ်လည်းလုပ်ကြတယ်။ အဲဒီလိုလုပ်အောင်လည်း park and ride အတွက် သက်သာတဲ့နှုန်းတွေနဲ့ စွဲဆောင်ကြတာပေ့ါ။ ဥပမာ ကျွန်တော်တို့ဆီမှာဆို အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်းတို့လို ဘူတာမျိုးတွေမှာ ရှိသင့်တာပေ့ါ။ လမ်းအသုံးပြုခွင့်ကို ဦးစားပေးခြင်းက ဘတ်စ်ကားကို လူကြိုက်များအောင် လုပ်တာပါပဲ။ ဘတ်စ်ကားနဲ့သွားခြင်းက ကိုယ်ပိုင်ကားနဲ့ သွားတာထက် ပိုမြန်ပြီဆိုရင် စီးကြပါလို့ပြောဖို့မလိုတော့ဘူးပေ့ါ။ ဦးစားပေးအဆင့်အမြင့်ဆုံးကတော့ BRT လို့ခေါ်ကြတဲ့ Bus Rapid Transit ကို အကောင်အထည်ဖော်ခြင်းပါပဲ။ MRT (Mass Rapid Transit) လို့ ပြောကြတဲ့ မြို့ပြရထားက ပိုပြီးများများသယ်ပို့နိုင်တယ်ဆိုပေမယ့် လမ်းဖောက်ခြင်း၊ ပြေးဆွဲခြင်းတွေမှာ ရထားထက် ကုန်ကျစရိတ်များစွာ သက်သာတဲ့ BRT ကို ဦးစားပေးလုပ်ဆောင်ကြတာဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်ကပြုလုပ်တဲ့ အမေရိကန်နိုင်ငံရဲ့ လေ့လာမှုတစ်ခုအရ BRT ဘတ်စ်ကားလမ်းတစ်မိုင်အတွက် ရင်းနှီးမြှုပ်နှံမှုပျမ်းမျှကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ သန်းဖြစ်ပြီး LRT (Light Rail Transit) ရထားလမ်း တစ်မိုင်က အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၈ သန်းဖြစ်တယ်လို့ ဆိုပါတယ်။ BRT စနစ်က အခြေခံလိုအပ်ချက်တွေ ရှိပါတယ်။ သီးသန့်ဘတ်စ်ကားလမ်းပေးရပါမယ်။ ရထားလို ဘူတာရုံရှိရပါမယ်။ မြေအောက်ရထားတွေလို ဘူတာအဝင်မှာပဲ လက်မှတ်ခကောက်နိုင်ရပါမယ်။ ကားကြမ်းပြင်နဲ့ ပလက်ဖောင်းတစ်ညီထဲဖြစ်တဲ့ သီးသန့်ကားတွေ ဖြစ်ရပါမယ်။ လမ်းဆုံတွေမှာ BRT ဘတ်စ်ကားက ဦးစားပေးပြေးနိုင်ရပါမယ်။ ဒါကြောင့် လုံလောက်တဲ့လမ်းအကျယ်ရှိဖို့နဲ့ လက်မှတ်အတွက်၊ အချက်ပြတွေအတွက်၊ သတင်းအချက်အလက်ရရှိဖို့အတွက် နည်းပညာတွေလိုလာပြီဖြစ်ပါတယ်။ BRT တစ်ခုတည်း လမ်းပေါ်ကောင်းကောင်းပြေးပြီး ကျန်ကားတွေပြေးစရာလမ်းမရှိရင်လည်း မအောင်မြင်နိုင်ပါဘူး။ ဒါကြောင့် အချိန်ယူဖို့လိုပါတယ်။ ချက်ချင်းထလုပ်လို့ဖြစ်တာမဟုတ်ပါဘူး။ BRT စနစ်ရဲ့ အစိတ်အပိုင်းအဖြစ် သူများတွေလုပ်ကြတဲ့ ဖြစ်နိုင်တဲ့နည်းလမ်းလေးတွေကို တင်ပြချင်ပါတယ်။ အဲဒါကတော့ ဘတ်စ်ကားသီးသန့်လမ်း (Bus lane)၊ လူအများတင်ဆောင်လာတဲ့ယာဉ်တွေ ဦးစားပေးတဲ့လမ်း (High Occupancy Vehicle - HOV lane) သတ်မှတ်ခွင့်ပြုကြခြင်းပါပဲ။

> **လက်ရှိအခြေအနေမှာတော့ ဘာစည်းကမ်းပဲ လုပ်လုပ် အာဏာတည်အောင်၊ စည်းကမ်းမဖောက်ရဲအောင် မလုပ်နိုင်တာက ကျွန်တော်တို့ရဲ့ အဓိကကျတဲ့ အားနည်းချက်ဖြစ်နေ။**
>
> **အခု ယာဉ်မရပ်ရ နေရာတွေသတ်မှတ်ပြီး အရေးယူနေတာတွေ ကောင်းပါတယ်။ လမ်းတွေကို အပြည့်သုံးနိုင်ဖို့က အလွန်အရေးကြီးပါတယ်။**

HOV lane ဆိုတာကတော့ သတ်မှတ်လူဦးရေနဲ့ အထက်ပါလာတဲ့ ယာဉ်ကိုမှ တက်ခွင့်ပြုတဲ့ လမ်းမျိုးပေ့ါ။ ကျွန်တော်တို့ဆီမှာ စောင့်ကြည့်နိုင်ဖို့ ခက်ခဲတာမို့ လုပ်ဖို့ခက်မယ်ထင်ပါတယ်။ဘတ်စ်ကားသီးသန့်လမ်းကို စဉ်းစားကြည့်မိပါတယ်။ လက်ရှိသုံးလမ်းသွားကိုပဲ သူများတွေလည်း လုပ်ကြတာဖြစ်ပါတယ်။ စင်ကာပူမှာဆိုရင် လက်ရှိသုံးနေတဲ့ အစွန်လမ်းကို အဝါလိုင်းအထူတစ်ကြောင်းတားထားတာက အချိန်ပိုင်းဘတ်စ်ကားလမ်းဖြစ်ပြီး အဝါလိုင်းနဲ့အပြိုင် အနီလိုင်းတစ်ခုထပ်တားထားရင် အမြဲတမ်းဘတ်စ်ကားလမ်းဖြစ်ပါတယ်။ အဖြစ်နိုင်ဆုံးကတော့ ယာဉ်ကြောကျပ်တဲ့ အချိန်တွေမှာ အချိန်ပိုင်းအလိုက် နေရာတွေရွေးချယ်ပြီး ဘတ်စ်ကားတွေပဲသွားနိုင်ဖို့ သတ်မှတ်ပေးရင် ဘတ်စ်ကားတွေ ပိုမြန်သွားမယ်ထင်ပါတယ်။ လမ်းသုံးလမ်းစလုံးအပြည့်သုံးနိုင်ဖို့နဲ့ ကားတစ်စီးနဲ့တစ်စီး အတင်းကျော်တက်မနေရအောင်လည်း လိုင်းအလိုက် ယာဉ်အရေအတွက်တွေ၊ မှတ်တိုင်အလိုက် ရောက်ရမယ့်အချိန်တွေကို ပြန်လည်စီစဉ်ဖို့လည်း လိုမယ်ထင်ပါတယ်။ နောက်ပြီး ဘတ်စ်ကားမှတ်တိုင်တွေဟာ သူများတွေဆီမှာတော့ အတွင်းကို ချိုင့်ဝင်ပြီး Bus bay ထဲဝင်ရပ်တဲ့အတွက် ဘတ်စ်ကားရပ်နေလို့ အခြားကားတွေကို အနှောင့်အယှက်မဖြစ်ပါဘူး။ ဒီမှာက ချိုင့်မဝင်တဲ့အပြင် လမ်းမပေါ်မှာပဲနှစ်ထပ်ရပ်ကြ၊ ကားခေါင်းကြီးတွေ အပြင်ကိုဆွဲထုတ်ထားကြတော့ လမ်းသုံးလမ်းက ဘတ်စ်ကားတွေနဲ့ပဲ ပြည့်နေတော့တာပါပဲ။ ဒါ့အပြင် သူများတွေဆီမှာ ဘတ်စ်ကားတွေ မှတ်တိုင်ထဲကနေ ထွက်လာရင် အခြားကားတွေက ဘတ်စ်ကားကို ဦးစားပေးပြီး ထွက်စေဖို့သတ်မှတ်ထားပါတယ်။ အချို့နေရာတွေမှာဆိုရင် ထွက်လာတဲ့ဘတ်စ်ကားကို လွတ်လပ်စွာထွက်သွားနိုင်ဖို့ အခြားကားက လမ်းပေါ်မှာ ရပ်ကိုစောင့်ပေးရမယ်ဆိုတဲ့ မဖြစ်မနေလိုက်နာရမယ့် Give Way to Buses Existing နဲ့ သတ်မှတ်ထားပါတယ်။ ဖောက်ဖျက်ရင် အပြစ်ကြီးပါတယ်။ မီးပွိုင့်မှာစထွက်ရင် မီးစိမ်းထဲမှာ B ဆိုတဲ့စာလုံးနဲ့ ဘတ်စ်ကားကို ဦးစွာထွက်နိုင်အောင် လုပ်ပေးတာလည်းတွေ့ပါတယ်။ ဆိုလိုတာကတော့ ဘတ်စ်ကားတွေ လမ်းအသုံးပြုခွင့်ကို စနစ်တကျနဲ့ ဦးစားပေးဖို့ကိုယ့်နည်းကိုယ့်ဟန်နဲ့ မဖြစ်မနေလုပ်ရမယ်လို့ ပြောချင်တာပါပဲ။ သူတို့ စည်းကမ်းဖောက်ရင်လည်း ပြင်းပြင်းထန်ထန် အရေးယူရပါမယ်။

လက်ရှိအခြေအနေမှာတော့ ဘာစည်းကမ်းပဲလုပ်လုပ် အာဏာတည်အောင်၊ စည်းကမ်းမဖောက်ရဲအောင် မလုပ်နိုင်တာက ကျွန်တော်တို့ရဲ့ အဓိကကျတဲ့ အားနည်းချက်ဖြစ်နေပါတယ်။ သူများတွေဆီမှာက စည်းကမ်းဖောက်တာတွေကို နည်းပညာတွေနဲ့ထိန်းကြတယ်။ ကျွန်တော်တို့က နည်းပညာအားနည်းနေသေးတော့ လူများများနဲ့ထိန်းရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်ထိန်းရဲအင်အားတွေ တိုးဖို့လုပ်နေကြတာကောင်းပါတယ်။ ဆိတ်ကွယ်ရာ မရှိဖို့ကတော့ ပြည်သူ့အားကိုလည်း ယူသင့်တယ်ထင်ပါတယ်။ စင်ကာပူမှာ snap and send ဆိုတာလုပ်တယ်။ လမ်းပေါ်မှာဖြစ်တဲ့ ထူးခြားဖြစ်စဉ်ကို ဦးဆုံးတွေ့တဲ့လူက ဓာတ်ပုံရိုက်ပြီး ပေးထားတဲ့အင်တာနက်လိပ်စာအတိုင်း ပို့ပေးလိုက်တာပါပဲ။ အခု ကျွန်တော်တို့လည်း လုပ်နိုင်နေပြီလေ။ လူတိုင်းနီးပါး ဖုန်းကိုင်နိုင်၊ အင်တာနက်သုံးနိုင်နေကြပါပြီ။ စည်းကမ်းဖောက်နေတဲ့ကားကို ဓာတ်ပုံရိုက်၊ နေရာလေးဖော်ပြပြီးပို့ပေးဖို့ စီစဉ်ပေးနိုင်ရင် သိပ်ကောင်းမှာပါပဲ။ အချို့ကားတွေလုပ်ပုံက စည်းကမ်းအတိုင်းမောင်းနေတဲ့ လူတွေကို စော်ကားရာရောက်တာတွေအများကြီးပါ။ ယာဉ်ထိန်းမရှိတဲ့နေရာတွေဆို ပိုဆိုးတာဖြစ်ပါတယ်။ စိစစ်ပြီးအရေးယူပေ့ါ။ အခု ဒီဆောင်းပါးရေးနေစဉ်မှာပဲ သတင်းစာထဲမှာ "ရန်ကုန်၌ ယာဉ်ကြောကျပ်နေရာများအား ယာဉ်ထိန်း ၅၀၀ ဖြင့် ပုံသေရှင်းလင်းသွားမည်"၊ "ယာဉ်စည်းကမ်းချိုးဖောက်သူများအား အွန်လိုင်းမှတစ်ဆင့် တိုင်ကြားနိုင်ပြီ"ဆိုတဲ့ သတင်းတွေဖတ်ရပါတယ်။ ကြိုဆိုပါတယ်။ ယာဉ်ထိန်းရဲတွေလည်း စမတ်ကျစေချင်ပါတယ်။ နေပူမိုးရွာမရှောင် တာဝန်ထမ်းရသူတွေဖြစ်လို့ ဘယ်လိုနည်းနဲ့ ခံစားခွင့်အပိုများပေးနိုင်မလဲ စဉ်းစားဖို့ကောင်းပါတယ်။ အူမနည်းနည်းတောင့်စေချင်တာပါ။ ဌာနဆိုင်ရာအကြီးအကဲတွေကို မှတ်တမ်းစာအုပ်လေးတွေပေးထားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်တာတွေ သတင်းပို့ပေးနိုင်ဖို့ အရင်ကလုပ်ခဲ့ဖူးပါတယ်။ အခု ယာဉ်မရပ်ရ နေရာတွေသတ်မှတ်ပြီး အရေးယူနေတာတွေကောင်းပါတယ်။ လမ်းတွေကို အပြည့်သုံးနိုင်ဖို့က အလွန်အရေးကြီးပါတယ်။

အထက်မှာတင်ပြခဲ့သလို ကောင်းတဲ့စနစ်က ရွေးချယ်ခွင့်ရှိရပါမယ်။ ဒီမှာမရပ်ရရင် ဘယ်မှာရပ်ရမလဲဆိုတဲ့ မေးခွန်းကို ကျွန်တော်တို့ ဖြေနိုင်အောင် လုပ်ကြရပါမယ်။ ဝိုင်းလုပ်ကြရပါမယ်။ ဆက်စပ်လုပ်ကြရပါမယ်။ ပေါင်းလုပ်ကြရပါမယ်။ အခုဖြစ်နေတာက မြို့ပြပို့ဆောင်ရေးနဲ့ ပါဝင်ပတ်သက်သူတွေက များလှပါတယ်။ ယာဉ်မောင်းလိုင်စင်ထုတ်ပေးတာက ကညန၊ လုပ်ငန်းလိုင်စင်ထုတ်ပေးတာက ပစန(မီးရထား)။ ရထားပြေးတာက ရထားဝန်ကြီးဌာန။ လမ်းဖောက်တာက ဆောက်လုပ်ရေး၊ မြို့တော်စည်ပင်။ ယာဉ်ထိန်းရဲက ပြည်ထဲရေး။ ယာဉ်ရပ်နားနေရာတွေက စည်ပင်သာယာ။ ကားပြေးတာက ပုဂ္ဂလိက။ ထိန်းသိမ်းတာက မထသ။ အိမ်ရာတွေဆောက်လုပ်တာက အိုးအိမ် (ဆောက်လုပ်ရေး)။ ပါဝင်ပတ်သက်သူတွေများလွန်းတာကြောင့် ထိရောက်အောင် ညှိနှိုင်းပေးနိုင်ဖို့လိုပါတယ်။ စနစ်ကို သီးသန့်တာဝန်ယူထားတဲ့ အဖွဲ့အစည်း ရယ်လို့လည်းမရှိ။ ကားသမားကလည်း ရထားကိုချိတ်ဖို့ မစဉ်းစားခဲ့ဘူး၊ ရထားသမားကလည်း ကားနဲ့ပေါင်းမှလို့ မစဉ်းစားခဲ့ဘူး၊ ဥပမာ၊ အဝေးပြေးကားဝင်းကြီးက မြို့ပတ်ဘူတာတွေနဲ့ မနီးမဝေးပါ။ ဒါပေမယ့် ကားပေါ်က ဆင်းပြီး ရထားပေါ်တက်နိုင်တဲ့ အကွာအဝေးမှာ မရှိဘူး၊ သန့်သန့်လေး စဉ်းစားခဲ့ကြတော့၊ သပ်သပ်ကလေးစီဖြစ်ပြီး ရထားမှာလည်း လူမရှိ၊ အဝေးပြေးကားပေါ်ကဆင်းတဲ့ လူတွေရဲ့ ဒုက္ခတွေကလည်း ကြားလို့ မဆုံးပါပဲ။ အဝေးပြေးကားပေါ်ကဆင်း မြို့ပတ်ရထားပေါ် စုပြုံတိုးတက်ပြီး ငွေနှစ်ရာ၊ သုံးရာလောက်နဲ့ ရန်ကုန်ဘူတာကြီးနဲ့ နီးစပ်ရာ ဘူတာတွေ ရောက်ရင် မကောင်းဘူးလား။ သူများတွေဆီမှာ အဲဒီလိုဖြစ်အောင်ကို အထူးတလည်လုပ်နေကြတာပါ။ ကျွန်တော်တို့မှာ ကံကောင်းစွာနဲ့ ရန်ကုန်ဘူတာကြီးက ရန်ကုန်မြို့လယ်မှာ ရှိနေပါသေးတယ်။ ဆင်ခြေဖုံးဘူတာတွေအနီးမှာ ဂိတ်ဆုံးတဲ့ ခေါက်တိုဘတ်စ်ကားတွေ (Feeder buses) ရှိသင့်ပါတယ်။ ဥပမာ အင်းစိန်၊ မင်္ဂလာဒုံ၊ သဃ်န်းကျွန်းစသည်ပေ့ါ။ ဖြစ်နိုင်ရင် လက်မှတ်တစ်မျိုးတည်းနဲ့ ကားနဲ့ရထား ပေါင်းပြီးစီးလို့ရတဲ့၊ တစ်ခုစီစီးခြင်းထက် ပိုသက်သာတဲ့ လက်မှတ်လုပ်ပေးနိုင်ရင် အလွန်ကောင်းတာပေ့ါ။ ခေါက်တိုကားက နေ့တွက်မကိုက်တော့ ဘယ်လိုလုပ်နိုင်မလဲ။

အထက်မှာ ပြောခဲ့သလို Park and ride လုပ်ချင်တော့ မြေနေရာ ဘယ်လိုပေးမှာလဲ။ ကားလမ်းပေါ် ကျူးနေကြတာတွေ ဘယ်လိုရှင်းပေးမှာလဲ။ ဝန်ကြီးဌာနများစွာနဲ့ တိုင်းဒေသကြီးအစိုးရ၊ မြို့တော်စည်ပင်စသည် ပါဝင်ပတ်သက်မှုတွေကို မြို့ပြပို့ဆောင်ရေးရှုထောင့်ကကြည့်ပြီး တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုပါတယ်။ မြို့ပြပို့ဆောင်ရေးဆိုတာ အရောင်းအဝယ်ပစ္စည်း မဟုတ်ပါဘူး။ အများပြည်သူနဲ့ဆိုင်တဲ့ပစ္စည်း (Public goods) ဖြစ်ပါတယ်။ အများပြည်သူတွေရဲ့ သက်သာချောင်ချိမှုကို ဦးတည်ရမှာ ဖြစ်ပါတယ်။ ကိုယ်ရကိုယ်ယူစနစ်နဲ့ ထားလို့မရဘဲ နိုင်ငံတော်က ပါဝင်ထောက်ပံ့ပေးရမှာဖြစ်ပါတယ်။ ပါဝင်ပတ်သက်သူတွေ (stake holders) များတဲ့ လုပ်ငန်းကြီးကို စနစ်တကျဖြစ်အောင် ကွပ်ကဲနိုင်ဖို့ ကြားခံလိုအပ်ပါတယ်။ အဲဒါကတော့ သူများတွေဆီမှာ Land Transport Authority Urban Transport Authority Transit Authority စသည်ဖြင့် ခေါ်ကြတဲ့ ပို့ဆောင်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာ ဟိုတစ်လောကဖွဲ့လိုက်ပြီး ဘာကြောင့်မှန်းမသိ ချက်ချင်းပြန်ဖျက်လိုက်တာ ကြားရပါတယ်။ အခုလည်း မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးနဲ့ မြို့ပြပို့ဆောင်ရေးဆိုင်ရာ စီမံချက်ကြီးတွေ ဂျပန်အကူအညီနဲ့ ရေးဆွဲပြီးပြီလို့ ကြားရပါတယ်။ အလွန်ဝမ်းသာဖွယ် ကောင်းပါတယ်။ ဘယ်လိုလုပ်မှာလဲ၊ ဘယ်တော့လုပ်မှာလဲ၊ အလွန်အရေးကြီးလှပါတယ်။ အခုပဲ နောက်ကျလှပါပြီ။ Transport Authority ဖွဲ့ဖို့လည်းပါတယ်လို့ ကြားရပါတယ်။ မြန်မြန်ဖွဲ့စေချင်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြုစုလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ **" နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုတို့ကို နှိုင်းယှဉ်သုံးသပ်၍ ပြည်သူ့ထံသို့ ရှင်းလင်းတင်ပြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ရဲဝံ့ပြတ်သားထိရောက်စွာ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"**အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက တင်သွင်းပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရှင်းလင်းရာတွင် မြန်မာနိုင်ငံ၏ လူမှုစီးပွားပြုပြင်ပြောင်းလဲရေးမဟာဗျူဟာမူဘောင်၏အောက်တွင် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် နိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို အနည်းဆုံးအသုံးပြုပြီး အကျိုးအမြတ်များများရရှိစေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ အခြေပြုဆောင်ရွက်နေသော စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင်အရလည်း သဘာဝအရင်းအမြစ်များ ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် စနစ်တကျရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသော "ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ" များသည် သက်ဆိုင်ရာဒေသများ၌ သစ်တောပြုစု ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ရေဝေရေလဲဧရိယာများကာကွယ်ထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေဖူလုံရေး၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ စွန့်ပစ်ပစ္စည်းများစီမံထိန်းချုပ်ရေး၊

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြစ်သော သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ဒီရေတောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ဒေသခံပြည်သူများဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စက်မှုဇုန်များရှိ စက်ရုံများ၏ လေထုညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းထိန်းချုပ်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ တရားမဝင် ရွှေနှင့်ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုများကို တားဆီးကာကွယ်အရေးယူခြင်းနှင့် တရားဝင် တူးဖော်ထုတ်လုပ်မှုများကိုလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များဖြင့် ဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊ သစ်တောပြုန်းတီးမှုများကို ဖြစ်ပေါ်စေသော တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုကို တားဆီးကာကွယ်အရေးယူ ဆောင်ရွက်ခြင်းများကိုလည်း စနစ်တကျစီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြုစုလျက်ရှိပြီး လုပ်ထုံးလုပ်နည်းများထုတ်ပြန်ခြင်းမပြုရသေးမီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားတောင်းခံလာသည့်အခါတွင် အဆိုပါလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားသော ထိခိုက်စေမှုများ မဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှုများ ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲဆောင်ရွက်ရေးစသည်တို့ကို စီမံကိန်းလုပ်ငန်းအမျိုးအစား၊ အရွယ်အစားနှင့် ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်မှု အလားအလာတို့အပေါ် မူတည်၍ စိစစ်ပြန်ကြားပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှု မဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိခိုက်မှုဆန်းစစ်ချက်များဖြစ်သည့် EIA၊ SIA၊ HIA များ စနစ်တကျဆောင်ရွက်စေရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များ စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ဆောင်ရွက်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မည်သို့မျှ ပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပါက ဦးစားပေးဆောင်ရွက်ရန် မသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။

အစည်းအဝေးတွင် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ (ကိုယ်စား) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်မေးမြန်းသည့် **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ဇနီးနှင့် သားသမီးများကို ထောက်ပံ့ကြေးပေးရာတွင် တစ်လလျှင် ၁၀၀ ကျပ်ထက် မပိုရဟူသော ပြဋ္ဌာန်းထားချက်ကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ပြောင်းလဲရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ဇနီးနှင့် သားသမီးများကို ထောက်ပံ့ကြေးပေးခြင်းကိစ္စသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

အမျိုးသားလွှတ်တော်အစည်းအဝေး

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးငွေများရရှိရေးနှင့် ခိုင်မာမှုရှိရန် လိုအပ်

နေပြည်တော် ဇူလိုင် ၁၄

"ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော "မြစိမ်းရောင်" စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ယနေ့အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးကြသည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော်တင်သွင်းခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် (၂၁)ရက်စောင့်ဆိုင်းပြီးမှ အဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်က တရုတ်နိုင်ငံမှ ချေးငွေယွမ်သန်း(၁၀၀)ရရှိခြင်းကြောင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ နောင်လာမည့်နှစ်များအတွက် မြစိမ်းရောင်ကျေးရွာ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်။

စီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးငွေများရရှိရေးနှင့် ခိုင်မာမှုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အရင်းမပျောက် မတည်ရန်ပုံငွေကို နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်ထုတ်ပေးနိုင်မှု ရှိ၊ မရှိကို တွက်ဆထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပထမနှစ်တွင် ပြည်ပချေးငွေ အကူအညီရယူပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် နောင်လာမည့်နှစ်များတွင် ပြည်ပချေးငွေ အကူအညီမရပါက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရပ်တန့်မသွားအောင် ကျေးရွာများက အရင်းမပျောက် မတည်ငွေရရှိရေးနှင့် ကျန်သည့်ကျေးရွာများအတွက်လည်း မည်သို့ ဖန်တီးဆောင်ရွက်ပေးရမည်ကို ကြိုတင်စဉ်းစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို ညီညွတ်မျှတစွာ ရရှိနိုင်ရန် ပြန်လည်စီမံဆောင်ရွက်ပေးနိုင်ရန်ကိစ္စမှာ ခက်ခဲမှုရှိသော်လည်း ကျန်ရှိနေသည့် ကျေးလက်နေဆင်းရဲနွမ်းပါးသော တောင်သူများ၏ မျှော်လင့်ချက်များ ဖော်ဆောင်ပေးရန်လည်း တာဝန်ရှိပါကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာစာရင်းကို မြို့နယ်တစ်ခုချင်းစီအလိုက် အခြေမခံဘဲ ဆင်းရဲနွမ်းပါးသည့် မြို့နယ်တိုင်းတွင် ရှိသော ကျေးရွာများကို စီမံကိန်းစာရင်းတွင် ထည့်သွင်းပေးမည်ဆိုပါက ပို၍တရားမျှတပြီး ဆင်းရဲနွမ်းပါးကြသည့် ကျေးရွာတိုင်း အကျိုးခံစားခွင့်ထပ်တူ ရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းမြင့်ထွန်း၏ **"တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် Mobile Team အရေအတွက် တိုးချဲ့ဖွဲ့စည်းသွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအနေဖြင့် ဖွဲ့စည်းမိန့်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးဟန်ချက်ညီ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ဆောင်ရွက်ခဲ့သည့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက်အထိ လပေါင်း ၂၀ အတွင်း စုစုပေါင်းခန့်မှန်းခြေ ကျပ် (၁၇ ဒသမ ၅၁၂)ဘီလီယံအထိ တားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများအား ထိရောက်စွာတားဆီးနှိမ်နင်းနိုင်ရေးအတွက် Mobile Team အရေအတွက် တိုးချဲ့ဖွဲ့စည်းသွားရန် အစီအစဉ်များရှိပါကြောင်း၊ တယ်လီဖုန်း Hand Set များနှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဇွန် ၂၀ရက်အထိ အကောက်ခွန်အမှုတွဲ (၃၁)မှု၊ အလုံးရေ(၁၇၂၀၆)လုံး ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၉၇၁ ဒသမ ၈၉၂)သန်းခန့် တားဆီးနိုင်ခဲ့ပါကြောင်း၊ စက်သုံးဆီတင်သွင်းမှုနှင့် ပတ်သက်၍ ပင်လယ်ရေကြောင်းမှ တင်သွင်းလာသည့် ဓာတ်ဆီ၊ ဒီဇယ်များကို Mobile Team အဖွဲ့စုံဖြင့် စစ်ဆေး၍ တရားမဝင် စက်သုံးဆီတင်သွင်းမှုများမရှိစေရေးနှင့် တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်မှ ကုန်သွယ်မှုပြုနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း။

တရားဝင် တင်သွင်းခွင့်ပြုထားသော်လည်း အခွန်ရှောင်တင်သွင်းလာသော Hand Set၊ စက်သုံးဆီ အပါအဝင် အခြားကုန်စည်များအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစနစ်များကို ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေး ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးလမ်းမကြီးကိုအသုံးပြု၍ သွားလာနေကြသောယာဉ်များ၏ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် ၎င်းတို့ကို ကြီးကြပ်တာဝန်ပေးသော ယာဉ်လိုင်းတာဝန်ရှိသူများနှင့် ဌာနတာဝန်ရှိသူများသာမက အာမခံအဖွဲ့အစည်းကပါ ယာဉ်၊ စက်၊ လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အထောက်အထား စစ်ဆေးကြပ်မတ်မှုများ မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ မီးရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ယာဉ်မောင်းများ၊ အရန်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန်နှင့် ကျွမ်းကျင်သည့် ယာဉ်မောင်းများဖြစ်စေရန် မော်တော်ယာဉ် ဥပဒေနှင့် နည်းဥပဒေများ၊ လမ်းညွှန်လမ်းအမှတ်အသားများ၊ လမ်းပေါ်ဆေးရေးအမှတ်အသားများ၊ အမိန့်ညွှန်ကြားချက်များ၊ ယာဉ်မောင်းသူများ လက်စွဲစာစောင်၊ မော်တော်ဆိုင်ကယ်အန္တရာယ်ဖြစ်မှုလျော့နည်း **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥပဒေကြမ်းများနှင့်စပ်လျဉ်းသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ဥပဒေကြမ်းများနှင့် စပ်လျဉ်းသော လုပ်ငန်းကော်မတီညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်း၊ မြန်မာ့လေကြောင်းဥပဒေကြမ်း၊ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများမှ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဦးလွန်းသီ၊ သူရဦးအေးမြင့်၊ ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသိန်းလွင်၊ ဦးစောလှထွန်း၊ ဦးဝင်းမြင့်၊ ဦးအောင်ကြိုင်၊ ဦးအေးဖေ၊ ဦးမျိုးဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခိုင်မောင်ရည်၊ ဦးအောင်မြသန်း၊ ဦးသိန်းထွန်းဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဦးတင်ဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်မြမြဝင်း၊ ဒေါ်သင်းခိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✱ ပြည်သူ့လွှတ်တော်မှ

၁၈၉၈ ခုနှစ် အိန္ဒိယအက် ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁)ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ပါကြောင်း၊ အဆိုပါပုဒ်မ ၄၈၈ (၁)မှာ ဇနီးနှင့်ကိုယ်တိုင်ရှာဖွေ စားသောက်ခြင်းမပြုနိုင်သည့် တရားဝင်သို့မဟုတ် တရားမဝင် သားသမီးများကို တစ်လလျှင် ကျပ် ၅၀ ထက် မပိုစေဘဲ ထောက်ပံ့ကြေးပေးရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်အား ၁၉၂၃ ခုနှစ် ရာဇဝတ်ကျင့်ထုံးဥပဒေ (ပြင်ဆင်ချက်)ဖြင့် ထောက်ပံ့ကြေးငွေ ကျပ် ၅၀ ကို ကျပ် ၁၀၀ ဖြင့် အစားထိုးပြင်ဆင်ခဲ့ပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်ကို ယနေ့ထိ ဆက်လက်ကျင့်သုံးနေခြင်းဖြစ်ပါကြောင်း။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁)ပါ ဇနီးနှင့် သားသမီးထောက်ပံ့ကြေးကို ကျပ် ၁၀၀ ထက်မပိုစေရန် သတ်မှတ်ပြဋ္ဌာန်းချက်သည် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီခြင်းမရှိဘဲ နည်းလွန်းသဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပြင်ဆင်ရန် ဆောင်ရွက်ထားပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **The Code of Criminal Procedure ကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)**ကို ပြုစုရေးဆွဲပြီး ပြင်ဆင်ရန်လိုအပ်သည့် ပုဒ်မများနှင့်အတူ ပုဒ်မ ၄၈၈ (၁) ပါ ဇနီးနှင့်သားသမီးများအတွက် ထောက်ပံ့ကြေး ကျပ် ၁၀၀ ကို ကျပ် ၅၀၀၀၀ ဖြင့် အစားထိုးပြင်ဆင်ရန် ဆောင်ရွက်ထားပါကြောင်း၊ ပြင်ဆင်ဆောင်ရွက်ထားသည့် ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **အစိုးရဌာနအဖွဲ့အစည်းများမှ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ (Budget) ဖြင့် ပစ္စည်းများဝယ်ယူသည့်ကိစ္စနှင့်ပတ်သက်၍ ဥပဒေရေးဆွဲထုတ်ပြန်ရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက အစိုးရဌာနအဖွဲ့အစည်းများမှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ပစ္စည်းများဝယ်ယူရာတွင်လည်းကောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစေရေး၊ အလေအလွင့်နှင့် မသမာမှုများကင်းရှင်းစေရေးနှင့် စနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေးအတွက် **ဗဟိုစီမံခန့်ခွဲရေးအမှုဆောင်အဖွဲ့နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၊ ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ၊ ပြည်ပသို့ စေလွှတ်မည့်သူများ နိုင်ငံခြားသုံးငွေခွင့်ပြုမှု စိစစ်ရေးကော်မတီ**တို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀-၄-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ပြီး တင်ပြလာသည့် တည်ဆောက်ရေးကိစ္စရပ်များ၊ ပစ္စည်းဝယ်ယူရေး ကိစ္စရပ်များကို နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် အများပြည်သူအထင်အမြင်လွဲမှားမှုမရှိစေရေး သတိပြုဆောင်ရွက်ရန် တိုက်တွန်းချက်အရ ပစ္စည်းဝယ်ယူမှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁)ဖြင့် ဖွဲ့စည်းထားသည့် ကော်မတီကို နိုင်ငံတော် သမ္မတရုံး၏ ၂၃-၉-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၁)ဖြင့် ဖျက်သိမ်းခဲ့ပါကြောင်း။

ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ၅-၄-၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၁/၂၀၁၃)ဖြစ်သည့် **"ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းများ"**တွင် ဝယ်ယူရေးဆိုင်ရာတင်ဒါများ၊ တည်ဆောက်မှုဆိုင်ရာတင်ဒါများ၊ ဝန်ဆောင်မှုတင်ဒါများနှင့် ငှားရမ်းရောင်းချရေးတင်ဒါများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ တင်ဒါစည်းကမ်းများအရ အစိုးရဌာနအဖွဲ့အစည်းများသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်ရပါကြောင်း၊ တင်ဒါရွေးချယ်ရေးအတွက် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ရပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ လွယ်ကူချောမွေ့မြန်ဆန်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ်ချုပ်ဆိုရာတွင် လိုက်နာကျင့်သုံးရမည့်ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန် ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုသည့်လုပ်ငန်များတွင် တူညီသောမူဝါဒများကို အခြေခံ၍ **"ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်"** စာအုပ်အား ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ UNOPS၊ World Bank တို့နှင့် ပြည်သူ့ကဏ္ဍဝယ်ယူရေးစနစ် ပိုမိုအားကောင်းစေရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး **"တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းသူများ၏ ကျွမ်းကျင်မှုဆိုင်ရာနှင့် တင်ဒါပြိုင်ဈေးနှုန်း အချက်အလက်များအပေါ် အမှတ်ပေးသတ်မှတ်ချက်"** အား ရေးဆွဲပြုစုလျက်ရှိပြီး ဆက်လက်၍ ဥပဒေကြမ်း ရေးဆွဲပြုစုသွားမှာဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

❖ အမျိုးသားလွှတ်တော်မှ

ကျင့်ဆင်းရေးစာတမ်း၊ လမ်းအသုံးပြုသူများ လက်စွဲစာအုပ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စံပြအမေးအဖြေစာအုပ်တို့ကို ထုတ်ပြန်ပြီး လိုက်နာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အရည်အချင်း ပြည့်ဝသော ယာဉ်မောင်း ကောင်းများကိုသာ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဗီဒီယိုပြသ၍ ကြည့်ရှုစေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေ ဖြေဆိုခြင်းကို တိုးမြှင့်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ခရီးသည်တင်ယာဉ်မောင်းများနှင့် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူအားလုံး၏ ပညာအရည်အချင်းကို စစ်တမ်းကောက်ယူခြင်း၊ ခရီးသည်တင်ယာဉ် Bus ဖြင့် လက်တွေ့ယာဉ်မောင်းကျွမ်းကျင်မှု ပြန်လည်စစ်ဆေးပြီး အောင်မြင်/ကျရှုံးစာရင်းအား သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီသို့ လိုအပ်သလို ကြီးကြပ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားမှု ပြုလုပ်ထားရှိပါကြောင်း။

ယာဉ်မတော်တဆမှုဖြစ်စေသည့် ယာဉ်မောင်းလိုင်စင်များအား ပြစ်မှုအမျိုးအစားအလိုက် ပိတ်သိမ်းထားသော ကာလအတွင်း ယာဉ်မောင်းလိုင်စင် မိတ္တူလျှောက်ထားခြင်း၊ အသစ်ထပ်မံ လျှောက်ထားခြင်း မပြုလုပ်နိုင်ရေးအတွက် ကွန်ပျူတာစာရင်း ရေးသွင်းထားရှိ၍ မပျောက်မပျက် ဖိုင်ဖွင့်လှစ်ထားရှိကာ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်အတွက် အမြင်အာရုံစစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှု စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင် ဖြေဆိုသူ၏ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် အရက်သောက်တတ်မှုစစ်ဆေးခြင်းတို့ကို စစ်ဆေးလျက်ရှိပါကြောင်း၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား သောက်စားမူးယစ်မှုအခြေအနေကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပါကြောင်း။

ခရီးသည်တင်ယာဉ်များ မထွက်ခွာမီ ပြေးဆွဲမည့်ယာဉ်နှင့် ခရီးသည်များ ခရီးလမ်းကြောင်း တစ်လျှောက် အန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချမှုဖြစ်စေရန်အတွက် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကယာဉ်လိုင်းများမှ မော်တော်ယာဉ်စစ်ဆေးရေးအဖွဲ့များကို တာဝန်ပေးခန့်အပ်၍ ခရီးစဉ်တိုင်းအတွက် စစ်ဆေးပြီးမှ ထွက်ခွာခွင့်ပြုစေရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယာဉ်လိုင်းတာဝန်ရှိသူများအနေဖြင့် မိမိယာဉ်လိုင်းတွင် မောင်းနှင်လိုက်ပါသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် သတ်မှတ်စည်းကမ်းလိုက်နာမှုမရှိပါက သက်ဆိုင်ရာကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့များမှ ယာဉ်လိုင်းအား သတိပေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ လိုအပ်ပါက ယာဉ်လိုင်းပြေးဆွဲခွင့်အား ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ရပ်ဆိုင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း။

အသက်နှင့်လူမှုရေးဆုံးရှုံးနစ်နာမှုများကို ကာကွယ်ရန်အတွက် ယခင်က ရိုးရိုးခရီးသွား အာမခံကြေး (၁၀၀)ကျပ်နှုန်း တစ်မျိုးတည်းရှိရာမှ ယခုအခါ အထူးခရီးသွား အာမခံကြေး(၃၀၀)ကျပ်နှုန်းကိုပါ ထပ်မံသတ်မှတ်၍ နှစ်မျိုးနှစ်စား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာဉ်များအတွက်လည်း အလုံးစုံအာမခံထားရှိရေးကိုပါ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပမည့် (၆၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့်နေ့ နံနက် ဝ၄း၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၊ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၊ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၊ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် (သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❍ မြန်မာ့ရေထွက်ကုန်ပစ္စည်းမှ

(ရေထွက်ပစ္စည်းမွေးမြူ ထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု) ရရှိထားသော united KMK စက်ရုံ၌ မြန်မာ့ရေထွက်ပစ္စည်းများ ရေရှည်မွေးမြူ ဖမ်းယူထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း)တို့မှ တာဝန်ရှိသူများ၊ Mr. Willem Van Der Pijl (Seafood Market and Supply Chain Specialist of Wageningen University)တို့နှင့်အတူ စက်ရုံအတွင်းလုပ်ငန်း လုပ်ဆောင်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ဥရောပနိုင်ငံများတွင် မြန်မာ့ရေထွက်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက်လည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်းကောင်း တာဝန်ရှိသူများအား လိုအပ်သောနည်းလမ်းများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လှေလှော်အားကစားလေ့ကျင့်ရေးစခန်း စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၄

၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများအတွက် ရန်ကုန်မြို့(အင်းလျားကန်) မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ စခန်းသွင်း လေ့ကျင့်နိုင်ရေးနှင့် အောင်မြင်မှုများ ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၈ နာရီတွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ရှိရာ အင်းလျားကန်သို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် လှေလှော်အဖွဲ့ချုပ် (ရန်ကုန်)၌ စခန်းသွင်း လေ့ကျင့်နိုင်ရေးအတွက် နေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ နေပြည်တော် Gold Camp ကဲ့သို့ အဆင့်မြင့်မြင့်ထားရှိပြီး အားကစားသမားများ ပျော်ရွှင်စွာ နေနိုင်ရေးအတွက် အရေးကြီးကြောင်း၊ Fitness/GYM လေ့ကျင့်ရေးစက်ကိရိယာများ ထားရှိရေးအတွက် အဆောက်အအုံများ ပြန်လည်ပြင်ဆင်ရန်နှင့် အားကစားသမားများ သက်သောင့်သက်သာ နားနေရေးအတွက်လည်း အဓိကထားပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ် ကျွေးမွေးရန်လည်း လိုအပ်ပါကြောင်း မှာကြားခဲ့ပြီး ယှဉ်ပြိုင်/လေ့ကျင့်ရေး၊ ကစားကွင်း/ကစားရုံနှင့် ဆေးဘက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများက မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အခြေအနေ၊ ကစားသမားအင်အားနှင့် လူသစ်မွေးထုတ်လေ့ကျင့်ပေးမှု၊ စခန်းသွင်းလေ့ကျင့်ရေးတွင် လိုအပ်မည့် လေ့ကျင့်ရေးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှေလှော် လေ့ကျင့်ရေးစခန်းရှိ Fitness/GYM လေ့ကျင့်ရေးခန်းမ ပြန်လည်ပြုပြင်ထားရှိရေး၊ စားဖိုဆောင်၊ စားရိပ်သာခန်းမ၊ အမျိုးသား/အမျိုးသမီး အိပ်ဆောင်တို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လေ့ကျင့်ရေးစခန်းအား နေပြည်တော် Gold Camp ကဲ့သို့ အုပ်ချုပ်မှုနှင့် လုံခြုံရေးတို့ကိုပါ စီမံဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျိုက္ကဆံအားကစားကွင်းအတွင်း Squash အားကစားရုံ တည်ဆောက်ရေး လုပ်ငန်းခွင်နှင့် စားရိပ်သာဆောင်သို့ သွားရောက်၍ သင်တန်းသား/သင်တန်းသူများ ဘူဖေးစနစ်ဖြင့် ကျွေးမွေးနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေနှင့် ကျိုက်မှော်ဝန်းရေလယ်စေတီတော်

ကျောက်တန်း ဇူလိုင် ၁၄

ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်က ကျောက်တန်းမြို့တွင် ထူးကဲဒီရေတက်သဖြင့် ကမ်းနားတစ်လျှောက်လမ်းများ ရေနစ်မြုပ်ခဲ့သည်။

ကျောက်တန်းမြို့ ရေလယ်ဘုရားလမ်း၊ ဘုရားဆိပ်ကမ်းလမ်းများပေါ်သို့ ပင်လယ်ရေတက်ရောက်နေသော်လည်း ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်ရင်ပြင်ပေါ်သို့ ရေများ တက်ရောက်ခြင်းမရှိ ကုန်းတော်ဖောင်းရစ် စိန်တောင်များအောက်တွင်သာ ရှိနေသည်ကို ဖူးတွေ့ရသည်။

စိုးဝင်း(ကျောက်တန်း)

တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

သာသနာရေး ဝန်ကြီးဌာန၏ "နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်ပါ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆွေးနွေးပွဲ"ကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဝန်ထမ်းများအနေဖြင့် မိမိတာဝန်မိမိသိရှိပြီး တာဝန်ယူသည့် စိတ်ဓာတ်များဖြင့် လုပ်ငန်းတာဝန်များကို လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ စီမံခန့်ခွဲမှုများဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ယူရသော လုပ်ငန်းအလိုက် တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်သော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်ကြောင်း။

စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် တာဝန်သိမှု၊ တာဝန်ယူမှုနှင့်အညီ ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်စေပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ပီပြင်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြု ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းတိုးတက်အောင် အဆင့်လိုက် တာဝန်ယူကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုယန္တရား လျင်မြန်သွက်လက်ကောင်းမွန်ရေးအတွက် e-Government စနစ် ထိရောက်စွာ အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ e-Government စနစ်ကို လက်တွေ့ချိတ်ဆက် အသုံးပြုနိုင်သည်အထိ ဝန်ထမ်းများကို ဖွဲ့စည်းလေ့ကျင့်ပြီး သတ်မှတ်ကာလအတွင်း ပီပီပြင်ပြင် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တက္ကသိုလ်အလိုက် စားပွဲဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

နည်းပြလည်း ဖြစ်လာခဲ့သည်။

ဂျာမနီအသင်းသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၈ ဂိုးသွင်းယူနိုင်ခဲ့သည့် ဘရာဇီးနည်းတူ ကမ္ဘာ့ဖလားသမိုင်းတွင် သွင်းဂိုးအများဆုံးအသင်းလည်း ဖြစ်လာခဲ့သည်။

ထို့အပြင် ဘရာဇီးမြေ၌ ကျင်းပသည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းသည် အာဂျင်တီးနားအသင်းအား အနိုင်ရရှိကာ ချန်ပီယံဘွဲ့ခံယူနိုင်ခဲ့ခြင်းကြောင့် အီတလီအသင်းနည်းတူ ကမ္ဘာ့ဖလားလေးကြိမ်မြောက် ဆွတ်ခူးသည့်အသင်းဖြစ်လာခဲ့ပြီးငါးကြိမ်မြောက် ဆွတ်ခူးထားသည့် ဘရာဇီးအသင်းအောက်တွင် အီတလီအသင်းနှင့် ဂျာမနီအသင်းတို့သည် လေးကြိမ်စီဖြင့် ကမ္ဘာ့ဖလားရရှိမှု ဒုတိယအများဆုံးအသင်းများအဖြစ် မှတ်တမ်းကောင်းတစ်ရပ် ရေးထိုးနိုင်ခဲ့ပြီလည်း ဖြစ်သည်။

ဂျာမနီသည် ကမ္ဘာ့ဖလားချန်ပီယံဘွဲ့ခံယူကာ အာဂျင်တီးနားအသင်းမှာ ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရပြီး နယ်သာလန်အသင်းမှာမူ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

သို့ရာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် ဘရာဇီးအသင်းမှာမူ ၂၀၁၄ ကမ္ဘာ့ဖလားရရှိမည့်အသင်းအဖြစ် ရေပန်းစားခဲ့သော်လည်း တတိယနေရာပင်မရရှိခဲ့ခြင်းကြောင့် နည်းပြစကော်လာရီပင် နည်းပြဘဝမှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ(၇/၂၀၁၄)အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ(၇/၂၀၁၄)အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း(အလယ်) အမှတ်(၁၇၃/၁၇၅) (၇လွှာ)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က ဆောင်ရွက်ကာ သဘာပတိ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြခဲ့ကြသည်။

အဆိုပါအစည်းအဝေးမှ ယခုရက်ပိုင်းအတွင်း အင်တာနက်အပါအဝင် စာပေလောကအတွင်း သတင်းပျံ့နှံ့လျက်ရှိသော "ရိုမန်ဘော့ထ်တွေရဲ့ကမ္ဘာ"စာအုပ်ကို ရေးသားသူ အောင်ရင်ငြိမ်းသည် မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်တစ်ဦးမဟုတ်ကြောင်း၊ ၎င်းရေးသားသည့် "ရိုမန်ဘော့ထ်တွေရဲ့ကမ္ဘာ"စာအုပ်သည် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ မူဝါဒများနှင့်မကိုက်ညီသဖြင့် လက်မခံနိုင်ပါကြောင်း အများသဘောတူ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ကြောင်းလည်း သိရှိရသည်။

(သတင်းစဉ်)

စစ်တွေမြို့လယ်သို့ ထူးကဲဒီရေတက်

စစ်တွေ ဇူလိုင် ၁၄

စစ်တွေမြို့သည် ကုလားတန်မြစ် (ကစ္ဆပနဒီ) မြစ်ကမ်းနဖူးတွင် တည်ရှိနေသဖြင့် ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလပြည့် ဒီရေတက်သည့်အချိန်တွင် ထူးကဲဒီရေများ တက်လေ့ရှိသည်။

ထူးကဲဒီရေတက်ပါက ဆင်ကူးလမ်းရပ်ကွက်၊ အုန်းတပင်ရပ်ကွက်၊ ရွှေပြား၊ လမ်းမတော်မြောက်ရပ်ကွက်များနှင့် မြို့လယ်မြေနိမ့်ရပ်ကွက်များဖြစ်သော မြို့သူကြီးရပ်ကွက်၊ ရှုပမြောက်ရပ်ကွက်၊ ရှုပတောင်၊ ကျောင်းတက်လမ်းရပ်ကွက်များသို့ ထူးကဲဒီရေများ ဝင်ရောက်လေ့ရှိသည်။

ဇူလိုင် ၁၄ ရက် (ဝါဆိုလပြည့်ကျော် ၃ ရက်)နေ့ ထူးကဲဒီရေတက်ရောက်ခဲ့စဉ်က ရှုပမြောက်ရပ်ကွက် အမက(၃)ကျောင်းသို့ ထူးကဲဒီရေတက်နေရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူမိဘများ၏ ကြပ်မတ်စောင့်ရှောက်မှုကြောင့် ကျောင်းမပိတ်ရဘဲ ကျောင်းတက်စာသင်နိုင်ခဲ့ကြောင်း သိရသည်။ **(မြဇင်)**

မြို့ပတ်ရထားပေါ်တွင် လုယက်မှုကျူးလွန်သူ သုံးဦးစလုံးအား ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၁၄

ဇူလိုင် ၈ ရက် ည ၈ နာရီခွဲခန့်တွင် လှိုင်မြို့နယ် အုတ်ကျင်းဘူတာမှ လှည်းတန်းဘူတာသို့ မြို့ပတ်ရထားစီးနင်းလိုက်ပါခဲ့သည့် အမျိုးသမီးခရီးသည်တစ်ဦးအား ရထားပေါ်ပါသူ သုံးဦးက ဓားဖြင့် ထောက်၍ ရွှေဆွဲကြိုးတစ်ကုံး၊ ဟန်းဆိုးချိန်းတစ်ခု၊ လက်စွပ်သုံးကွင်းနှင့်ငွေကျပ် ၁၅၀၀ တို့ယူကာ ကမာရွတ်ဘူတာအထွက်တွင် ရထားပေါ်မှ ခုန်ချထွက်ပြေးမှုဖြစ်ပွားခဲ့သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှုးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ကြိုးပမ်းခဲ့ရာ ဓားထောက်လုယက်ခဲ့သည့် နေရပ်လိပ်စာအတိအကျမရှိသူ လက်ကျိုး(ခ) ဇင်မင်းထွန်း (၁၇) နှစ်နှင့် ရွှေပြည်သာမြို့နယ် (၁၆) ရပ်ကွက် သီတာ(၈) လမ်းနေ မွှေးနီ(ခ) မြင့်မြတ်(ခ)ကိုဖြိုး (၂၃) နှစ်တို့အား ဇူလိုင် ၉ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူတစ်ဦးဖြစ်သည့် ရွှေပြည်သာမြို့နယ် သစ္စာပန်းခြံ(၈) ရပ်ကွက် ဗညားဒလလမ်းနေ မင်းမင်း(ခ)ရေခဲ (၁၉)နှစ်အား ရထားရဲတပ်ဖွဲ့ရထားရဲစခန်း အင်းစိန်မှ ဒုရဲအုပ်အောင်ကိုဦးနှင့် နယ်ထိန်းအဖွဲ့က ဇူလိုင် ၁၃ ရက် ည ၈ နာရီခွဲခန့်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ရထားရဲတပ်ဖွဲ့အနေဖြင့် လုယူသွားသည့် ပစ္စည်းများပြည့်စုံစွာ ပြန်လည်သိမ်းဆည်းရမိရေးနှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **(ရထားရဲတပ်ဖွဲ့)**

ပြည်တွင်းရေးရာ

❀ စာမျက်နှာ ၆ မှ

အဲဒီအဖွဲ့ဟာလည်း စီမံကိန်းရေးဆွဲတာတွေ၊ လေ့လာသုတေသနပြုတာတွေ၊ ငွေကြေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေ၊ ထိရောက်တဲ့ ညှိနှိုင်းမှုတွေ၊ ကွပ်ကဲမှုတွေ လုပ်နိုင်ဖို့ လုပ်ပိုင်ခွင့်ရှိဖို့ လိုပါတယ်။ လုပ်နိုင်ဖို့လည်း လိုပါတယ်။ မူဝါဒအားဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကို တာဝန်ခံ၊ နာခံရမှာဖြစ်ပေမယ့် လွတ်လပ်တဲ့လုပ်ပိုင်ခွင့်လည်း လိုပါတယ်။ အများပြည်သူတွေ အဆင်ပြေပြေဖြစ်တဲ့အဆင့် မရောက်သေးဘူးဆိုရင် ရောက်အောင်ပစ္စည်းရောင်းသလို ဈေးကွက်က အဆုံးအဖြတ်ပေးလိမ့်မယ်လို့ ထားလို့မရဘဲ လိုချင်တဲ့အဆင့် ပြည်သူတွေ စိတ်ချမ်းသာတဲ့အဆင့်ရောက်အောင် စီမံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ သူများတွေ လုပ်ကြတာ တွေအပေါ် စဉ်းစားနိုင်ဖို့လေ့လာမိသမျှ အကျဉ်းတင်ပြချင်ပါတယ်။

အထူးသဖြင့် အရင်းအနှီးမရှိရင်၊ ငွေကြေးဆိုင်ရာလုပ်ပိုင်ခွင့်မရှိရင်၊ ဥပဒေနဲ့အညီ ရပ်တည်နိုင်တဲ့ အဖွဲ့အစည်းမဟုတ်ရင် လုပ်ဖို့ခက်ခဲမှာပါ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ အခွန်အကောက်နဲ့ ပြည်သူတွေ ရင်းနှီးပြီးသားလည်းဖြစ်၊ ပေးရတာနဲ့တန်အောင် လုပ်ပေးထားတဲ့ပို့ဆောင်ရေးစနစ်တွေကလည်းကောင်းတော့ မြို့ပြပို့ဆောင်ရေးကို မူလဘတ်ဂျက်အပြင် အခွန်တွေနဲ့ ဖြည့်ဆည်းပေးကြတယ်။ အဲဒီအခွန်တွေရဲ့ အစိတ်အပိုင်းအချို့ကို Transit Authority များသို့ တိုက်ရိုက်ထောက်ပံ့ကြတယ်။ ဒေသအစိုးရတွေကတစ်ဆင့်ပေးကြတယ်။ အခွန်အမျိုးအစားဥပမာတွေကတော့ တိုက်ရိုက်အခွန်တွေက လောင်စာဆီအခွန်၊ မော်တော်ယာဉ်ဝယ်ယူမှု၊ အသုံးပြုမှုအခွန်၊ ယာဉ်ရပ်နားခနဲ့ လမ်းဖြတ်သန်းခများ၊ ဒဏ်ကြေးများ စသည် စသည်။ တစ်ဆင့်ခံအခွန်တွေကတော့ ရထား၊ ကားစနစ်တွေကြောင့် သူ့အလုပ်သမားတွေ သွားရေးလာရေးအဆင်ပြေသွားတဲ့ အလုပ်ရှင်တွေထံကနေ ကောက်တဲ့အခွန်၊ အလုပ်သမားတွေရဲ့ လစာစာရင်းပေါ်ကနေ ရာခိုင်နှုန်းနဲ့ ကောက်ပါတယ်။ နောက်တစ်မျိုးကတော့ အသစ်လုပ်လိုက်တဲ့ မြို့ပြပို့ဆောင်ရေးကြောင့် အကျိုးသက်ရောက်တဲ့နေရာတွေက မြေကွက်တွေ၊ လူနေအိမ်တွေတန်ဖိုးမြင့်တက်တဲ့အပေါ်ကနေ ကောက်တဲ့အခွန်စတာတွေဖြစ်ပါတယ်။ နောက်အရင်းအမြစ်တစ်ခုကတော့ ပုဂ္ဂလိကနဲ့ PPP လုပ်ရာကနေရတဲ့ ငွေကြေးပဲဖြစ်ပါတယ်။ အဲဒီငွေကြေးတွေနဲ့ အများပြည်သူပို့ဆောင်ရေးစနစ်ကို Transit Authority တွေက လည်ပတ်ကြပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ ပို့ဆောင်ရေးစနစ်ဟာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ထိရောက်တဲ့အထောက်အကူဖြစ်စေရတဲ့ အကြောင်းရင်းလေးချက်က အရေးကြီးပို့ဆောင်ရေးအခြေခံအဆောက်အအုံများကို အချိန်မီတည်ဆောက်နိုင်ခဲ့ခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းများကို လုံလောက်စွာငွေကြေးပံ့ပိုးနိုင်ရေးအတွက် Special Accounts for Transport Facilities ကို ၁၉၉၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကုန်ကျစရိတ်များတဲ့ ရထားကို အခြေခံတဲ့စနစ်မဟုတ်ဘဲ အမြန်လမ်းမကို အခြေခံပြီး BRT နှင့် HOV lanes များဖြင့် အောင်မြင်စွာချိတ်ဆက်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းနဲ့ အများပြည်သူပို့ဆောင်ရေးမှာ ICT နည်းပညာများကို အသုံးပြုနိုင်ခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ စင်ကာပူရဲ့ အများပြည်သူပို့ဆောင်ရေးစနစ်ကတော့ ရထားကို အခြေခံတဲ့စနစ်နဲ့ သွားနေပါတယ်။ ရေရှည်မှာ ဘတ်စ်ကားတွေဟာ ရထားဘူတာရုံဆီပို့ဆောင်တဲ့ ခေါက်တိုခရီးတွေပဲ ကျန်စေချင်တာပါ။ သို့ပေမယ့် MRT နဲ့ LRT တွေမပြည့်စုံမီမှာ ကားစနစ်ကို မြှင့်တင်ပေးလျက်ရှိပါတယ်။ ငွေကြေးထောက်ပံ့မှုမူဝါဒကတော့ Capital cost ကို နိုင်ငံတော်ကကျခံပေးခြင်း ဖြစ်ပါတယ်။ ပြေးဆွဲကုမ္ပဏီတွေဟာ operating cost ဖြစ်တဲ့ ပြေးဆွဲစရိတ်နဲ့ လက်ရှိသုံးနေတဲ့ ယာဉ်တွေရဲ့ တန်ဖိုးလျော့စရိတ်ကို ကာမိအောင်ရှာဖွေရမှာ ဖြစ်ပါတယ်။ သက်တမ်းပြည့်လို့အစားထိုးရမယ့် ယာဉ်တွေအတွက်လည်း နိုင်ငံတော်ကပဲကျခံပေးခြင်း ဖြစ်ပါတယ်။

စင်ကာပူရဲ့ဦးတည်ချက်ကတော့ ပြည်သူကိုပေးရမယ့် သတ်မှတ်ထားတဲ့ဝန်ဆောင်မှု အရည်အသွေးကို မဖြစ်မနေ ပေးဖို့ပါပဲ။ ပျက်ကွက်ရင်တော့ အမှုကြီးပါပဲ။ ရထားဖျက်သိမ်းရမှုတွေအတွက် ပြေးဆွဲကုမ္ပဏီတွေကို ဒဏ်ကြေးငွေ ကြီးမားစွာ ပေးဆောင်စေတာမျိုးရှိခဲ့ပါတယ်။ စင်ကာပူရဲ့ ၂၀၁၃ ခုနှစ် စီမံကိန်းမှာ ရထားလမ်းတွေ မပြည့်စုံမီ နောက် ၁၀ နှစ်အတွင်းမှာ ဘတ်စ်ကားအစီး ၅၅၀ ဝယ်ဖို့နဲ့ ပြေးဆွဲစရိတ်လိုငွေတွေကို ဖြည့်ဆည်းပေးဖို့ စင်ကာပူငွေ ၁ ဒသမ ၁ ဘီလီယံလျာထားပါတယ်။ ပုဂ္ဂလိကကုမ္ပဏီတွေကလည်း ဘတ်စ်ကားအစီး ၂၅၀ ဝယ်ရမှာဖြစ်ပါတယ်။ သူတို့ဆီမှာတော့ ကုမ္ပဏီ နှစ်ခုပဲရှိပါတယ်။ ဒီမှာက ရန်ကုန်မှာ ခရီးသည်တင်ဘတ်စ်ကားစီးရေက ၈၀၀၀၊ ယာဉ်ပိုင်ရှင်တွေက ၅၀၀၀ ခန့်ရှိတယ်လို့ တစ်လောက ဖတ်လိုက်မိပါတယ်။ ဘယ်လိုထောက်ပံ့ကြမလဲ။ ဘယ်လိုကွပ်ကဲကြမလဲ။ မြန်မြန်ပြင်ကြရပါမယ်။ အဲဒီကိစ္စတွေအတွက် ဒေသကြီးအစိုးရအဖွဲ့က ဥပဒေပြုတယ်လို့လည်းကြားရပါတယ်။ အချုပ်တင်ပြရရင်တော့ ယာဉ်ကြောကျပ်တည်းတာတွေ အထိုက်အလျောက်သက်သာဖို့က အခုလုပ်နေတဲ့လမ်းတွေ အပြည့်အဝသုံးနိုင်အောင် လုပ်နေတာတွေကို အင်တိုက်အားတိုက် လုပ်စေချင်ပါတယ်။ ဖြစ်နိုင်ရင် ဒီမှာမရပ်ရရင် ဘယ်မှာရပ်ရမလဲ ဆိုတဲ့ မေးခွန်းရဲ့အဖြေအတွက် လမ်းပေါ်မှအပ ကားရပ်စရာနေရာတွေပေါ်အောင် ဝိုင်းလုပ်ကြဖို့ လိုပါတယ်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်တာတွေကို လူအင်အားနဲ့ ရှင်းနိုင်အောင်လုပ်နေတာတွေကို အားပေးပါတယ်။ ပြည်သူ့အားနဲ့ နည်းပညာအားတွေကိုလည်း ယူဖို့ကြိုးစားစေချင်ပါတယ်။ စည်းကမ်းဖောက်ရင် ထိရောက်တဲ့ ပြစ်ဒဏ်ဖြစ်ဖို့လိုပါတယ်။ နောက်တစ်ခုကတော့ တင်ပြခဲ့သလို ဘတ်စ်ကားနဲ့ လူအများတင်ဆောင်လာတဲ့ ကားတွေ လမ်းအသုံးပြုခွင့် ဦးစားပေးနိုင်ဖို့ ဖြစ်နိုင်တဲ့နေရာတွေမှာ အကောင်အထည်ဖော်စေချင်ပါတယ်။ အရေးအကြီးဆုံးကတော့ ရှေ့မှာ ကျွန်တော်တို့အားကိုးရမယ့် Transport Authority ကြီး အမြန်ပေါ်ပေါက်လာစေချင်တာပါပဲ။ ဒါမှ တစိုက်မတ်မတ်နဲ့ ထိထိရောက်ရောက်လုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်က နည်းမှန်လမ်းမှန်နဲ့ ထောက်ပံ့ပေးနိုင်ဖို့လည်း လမ်းကြောင်းပေါ်လာနိုင်ပါတယ်။ ဘေးက ပြောတာ၊ ရေးတာ လွယ်သော်လည်း လုပ်သင့်လုပ်နိုင်တာလေးတွေ မြန်မြန်လုပ်ပေးစေချင်ပါတယ်။ နေ့တိုင်း နေ့တိုင်း မိုးကြီးချုပ်မှ ကျွန်ုပ်တို့အိမ်ပြန်ရောက်နေရလို့ပါ။ ။

ကောင်းတယ်လေ့ ကောင်းတယ်လေ့

✳ ကျောင်းတော်တစ်ခွင် အေးစေချင်
သစ်ပင်တွေစိုက် ပန်းပင်စိုက်
စိုက်တယ်လေ့၊ စိုက်တယ်လေ့။

✳ ကျောင်းတော်တစ်ဝိုက် သန့်မှကြိုက်
အမှိုက်တွေရှင်း မြောင်းတွေရှင်း
ရှင်းတယ်လေ့၊ ရှင်းတယ်လေ့။

✳ ကျောင်းဈေးတန်းမှာ စားစရာ
ကျန်းမာသန့်ရှင်း ရောဂါကင်း
ကင်းတယ်လေ့၊ ကင်းတယ်လေ့။

✳ ကျောင်းပတ်ဝန်းကျင် စိမ်းစိုလွင်
ပျော်ရွှင်ချမ်းမြေ့ နလုံးမွေ့
မွေ့တယ်လေ့၊ မွေ့တယ်လေ့။

✳ ကျောင်းသားဆရာ မိဘပါ
ပါဝင်ပူးပေါင်း အောင်မြင်ကြောင်း
ပေါင်းတယ်လေ့၊ ပေါင်းတယ်လေ့။

✳ ကျောင်းပတ်ဝန်းကျင် မြဲသန့်စင်
စာသင်လို့ကောင်း စာကျက်ကောင်း
ကောင်းတယ်လေ့၊ ကောင်းတယ်လေ့။ ။

ပန်းတောင်းသန်းကြွယ်

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး





ကန့်ကွက်နိုင်ပါသည်နှင့်အများသိသာစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အင်းဝအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ မြေကွက်အမှတ်(A-၃၅)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၅၆၀၀)စတုရန်းပေရှိ အိမ်ရာမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်း[၁၄/ ဝခမ(နိုင်)၀၁၄၄၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင်(**LL.B, C.B,.L**)
အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့်ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

ကန့်ကွက်နိုင်ပါသည်နှင့်အများသိသာစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ(၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၇)၊ မြေကွက်အမှတ် (၁၉၃)ဟုခေါ်တွင်သော မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ မြေအကျယ်အဝန်း ပေ(၆၀/၆၃×၉၆/၇၀)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲမျိုးတန်[၁၂/ဗဟန(နိုင်)၀၃၇၇၇၁၆]နှင့် ဦးသံဒိုင်[၈/ပခက(နိုင်)၁၄၁၃၁၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်အောင်(**LL.B, C.B,.L**)
အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၂)
အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့်ဥပဒေအကြံပေးအတိုင်ပင်ခံ
အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၇၃၀၈၈၅၉၆

ပြည်တွင်းရေးရာ

ရန်ကုန်တောင်ပိုင်းခရိုင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ သမဝါယမတက္ကသိုလ်အဝင်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် သမဝါယမတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသန့်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာများ၌ သစ်ပင်များစိုက်ပျိုးပေးကြသည်။**(အောက်ပုံ)** ရန်ကုန်တောင်ပိုင်းခရိုင် အနေဖြင့် ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်နှင့် လေကာပင် စုစုပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **သန်းဝင်း(သန်လျင်)**

လူကုန်ကူးမှုတားဆီးရေး ဆိုင်းဘုတ်တင်ပွဲကျင်းပ

ဘုရားသုံးဆူ ဇူလိုင် ၁၄

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့နယ်ခွဲ မြို့မဈေးကြီးရှေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဆိုင်းဘုတ်တင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဆိုင်းဘုတ်တင်ပွဲသို့ ခေတ္တမြို့နယ်ခွဲအုပ်ချုပ်ရေးမှူးဦးသိန်းထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်ကျော်မျိုးမြင့်၊ နယ်မြေရဲစခန်းမှူး ဦးနိုင်မင်းသိန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ခွဲဦးစီးမှူး ဒေါ်အုန်းမြင့်၊ မြို့နယ်မော်တော်ယာဉ်အသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လူကုန်ကူး ကျွန်ပြုခြင်း၊ အမြစ်ဖြတ်၊ အပြတ်ရှင်းဆိုင်းဘုတ်ကို စိုက်ထူခဲ့ကြကြောင်း သိရသည်။

စိုးထက်အောင်(ပြန်/ဆက်)

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျေးရွာအရောက်ကွင်းဆင်းကုသ

သရက် ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘော်ကျေးရွာတွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကျေးရွာအရောက် ကွင်းဆင်းဆေးကုပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အထက ဘော်(ခွဲ)ရှိ ဖိုးလကြီးကျောင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးက သွေးလွန်တုပ်ကွေးဖြစ်ပွားရခြင်းအကြောင်းများကို ကျေးလက်နေပြည်သူများနားလည်နိုင်အောင် အသိပညာပေးဆွေးနွေးခဲ့ပြီး ဘော်ကျေးလက်ကျန်းမာရေးဦးစီးမှူး ဦးတင်ဝင်းက အာဟာရအုပ်စု သုံးအုပ်စုအကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဘော်အထက(ခွဲ)ရှိ ဆရာစံ ခန်းမတွင် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကျန်းမာရေးလာရောက်ပြသသူများအား ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးနှင့် တာဝန်ရှိကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးအခမဲ့စစ်ဆေးကုသပေးကြသည်။

ဇော်ထက်(IPRD)

အတွေးအရေး

မရွှေအိ(ပန်းလောင်မြေ)

လုပ်ဖော်ကိုင်ဖက်များအားလုံးသို့

နိုင်ငံခြားမှ တပည့်လေးတစ်ဦးဖုန်းဆက်လာပါတယ်။ ဆရာမ သမီး အမေရိကရဲ့ နာမည်ကျော် တက္ကသိုလ်ကြီးမှာ Ph.D ဝင်ခွင့်ရဖို့ ကျောင်းလျှောက်ထားပါတယ်။ အခု Essay တစ်ပုဒ်ရေးတင်ရမယ်။ အဲဒီ Essay ကို ရွေးချယ်ရေးအဖွဲ့ကကြိုက်မှ အင်တာဗျူးဝင်ရမယ်။ အင်တာဗျူးအောင်မှ ကျောင်းတက်ရောက်ခွင့်ရမယ်။ သမီးစုံစမ်းကြည့်တော့ အရမ်းတော်တဲ့လူတွေလည်း အရွေးခံရမယ်လို့ မပြောနိုင်ဘူး။ သိပ်မတော်တဲ့ လူတွေလည်း ဝင်ခွင့်ရသွားတာတွေရှိတယ်။ အင်တာဗျူးမှာလည်း ပညာရပ်တွေမေးတာ မဟုတ်ဘဲ ပေါ့ပေါ့ပါးပါး မေးခွန်းတွေမေးသွားတာတဲ့။ ကျောင်းကနေဘွဲ့ရရင် ဘာလုပ်မှာလဲတို့ ဘာတို့ပေါ့။ သမီးအခု ပထမအဆင့် Essay ရေးတာကောင်းမှဖြစ်မယ်။ သမီးဘယ်အကြောင်းအရာမျိုးကို ရေးရင်ကောင်းမလဲ။

၎င်းတက္ကသိုလ်ကြီးသည် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၊ ကမ္ဘာကျော်ပညာရှင်ကြီးများ မွေးထုတ်ရာ တက္ကသိုလ်ကြီးတစ်ခုဖြစ်ပါသည်။ တပည့်လေးက သူမ စုံစမ်းသိခဲ့သမျှသော ၎င်းတက္ကသိုလ်ကြီး၏ ကျောင်းဝင်ခွင့် ရွေးချယ်ရေးစနစ်များအား ရှင်းပြနေသည်ကို နားထောင်နေမိရင်း ရွေးချယ်ရေးအဖွဲ့သည် လူတော်များထဲက လူကောင်းကိုရှာဖွေနေခြင်းဖြစ်သည်ဟု ခံစားသိရှိလာသည်။

ကျွန်မတို့ရဲ့ လုပ်ငန်းပတ်ဝန်းကျင်မှာလည်း လုပ်ဖော်ကိုင်ဖက်တွေ၊ လူတွေမြောက်မြားစွာနှင့် တွေ့ဆုံဆက်ဆံကြရပါသည်။ ၎င်းတက္ကသိုလ်ကြီးလိုသာ ရွေးချယ်ခွင့်ရခဲ့မယ်ဆိုရင် ကျွန်မတို့ ပတ်ဝန်းကျင်မှာ စိတ်ရင်းကောင်းတဲ့ စေတနာကောင်းရှိတဲ့ လူတွေကိုသာ ရွေးချယ်ဆုံစည်းချင်ပါသည်။ ကျွန်မငယ်စဉ်က ဆရာမကြီးတစ်ဦးက "အလုပ်ခန့်တဲ့အခါ သိပ်မတော်သေးရင်လည်း စိတ်၊ စေတနာလေးကောင်းတယ်ဆိုရင် ရွေးထားလိုက်၊ မတော်တာက တော်လာအောင်သင်လို့ရလိမ့်မယ်။ လူတော်ဖြစ်ပြီး လူကောင်းမဟုတ်ရင် ပတ်ဝန်းကျင်ပိုဒုက္ခဖြစ်တယ်" ဟု ပြောတာကြားခဲ့ဖူးပါသည်။

ကျွန်မတို့ နိုင်ငံမှာလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားနေချိန်မှာ လူတော်တွေ အလွန်လိုအပ်နေပါတယ်။ သို့သော် လူတော်တွေ မညီညွတ်ကြရင်၊ မာနပြိုင်နေကြရင်၊ ဝိဝါဒတွေကွဲနေကြရင်၊ တစ်ဦးနှင့်တစ်ဦး မုဒိတာမပွားနိုင်ကြရင်၊ ကိုယ့်ထက်သာ မနာလိုဖြစ်နေကြမယ်ဆိုရင် အများကောင်းဖို့ထက် မိမိမာနကိုပဲ ဦးစားပေးနေကြမယ်ဆိုရင် ကျွန်မတို့မြင်ချင်တဲ့ ရွှေရောင်အနာဂတ်ဟာ အလှမ်းဝေးနေဦးမှာ အမှန်ပါ။

ဒါကြောင့် အနာဂတ်မှာ ခေါင်းဆောင်ဖြစ်ကြမယ့် လူငယ်လေးတွေကို လူတော်ရုံနဲ့မပြီး လူကောင်းဖြစ်ဖို့ သွန်သင်လမ်းပြနိုင်ဖို့ အလွန်အရေးကြီးလှပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခြေခံကျောင်းများသာမက တက္ကသိုလ်အဆင့်ရောက်သည့်တိုင် စာတော်အောင် စာသင်ရုံနဲ့မပြီး စိတ်ရင်းစေတနာကောင်းဖို့၊ နိုင်ငံကိုချစ်တတ်ဖို့၊ အမျိုးကိုချစ်တတ်ဖို့၊ အများအကျိုးဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ သွန်သင်ညွှန်ပြရာမှာ ဆရာဆရာမများရဲ့ ကဏ္ဍဟာ အထူးပင်အရေးကြီးလှပါတယ်။

နိုင်ငံတော်အတွက် အလွန်အရေးကြီးဆုံး ထုတ်ကုန်ဖြစ်တဲ့ လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်နေသူ ကျွန်မတို့ ဆရာ ဆရာမတွေကိုယ်တိုင်က စိတ်စေတနာမပါဘဲ ဝတ္တရားကျေပဲ အလုပ်လုပ်နေကြမယ်ဆိုရင် နယ်ပယ်အသီးသီးမှာ ခေါင်းဆောင်ကောင်းလေးတွေ ရရှိဖို့ ကျွန်မတို့ ဘယ်လိုမွေးထုတ်ကြမလဲ။ နိုင်ငံတကာတက္ကသိုလ်တွေကတောင် လူတော်ထက် လူကောင်းကို ပိုမိုရွေးချယ်နေကြချိန်မှာ ကျွန်မတို့ လူငယ်တွေ လူတော် လူကောင်းဖြစ်ဖို့ အရေးအကြီးဆုံးကဘာလဲ။ သင်ရိုးညွှန်းတမ်းတွေပြင်နေရုံ၊ ပညာရေးစနစ်ပြင်နေရုံ၊ ကျောင်းဆောင်သစ်တွေ ဆောက်နေရုံနဲ့မပြီးဘဲ ကျွန်မတို့ ဆရာ ဆရာမတိုင်း မိမိကိုယ်ကို ဆန်းစစ်ပြီး စေတနာရှေ့ထား အလုပ်လုပ်ကြဖို့ အရေးအကြီးဆုံးပါပဲလို့ မေတ္တာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ညောင်တုန်းမြို့နယ်၌ကျင်းပ

ညောင်တုန်း ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြို့နယ်သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲကို ကညင်ကောက်ကြီးကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ ဇူလိုင် ၉ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လုပ်သားပြည်သူများ အင်အား ၃၀၀ တို့က ကျွန်းပင် ၁၀၀၊ မဟော်ဂနီအပင် ၃၀၀ နှင့် ပျဉ်းကတိုး သုံးပင် စုစုပေါင်း ၃၀၃ ပင်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

(ဝ၇၆)

အမြန်ရောင်းမည်

စတိုးဆိုင်သုံး အလူမီနီယံဗီရိုမျိုးစုံနှင့် ပစ္စည်းများ အမြန်ရောင်းမည်။

စုံစမ်းရန်

ဖုန်း-၀၁-၅၇၈၈၁၉၊ ၀၉-၄၃၀၂၃၄၉၃

ဒေါ်မေသက်လှိုင်[၁၂/မရက(နိုင်)၀၅၈၂၄၅](ဘ)ဦးကိုကိုကြီးနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးကျော်လှလမ်း၊ အမှတ်(၈/ခ)နေ (အဖ) ဦးကိုကိုကြီး(ကွယ်လွန်)နှင့် (အမိ)ဒေါ်တယ်ရီလှိုင်၏ သားသမီးများဖြစ်ကြသည့် ဦးထိန်လင်း[၁၂/မရက(နိုင်)၀၆၉၇၄၈]၊ ဒေါ်အေးမြလှိုင်[၁၂/မရက(နိုင်)၀၀၂၇၈၁]၊ ဦးအောင်ခိုင်စိုး[၁၂/မရက(နိုင်)၀၀၂၈၇၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထိန်လင်း၊ ဒေါ်အေးမြလှိုင်၊ ဦးအောင်ခိုင်စိုးတို့၏ ဖခင် ဦးကိုကိုကြီး(ကွယ်လွန်)သည် မကွယ်လွန်မီက ၎င်းပိုင်ဆိုင်နေထိုင်နေသည့် မြေအစိတ်အပိုင်းများထဲမှ မြေဧရိယာဧကအချို့ကို ရောင်းချခဲ့ပြီး ဖခင်ဖြစ်သူသည် ရောင်းရငွေများဖြင့်-

(၁) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၉၀၂၊ အကျယ်အဝန်း ပေ(၆၀×၈၀)ရှိ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၇၂-၉)၊ အထက်ပဒေသာပင်လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၂) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၂၈၀၊ အကျယ်အဝန်း ပေ(၈၀×၈၀)ရှိ ဂရန်မြေကွက်နှင့် အမှတ်(စီ-အေ)၊ ချယ်ရီ(၃)လမ်း၊ တစ်ခိုင်လုံးရွှေသစ်ခွအိမ်ရာ၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဂရန်မြေကွက် နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

(၃) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၆(ပ)၊ မြေကွက်အမှတ်-၁၃၀၈+၁၃၀၉၊ အမှတ် ၄/၆(ပ)၊ သီရိဇေယျာလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ် တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

ဖခင်ဖြစ်သူမကွယ်လွန်မီ ဖခင်သည်နာမကျန်း၍ ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုရောဂါခံစား နေရသော ဇနီးဖြစ်သူနှင့် ကျန်သားသမီးများအား ၎င်းပိုင်ဆိုင်ပစ္စည်းများအားလုံးကို ညီမျှစွာခံစားယူကြရန် အမြဲဆန္ဒပြု ပြောကြားခဲ့ပါသည်။ ဖခင်ဖြစ်သူ ကွယ်လွန်သောအခါတွင် သမီးတစ်ဦးဖြစ်သည့် ဒေါ်မေသက်လှိုင်သည် ဖခင်၏ဆန္ဒကို ဖယ်ရှား၍ ဖခင်၏ငွေများဖြင့် အမှတ်စဉ်(၁)၊(၂)၊ (၃)စာရင်းပါပစ္စည်းများကို ၎င်းအမည်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ကြားသိရသည့်အပြင် ဖခင်နှင့်မိခင်ပိုင်ပစ္စည်းအားလုံးကို ၎င်းလက်ဝယ်တွင် ယူထားကာ ကျန်မောင်နှမများကို အသိပေးပြသခြင်းမရှိပါ။ ဒေါ်မေသက်လှိုင် အမည်ပေါက်နေသော်လည်း အဆိုပါပစ္စည်းများအားလုံးသည် ဖခင်၏ငွေကြေးဖြင့် ဝယ်ယူကြောင်း ဖခင်ကမှာကြား၊ ပြောကြားခဲ့သောကြောင့် မိသားစုပိုင်ပစ္စည်းများဖြစ်ပါကြောင်းနှင့် မိသားစုပိုင်ပစ္စည်းအားလုံးကို ဒေါ်မေသက်လှိုင်မှ မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါကြောင်း ဒေါ်မေသက်လှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူများ

၁။ ဦးထိန်လင်း
[၁၂/မရက(နိုင်)၀၆၉၇၄၈]

၂။ ဒေါ်အေးမြလှိုင်
[၁၂/မရက(နိုင်)၀၀၂၇၈၁]

၃။ ဦးအောင်ခိုင်စိုး
[၁၂/မရက(နိုင်)၀၀၂၈၇၂]

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် (**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)
အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်းနှင့် ဂရိတ်ဝေါကွန်ဒိုစီ၊ အခန်းအမှတ်(၁၀၁)၊ ၄လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇

ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လှူဒါန်းငွေပေးအပ်

နေပြည်တော် ဇူလိုင် ၁၄

အောင်သီရိ ဖောင်ဒေးရှင်းမှ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွက် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လှူဒါန်းငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ အောင်သီရိဖောင်ဒေးရှင်းနာယက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက အမှာစကားပြောကြားပြီး ဆေးရုံ နှစ်ရုံအတွက် ဆေးပဒေသာအလှူငွေကျပ် သိန်း ၄၀ ကို ပေးအပ်သည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ်ရှိ တက္ကသိုလ်ပညာသင်ဆုရကျောင်းသားများအတွက် ထောက်ပံ့ငွေများကို နေပြည်တော်ကောင်စီဝင်ဦးသန်းဌေးနှင့်တာဝန်ရှိသူတို့က ပေးအပ်ကြသည်။

ထို့နောက် အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများနှင့် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေများနှင့် မြို့နယ်ဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံကွန်ပျူတာ သင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း၊ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေခံပညာ ဆရာ/ဆရာမများ အခြေခံကွန်ပျူတာ ပညာတတ်မြောက်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမိမိသက်သွင်နှင့် တိုင်းဒေသကြီး ကွန်ပျူတာပညာရှင် အသင်းဥက္ကဋ္ဌ ဦးမင်းဦးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လိုင်းပုခက်များတပ်ဆင်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် ဇူလိုင် ၁၄

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်အင်ဂျင်နီယာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများသည် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိရေး၊ ဓာတ်ကြိုးပြတ်ကျမှုမှကာကွယ်ရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်

အတွင်း ဒေါပုံမြို့နယ်၌ လူစည်ကားရာနေရာများဖြစ်သော (၁)ဈေးကွေ့မှတ်တိုင်အနီးရှိ မင်းနန္ဒာလမ်းမကြီးပေါ် နွယ်အေးရပ်ကွက် သီတာနွယ်လမ်းနှင့် ယုဇနလမ်းဆုံရာတွင်လည်းကောင်း၊ သာကေတမြို့နယ်တွင် (၆) ရပ်ကွက် (၇) ဈေးလမ်းနှင့် ရွှေပြည်သာလမ်းတို့တွင်လည်းကောင်း ဇူလိုင် ၁၃ ရက်က ၄၀၀ ဗို့ဓာတ်အားလိုင်းများအား လိုင်းပုခက်များတပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူများ လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်နှင့် လျှပ်စစ်အန္တရာယ်မှကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများနှင့် ကားမှတ်တိုင်များတွင် လျှပ်စစ်ဝန်ထမ်းများက ဖြန့်ဝေပေးကြကြောင်း သိရသည်။ **အေးသန်း(ဒေါပုံ)**

ပြင်သစ်လူမျိုး စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် လက်ထပ်ခဲ့သူ ချယ်ရီကိုးလ်

Girls Aloud အမျိုးသမီးဂီတအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ချယ်ရီကိုးလ်က ယခုလ ၇ ရက်က ၎င်း၏ချစ်သူ ပြင်သစ်လူမျိုး စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်။

တေးသံရှင် ချယ်ရီကိုးလ်အနေဖြင့် အဆိုပါကြေညာချက်နှင့်အတူ ၎င်း၏လက်ထပ်လက်စွပ်ကိုပါ တရားဝင်ထုတ်ဖော်ပြသခဲ့ပြီး "ကျွန်မရဲ့ကိုယ်ရေးကိုယ်တာတွေကို ပရိသတ်ကို သိပ်ချပြလေ့မရှိပေမယ့် ဒီလက်ထပ်တဲ့ကိစ္စကိုတော့ အားလုံးကိုအသိပေးမျှဝေချင်ပါတယ်"ဟု ၎င်းက ဆိုသည်။

ချယ်ရီကိုးလ်သည် Mustique ကျွန်းငယ်ရှိ ကမ်းခြေတစ်ခုတွင် ဧည့်သည်လေးဦးဖြင့်သာ မင်္ဂလာအခမ်းအနားကိုကျင်းပခဲ့ခြင်းဖြစ်ပြီး မင်္ဂလာပွဲနှင့်ပတ်သက်သည့် အခြားအချက်အလက်များကို ထုတ်ဖော်ခြင်းမရှိကြောင်း သိရသည်။

အသက်(၃၁)နှစ်အရွယ် တေးသံရှင် ချယ်ရီကိုးလ်သည် နာမည်ကျော်ဘောလုံးသမား အက်ရှ်လေကိုးလ်နှင့် လက်ထပ်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ကွာရှင်းခဲ့ခြင်းဖြစ်သည်။

X Factor သီချင်းဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင်တစ်ဦးလည်းဖြစ်သူ တေးသံရှင် ချယ်ရီကိုးလ်၏ ဂီတလှုပ်ရှားမှုအနေဖြင့် ယခုနှစ်အတွင်း ၎င်း၏ စတုတ္ထမြောက် စတူဒီယိုအယ်လ်ဘမ်ကို Only Human ဟု အမည်ပေးထားကြောင်း သိရသည်။

ဝင်ငွေအများဆုံးသော ကိုရီးယားဂီတအဖွဲ့များဖြစ်လာခဲ့ကြသည့် Girls' Generation နှင့် 2NE1

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်ဂီတကြယ်ပွင့်အဖွဲ့များဖြစ်ကြသည့် Girls' Generation နှင့် 2NE1 အဖွဲ့တို့သည် ဝင်ငွေအများဆုံးသော ဂီတအဖွဲ့များဖြစ်ကြကြောင်း Forbes Korea ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ဝိုင်ဂျီအင်န်တာတိန်းမန့်၏ ထုတ်ပြန်ချက်အရ Girls' Generation အဖွဲ့က ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈ သန်းကျော်ဖြင့် ပထမနေရာတွင်လည်းကောင်း၊ 2NE1 က ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖြင့် ဒုတိယနေရာနှင့် T-ara အဖွဲ့က ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃ သန်းကျော်ဖြင့် တတိယနေရာတွင်လည်းကောင်း ရပ်တည်နေသည်။

ကေပေါ့ပ်လောကတွင် နာမည်ကြီးဂီတအဖွဲ့များဖြစ်ကြသည့် Girls' Generation နှင့် 2NE1 တို့သည် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အယ်လ်ဘမ်အသစ်အပြိုင်ထွက်ရှိခဲ့ပြီး တစ်ဦးနှင့်တစ်ဦး ပြိုင်ဘက်များသဖွယ်ဖြစ်ခဲ့ရသော်လည်း အယ်လ်ဘမ်နှစ်ခုလုံးသည် ဘီလ်ဘုတ်၌ ထိပ်တန်းတွင် ရပ်တည်နိုင်ခဲ့ကြသည်။

2NE1 အဖွဲ့အနေဖြင့် ယခုလက်ရှိတွင် All or Nothing ဂီတဖျော်ဖြေပွဲကို ဂျပန်၌ ကျင်းပလျက်ရှိပြီး Girls' Generation အဖွဲ့အနေဖြင့် ဂျပန်စတိုင်လ်ဖြင့် ဖန်တီးထားသည့် The Best အမည်ရှိအယ်လ်ဘမ်သစ်ကို ယခုလ ၂၃ ရက်တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်
စုစည်းသည်





ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပညာရေးဝန်ကြီးဌာန
အမှတ်(၃)အခြေခံပညာဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာ(ထက်၊ လယ်၊ မူ)ကျောင်းများတွင် ကျောင်းဆောင် (၈၈)ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	-	၁၆-၇-၂၀၁၄ရက် နံနက် ၉း၃၀ နာရီ
တင်ဒါပိတ်မည့်ရက်	-	၃၁-၇-၂၀၁၄ရက် ညနေ ၁၆း၃၀ နာရီ
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ	-	အမှတ်(၃)၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၃)၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း ၀၁-၂၁၂၉၆၉၊ ၂၁၁၃၄၄

သင့်သွေးဖြင့် အသက်ကယ်ပါ

၂၀၁၄ ကမ္ဘာ့ဖလား ဂိုးသွင်းအများဆုံးဆု ရိုဒရီဂွက်ဇ်ဆွတ်ခူး တိုက်စစ်မှူးလီယွန်နယ်မက်ဆီ အကောင်းဆုံးကစားသမားဆု ရရှိ

ငွေကြယ်

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလား ပြိုင်ပွဲကြီး၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျာမနီအသင်းနှင့် အာဂျင်တီးနား အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ဂျာမနီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလားချန်ပီယံ အသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံး စွမ်းဆောင်ရည်များ ပြသခဲ့သည့် ကစားသမားများကို ဆုများရွေးချယ် ချီးမြှင့်ခဲ့သည်။

ယင်းသို့ ဆုများရွေးချယ်ချီးမြှင့် ခဲ့ရာ၌ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ထွက်ပေါ် ခဲ့သည့် ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ဂိုးသွင်းအများ ဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ် ဆုကို ရယူဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ အသက်(၂၃)နှစ်အရွယ် ကိုလံဘီယာနှင့် မိုနာကိုတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ကိုလံဘီယာ အသင်းအား ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ရေးစွမ်းဆောင်ပေးခဲ့သူ ဖြစ်ပြီး ကွာတားဖိုင်နယ်တွင် အိမ်ရှင် ဘရာဇီးအသင်းအား ရှုံးနိမ့်ကာ ကမ္ဘာ့ ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ကိုလံဘီယာအသင်းအနေဖြင့် ယင်းသို့ထွက်ခဲ့ရသော်လည်း တိုက်စစ် မှူးဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ကိုလံ ဘီယာအသင်းအတွက် ငါးပွဲကစား ပေးခဲ့ရာ၌ ခြောက်ဂိုးအထိသွင်းယူပေး နိုင်ခဲ့ရာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး ကစားသမားဖြစ် ခဲ့ရပြီး ဂိုးသွင်းအများဆုံးဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ရိုဒရီဂွက်ဇ်သည် သွင်းဂိုးခြောက်ဂိုး၊ ဖန်တီးပေးမှုနှစ်ကြိမ်နှင့် ပါဝင်ကစား ပေးခဲ့သည့်အချိန် ၃၉၉ မိနစ်တို့ဖြင့် ဂိုးသွင်းအများဆုံးဆု ဆွတ်ခူးခဲ့ပြီး သောမက်မူလာမှာမူ သွင်းဂိုးငါးဂိုး၊ ဖန်တီးပေးနိုင်မှု သုံးကြိမ်နှင့် ပါဝင်ကစား ပေးခဲ့သည့်အချိန် ၆၈၂ မိနစ်တို့ဖြင့် ဂိုးသွင်းအများဆုံးဆုရပ်တည်မှုတွင် ဒုတိယနှင့် တိုက်စစ်မှူးနေမာမှာမူ သွင်းဂိုး လေးဂိုး၊ ဖန်တီးပေးနိုင်မှု တစ်ကြိမ်နှင့် ပါဝင်ကစားပေးခဲ့သည့် အချိန် ၄၅၇ မိနစ်တို့ဖြင့် တတိယ နေရာက ရပ်တည်ခဲ့သည်။

အာဂျင်တီးနားတိုက်စစ်မှူး လီယွန် နယ်မက်ဆီမှာမူ ၂၀၁၄ ကမ္ဘာ့ဖလား ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမား ကိုပေးအပ်သည့် ရွှေဘောလုံးဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ မက်ဆီသည် အာဂျင်တီးနားအသင်းခေါင်းဆောင် တစ်ဦးပီပီ အာဂျင်တီးနားအသင်းအား ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တက်လှမ်းနိုင်ရေးအတွက် ဘော့စနီး ယားအသင်း၊ အီရန်အသင်းနှင့် နိုင်ဂျီး ရီးယားအသင်းတို့နှင့် ကစားခဲ့ရာ၌ သုံးပွဲတွင် လေးဂိုးအထိသွင်းယူနိုင်ခဲ့ သည့် ကစားသမားတစ်ဦးဖြစ်သည်။ မက်ဆီသည် နယ်သာလန်အသင်းမှ ရော်ဘင်၊ ဂျာမနီကစားသမား သုံးဦး ဖြစ်သည့် နျူအာ၊ ရှဝိန်းစတိုင်ဂါနှင့် သောမက်မူလာတို့ကို ကျော်ဖြတ်ကာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ရှုံး/ထွက်ပွဲစဉ်များဖြစ်သည့် ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် ဂျာမနီတို့နှင့် ကစားခဲ့သည့်ပွဲစဉ်များ တွင် ဂိုးမသွင်းနိုင်ခဲ့ပေ။ သို့ရာတွင် အုပ်စုပွဲစဉ်တွင် သုံးပွဲ၌ လေးဂိုးသွင်း ယူပေးနိုင်မှုနှင့် မက်ဆီပါဝင်ကစား ပေးခဲ့သည့် ကမ္ဘာ့ဖလားပွဲစဉ်အားလုံး တွင် အာဂျင်တီးနားအသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့ခြင်းတို့ ကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲအကောင်းဆုံး ကစားသမားဆုဖြစ်သည့် ရွှေဘောလုံး ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်း၏ လက်ရွေးစင် ဂိုးသမားတစ်ဦးဖြစ်သည့် နျူအာသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆုဖြစ်သည့် ရွှေလက်အိတ် ဆုကို ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံး လူငယ်ကစားသမားဆုကိုမူ ပြင်သစ် အသင်းမှ အသက်(၂၁)နှစ်အရွယ် ကွင်းလယ်ကစားသမား ပေါပေါ့ဘာ က ဆွတ်ခူးရရှိခဲ့သည်။

ဒိန်းမတ်တိုက်စစ်မှူး ဘန်တနာအားခေါ်ယူရန် အက်စ်တွန်ဗီလာ ဆွေးနွေး

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းသည် လာ မည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် အသင်းလက်မဲ့ဖြစ်နေသည့် ဒိန်းမတ် လက်ရွေးစင်တိုက်စစ်မှူး နစ်ကလပ်စ် ဘန်တနာအားခေါ်ယူရန် ဆွေးနွေး လျက်ရှိကြောင်း သိရသည်။ လက်ရှိ အချိန်တွင် အက်စ်တွန်ဗီလာအသင်း၏ တိုက်စစ်ပိုင်း၌ ဒါရင်းဘန့်တစ်ဦးသာ ကြံ့ခိုင်မှုပြည့်ဝလျက်ရှိပြီး အဓိကတိုက် စစ်မှူးတစ်ဦးဖြစ်သည့် ဘန်တီကီ မှာလည်း ဒဏ်ရာပြဿနာရှိနေသလို အသင်း၏ ရာသီအစပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေခြင်းကြောင့် ယခု ကဲ့သို့ ဘန်တနာအားခေါ်ယူသွားရန် စီစဉ်နေခြင်းလည်းဖြစ်သည်။ ထို့ပြင် ဘန်တနာကိုခေါ်ယူရန် ဂျာမန်ဘွန် ဒက်စ်လီဂါကလပ်များက ကမ်းလှမ်း ထားသော်လည်း ၎င်းမှာ ပရီမီယာ လိဂ်တွင်သာ ကစားရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဒိန်းမတ် တိုက်စစ်မှူး ဘန်တနာမှာ ပရီမီယာ လိဂ်ထိပ်သီးကလပ် အာဆင်နယ် အသင်းတွင် ကာလရှည်ကစားခဲ့ဖူး သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဂျူဗင်တပ်စ်အသင်းသို့ အငှားသွား ရောက်ကစားခဲ့သော်လည်း နည်းပြ ကွန်တီမှာ ၎င်း၏ခြေစွမ်းအား နှစ်သက်ခြင်းမရှိသဖြင့် အပြီးသတ် စာချုပ်ချုပ်ဆိုရန် ငြင်းဆိုခဲ့သည်။ အက်စ်တွန်ဗီလာအသင်းမှာ ဘန်တနာ ၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက် ရှိနေပြီး ကစားသမားနှင့် ညှိနှိုင်းမှု အဆင်ပြေပါက တစ်ပတ်လုပ်ခ ပေါင် ခြောက်သောင်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

(စွမ်းထက်အောင်)

ဘရာဇီးတိုက်စစ်မှူး ဘားနက်အား အာဆင်နယ်စောင့်ကြည့်

အင်္ဂလန်ထိပ်သီးကလပ် အာဆင် နယ်အသင်းသည် လာမည့်ဘောလုံး ရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ရှက်တာဒိုး နက်ခ်အသင်း၏ ဘရာဇီးလူငယ်တိုက် စစ်မှူး ဘားနက်အားခေါ်ယူရန် စောင့် ကြည့်လျက်ရှိကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ ဘားနက်အား ခေါ်ယူရန်အတွက် ကာလရှည် စိတ် ဝင်စားနေခြင်းဖြစ်ပြီး လွန်ခဲ့သည့် နှစ်နှစ်ခန့်က အသင်းသို့ရောက်ရှိ လုနီးပါးအခြေအနေထိဖြစ်ပေါ်ခဲ့သော် လည်း ယူကရိန်းကလပ်ရှက်တာဒိုး နက်ခ်အသင်းက ကြားဖြတ်ခေါ်ယူခဲ့ ခြင်းလည်းဖြစ်သည်။ လက်ရှိအချိန် တွင် ဘားနက်မှာ အသက် (၂၁) နှစ် အရွယ်သာရှိသေးပြီး ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်နေသည့် ဘရာဇီးအသင်း၏ လူစာရင်းတွင်ရွေးချယ်ထားခြင်းခံခဲ့ရ သလို အသင်းအတွက် နှစ်ပွဲပါဝင် ကစားပေးခဲ့သည်။ ထို့ပြင် ဘားနက် မှာလည်း နိုင်ငံရေးအရှုပ်အထွေးများ ပေါ်ပေါက်နေသည့် ယူကရိန်းမြေကို စွန့်ခွာရန် ဆန္ဒရှိနေပြီး ဘရာဇီးသို့ ပြန်ရန် စီစဉ်လျက်ရှိကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ၎င်းတို့၏ အဓိကပစ်မှတ်ဖြစ်သော ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်း ချက်ဇ်အား အပြီးသတ်ခေါ်ယူစာချုပ် ချုပ်ဆိုပြီးပါက ဘားနက်ကိုပါ ကမ်း လှမ်းသွားဖွယ်ရှိကြောင်း သိရသည်။ ရှက်တာဒိုးနက်ခ်အသင်းသည် ဘား နက်အတွက် ပေါင်သန်း ၂၀ ခန့်အလို ရှိနေပြီး အာဆင်နယ်အသင်းမှာလည်း ယင်းပမာဏကို ပေးချေသွားရန် အဆင်သင့်ရှိနေကြောင်း ဗြိတိန် မီဒီယာများက ဖော်ပြခဲ့ကြသည်။

(ကိုရဲ)



သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်တိုက်မိ

ပဲခူး ဇူလိုင် ၁၄

ပဲခူးအမှတ် (၃) ယာဉ်ထိန်း ဒုတပ်ခွဲမှူးရုံးမှ တာဝန်မှူး ဒုရဲအုပ်စန်းယု တာဝန်ထမ်းဆောင်နေစဉ် ဇူလိုင် ၁၂ ရက်က ရန်ကုန်-မန္တလေး ခြောက်လမ်းသွား လမ်းမကြီး(လမ်းဟောင်း) မိုင်တိုင်အမှတ်(၄၆/၄)နှင့် (၄၆/၅) ကြား ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး (၈) စည်တီးကျေးလက်ဖွံ့ဖြိုးရေးလမ်းဆုံတွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၃) နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ကျော်စိုး၊ ရဲတပ်ကြပ် သိန်းစိုးနိုင်တို့နှင့် အတူ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အောက်စည်တီးကျေးရွာမှ ပဲခူးဘက်သို့ ယာဉ်မောင်းကျော် ဟိန်းစိုး(၂၈)နှစ်၊ အထက်စည်တီးကျေးရွာ ပဲခူးမြို့နယ်နေသူ သည် နံပါတ်မပါ Wave ငွေ၊ ခဲ၊ အနက်(လိုင်စင်စစ်ဆေးဆဲ) ဆိုင်ကယ်၏နောက်တွင် စည်သူစိုး (၁၉)နှစ် အောက် စည်တီးကျေးရွာ ပဲခူးမြို့နယ်နေသူအား တင်ဆောင်ပြီး မောင်းနှင်လာစဉ် အထက်စည်တီးလမ်းမှ ရန်ကုန်-မန္တလေးလမ်းမကြီးသို့ ဖြတ်တက်စဉ် ပဲခူးကောလိပ်ဘက် မှ ပဲခူးမြို့တွင်းဘက်သို့ မောင်းနှင်လာသော သုံးဘီး ဆိုင်ကယ် ယာဉ်မောင်းအမည်စုံစမ်းဆဲ၊ နေရပ်လိပ်စာ စုံစမ်းဆဲ ဟ/....(၁၂) လိုင်းအပြာရောင်သုံးဘီး ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ယာဉ်မောင်း ကျော် ဟိန်းစိုးတွင် နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ပါးစပ်မှ သွေးထွက်ဒဏ်ရာ၊ မေးစေ့မှ ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက် လက်ခလယ်ပေါက်ပြဲဒဏ်ရာ၊ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ မောင်စည်သူစိုးတွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာများရရှိကြပြီး ရဲဆေးစာနှင့်အတူ ပဲခူး အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ပေး ခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းနှစ်ဦးအား ပဲခူးအမှတ်(၃)နယ်မြေ ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းစစ်သူ(ပဲခူး)

တရားမဝင်ခိုးသွင်းခဲ့သည့် ဇိမ်ခံကားမျိုးစုံ ၅၂ စီး မော်လမြိုင်မြို့နယ်အတွင်း သိမ်းဆည်း

မော်လမြိုင် ဇူလိုင် ၁၄

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း အနီးကပ်ကြီးကြပ်၍ မော်လမြိုင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းတင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒေသခံ တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဇွန် ၂၇ ရက်မှ ဇူလိုင် ၇ ရက်အထိ မော်လမြိုင်မြို့နယ် အဝင်/အထွက် စစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှု များပြုလုပ်ခဲ့ရာ ဇိမ်ခံကားမျိုးစုံ ၅၂ စီး သိမ်းဆည်းခဲ့ပြီး အမျိုးသမီး တစ်ဦးနှင့် အမျိုးသား ၃၈ ဦးကို ဖမ်းဆီးအရေးယူကာ ပိုင်ရှင်မဲ့ ဇိမ်ခံကားမျိုးစုံ ၁၄ စီးအား သက်ဆိုင် ရာ နယ်မြေရဲစခန်းများမှ ပို့ကုန်၊ သွင်းကုန် ဥပဒေပုဒ်မ ၈ အရ အမှုဖွင့် အရေးယူထားသည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုတို့ဖြင့် တပ်ဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ပြည်နယ်အတွင်း ဝင်ရောက်လာသည့် ဇိမ်ခံကားမျိုးစုံကို ထိရောက်စွာ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရ သည်။

ကျော်သန်း(မော်လမြိုင်)

တောလည်ထွက်သူနှစ်ဦးအားရှာဖွေရာ ကမ်းပါးဘေးမြေများပိကာ သေဆုံးလျက်တွေ့ရှိ

ဗန်းမော် ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော် မြို့နယ် နောင်ပတ်ကျေးရွာနေ အမျိုးသားနှစ်ဦးသည် သောက်စား မူးယစ်ပြီး တောလည်သွားရာမှ ပြန်လည်ရောက်ရှိခြင်း မရှိသဖြင့် လိုက်လံရှာဖွေခဲ့ကြရာ ကမ်းပါး မြေစာပုံဘေး၌ မြေများဖုံးပိ သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မြို့နယ် နောင်ပတ်ကျေးရွာနေ အိုက်စံ(ခ) စိုင်းအိုက်စံ(၄၅)နှစ်နှင့် အဲ့တိုး(၃၈) နှစ်တို့နှစ်ဦးသည် ဇူလိုင် ၇ ရက် ည ၁၁ နာရီက သောက်စားမူးယစ်ပြီး တောလည်ထွက်သွားရာမှ ပြန်လည် ရောက်ရှိမလာ၍ ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် အိုက်စံ(ခ)စိုင်း အိုက်စံ၏ဇနီး မနန်းမွန်းဟွန်က သက်ဆိုင်ရာသို့ အကြောင်းကြား၍ လိုက်လံရှာဖွေခဲ့ရာ ကမ်းပါးမြေစာပုံ ဘေး၌ ၎င်းတို့နှစ်ဦးစလုံး မြေစာပုံပိ၍ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း ဗန်းမော်မြို့နယ် မံစီကြီးနယ် မြေရဲစခန်းတာဝန်ရှိသူ ရဲအရာထံမှ သိရသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဗန်းမော်မြို့နယ် မံစီကြီးရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၁၅/၂၀၁၄ ဖြင့်ရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

မျိုးဝင်းထွန်း(မုံရွာ)

လှိုင်မြစ်အတွင်း ရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးနေသူ သေဆုံးလျက်တွေ့ရှိ

ရန်ကုန် ဇူလိုင် ၁၄

လှိုင်မြစ်အတွင်းရှိ သဘော်ာပျက် အနီး ရေဆင်းချိုးရာမှ ရေနစ် ပျောက်ဆုံးနေသူ လူငယ်အား ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက သေဆုံးလျက် တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် လှိုင်မြစ် အတွင်း အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကိုတွေ့ရှိကြောင်း သတင်း အရ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အင်းစိန်မြို့နယ်နေ မောင်အောင်ကျော်ဌေး (၁၅)နှစ် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်အား စုံစမ်းခဲ့ရာ သေဆုံးသူမှာ ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခန့်တွင် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် သစ်ဆိပ် လမ်း လှိုင်မြစ်အတွင်းရှိ သဘော်ာ ပျက်ပေါ်မှနေ၍ မြစ်အတွင်းသို့ ဒိုင်ဗင်ထိုးဆင်းကာ ရေချိုးနေရာမှ နစ်မြုပ်ပျောက်ဆုံးနေသူဖြစ်ကြောင်း၊ ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီခွဲ ခန့် မြစ်ရေအကျတွင် ၎င်းသဘော်ာ ပျက်အနီး၌ပင် ပြင်ပထိခိုက်ဒဏ်ရာ မရှိဘဲ သေဆုံးနေသည်ကို တွေ့ရခြင်း ဖြစ်ကြောင်း၊ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၄၄/ ၂၀၁၄)ဖြင့် ရေးဖွင့်စုံစမ်းဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

ရေလှိုင်းများရိုက်ခတ်မှုကြောင့် ကမ်းပြို၍ နေအိမ်များပျက်စီး

ဟိုင်းကြီးကျွန်း ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၁၁)တွင် ပင်လယ်ရေလှိုင်းများ ရိုက်ခတ်မှုကြောင့် ကမ်းပါးများပြိုကျကာ လူနေအိမ် ၂၆ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ကမ်းပါးပြိုမှုမှာ ဇူလိုင် ၁၁ ရက်မှ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လေ၊ မိုးနှင့် လှိုင်းဒဏ်ကြောင့် ပြိုကျခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲထိ နေအိမ် ၂၆ လုံးပျက်စီးကာ လူအသေအပျောက်မရှိကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့ထံမှ သိရသည်။

ဇူလိုင် ၁၃ ရက် နံနက်တွင် လူနေအိမ်သုံးလုံးထပ်၍ ပျက်စီးခဲ့ပြီး ပျက်စီးမှု စာရင်းအရ အိမ်ခြေ ၂၉ လုံး ရှိသွားပြီဖြစ်ကြောင်းနှင့် ရေဘေးသင့် အိမ်ထောင်စုများအား ဘေးလွတ်ရာနေရာသို့ ယာယီပြောင်းရွှေ့နေထိုင်ကြရန် ဒေသန္တရ အမိန့်ထုတ်ပြန်ကြေညာထားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်းသွယ်(၃)၊ ခြံအမှတ်(၁၀-ဘီ)ရတနာခြံနေ ဦးမောင်မောင်(အကျိုးဆောင်ရှေ့နေ၊ ကံကောင်းခြင်းရတနာကုမ္ပဏီ-ဒေါ်သိန်းသိန်းညွန့်(တရားသူကြီး ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးဇော်ဇော်ဟိန်းမြင့်

M.B.,B.S(D.S.M.A) M.Med.Sc (O& G)

သားဖွားနှင့်မီးယပ်ပါရဂူ

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၁၂၆)နေ ဦးထွန်းဝေ(M.D WAH WAH TUN WAI M & E Engineering Service,Co.,Ltd)-ဒေါ်သန်းသန်းအေး (ဝါဝါထွန်းဝေ စိန်ရွှေရတနာဆိုင်)တို့၏သမီးကြီး

မဝါဝါထွန်းဝေ

B.A (English), D.B.L

Director WAH WAH TUN WAI M&E Co.Ltd & Jewellery Shop

တို့၏ ၇-၇-၂၀၁၄ ရက် (တနင်္လာနေ့)တွင် Sedona ဟိုတယ် Grand Ballroom မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာအေးမြဆွေ၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာခင်ခင်ရှိန်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မစုဝေဖြိုး 3rd MB (ဆေးတက္ကသိုလ်-၁)၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဗိုလ်ကြီးဇေယျာဝင်း၊ ဗိုလ်ကြီးသန်းထိုက်အောင်နှင့် မင်္ဂလာ သတို့သမီးအရံများဖြစ်ကြသော မစုစန္ဒီထွန်းဝေ 3rd MB (ဆေးတက္ကသိုလ်-၁)၊ မကြာညိုသင်း 3rd MB (ဆေးတက္ကသိုလ်-၁) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါ တော်ပေးသီချင်း သီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင်တက္ကသိုလ်လဲ့လဲ့နှင့် စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့သားများအား လည်းကောင်း၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးပါသော ဒီဇိုင်နာယဉ်သူဆွေ၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသောမေဦးမောင် (တော်ဝင်သူ)အားလည်းကောင်း၊ မိတ်ကပ်အလှဆင်ပေးပါသော မိတ်ကပ်လင်းလင်းအဖွဲ့နှင့် မိတ်ကပ်ကိုဝင်းမြင့်အားလည်း ကောင်း၊ ပန်းအလှဆင်ယင်ပေးပါသော နီနီပွိုင့်(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ Pre Wedding ဓာတ်ပုံများအား မေတ္တာဖြင့် ပံ့ပိုးကူညီရိုက်ကူးပေးပါသော ဦးအောင်ပြည့်စုံနှင့် Black and White စတူဒီယိုအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာ ညှော်ခံပွဲဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Golden Arrow အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှကူညီပံ့ပိုး ပေးပါသော “ကံကောင်းခြင်းရတနာကုမ္ပဏီ”အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ ပြီးမြောက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံး တို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်ဇော်ဟိန်းမြင့်-မဝါဝါထွန်းဝေ

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဖွယ်ပစ္စည်းများ လှူဒါန်းရန်နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်အဘိုး၊ အဘွားများ အမည်စာရင်းများကို ဗိုလ်မှူးကြီးနေဝင်း (ငြိမ်း)ဖုန်း ၅၅၄၉၇၂၊ ရဲမှူးကြီးတင်သိန်းဟန်(ငြိမ်း)ဖုန်း ၀၉-၅၃၂၁၉၁၉၊ဦးရဲမြ ဖုန်း ၅၄၈၈၃၈၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း ၀၉-၅၁၄၇၉၀၄၊ ဦးမောင်မောင်လှ ဖုန်း ၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း ၅၁၀၄၅၂ တို့ထံ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ပါသည်။

ကျင်းပမည့်နေ့ - ၇-၉-၂၀၁၄(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂း၀၀နာရီ
ကျင်းပမည့်နေရာ - အကောက်ခွန်ဓမ္မာရုံ(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)

ထိုင်းတပ်မတော်မှ ကော့သောင်းမြို့ရှိ လေဘေးသင့် အိမ်ထောင်စုများအတွက် အိမ်မိုးသွပ်များ လှူဒါန်း

ကော့သောင်း၊ ဇူလိုင် ၁၄

နှစ်နိုင်ငံနယ်စပ်ဒေသ ပြည်သူများ ချစ်ကြည်မှု အခွန့်ရှည်ရေး၊ လူသားချင်း စာနာမှုရည်ရွယ်ချက်များဖြင့် ထိုင်းနိုင်ငံ၊ ရနောင်းခရိုင်၊ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများသည် ကော့သောင်းမြို့ လေဘေးသင့်အိမ်ထောင်စုများသို့ အိုးအိမ်များ ပြန်လည် ပြင်ဆင်ဆောက်လုပ်ရာတွင် အထောက်အကူဖြစ်စေရန် အိမ်မိုးသွပ်များနှင့် သွပ်ရိုက်သံများ လာရောက်လှူဒါန်းခြင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့၊ မြို့မဆိပ်ကမ်း ဘောတံတားတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစီအစဉ်တွင် ထိုင်းနိုင်ငံ၊ ရနောင်းခရိုင်၊ နယ်မြေခံတပ်ရင်း အမှတ်(၂၅)မှ ဒုတိယဗျူဟာမှူး၊ ထိုင်း-မြန်မာနယ်ခြားကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဖုန်ဖတ် ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါအဖွဲ့မှ အိမ်မိုးသွပ်ပြား ၁၇၀ ချပ်နှင့် သွပ်ရိုက်သံ ကိုးကီလိုအား လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံ၊ ကော့သောင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံခဲ့သည်။

ယခုနှစ်အတွင်း ကမ္ဘာနှင့်အဝှမ်း သဘာဝဘေးအန္တရာယ် ကျရောက်မှုသည် မိတ်ဆွေမြန်မာနိုင်ငံကဲ့သို့ မိမိတို့ထိုင်းနိုင်ငံတွင်လည်း အများပြည်သူတို့၏ အိုးအိမ် လူနေမှုဘဝများစွာ အတိဒုက္ခရောက်ကြရသည်ကို တွေ့ကြုံနေရသောကြောင့် အိမ်နီးချင်း မြန်မာနိုင်ငံအား နားလည်စာနာမိ၍ စေတနာဖြင့် တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပံ့ပိုးပေးခြင်းဖြစ်ကြောင်း အဆိုပါလှူဒါန်းမှုအစီအစဉ်တွင် ထိုင်းနိုင်ငံ တပ်မတော်၊ ရနောင်းခရိုင် နယ်မြေခံတပ်ရင်းမှ ဒုတိယဗျူဟာမှူးက ပြောကြားခဲ့သည်။

ယင်းနောက် ကော့သောင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌက ယခုကဲ့သို့ လာရောက်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မော်လူးတွင် မိုးရာသီ ဈေးရောင်းပွဲတော် ပြုလုပ်

မော်လူး၊ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူး ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီး အရှေ့ဘက် စိုက်ပျိုးရေးရုံး နေရာဟောင်း မြေကွက်လပ်ကွင်းပြင်တွင် မိုးရာသီ ဈေးရောင်းပွဲတော် ကျင်းပရာ လာရောက်ကြည့်ရှု ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

၎င်းမိုးရာသီ ဈေးရောင်းပွဲတော်တွင် အဝတ်အထည်များ၊ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် ပျော်ပွဲရွှင်ပွဲများ ပါဝင်ကြောင်း သိရသည်။

ဈေးရောင်းပွဲတော် ရက်များအတွက် ဈေးဆိုင်ခန်းတစ်ခန်းလျှင် ခြောက်သောင်းကျပ်ပေးရပြီး ဆိုင်ခန်းတစ်ခန်းလျှင် လျှပ်စစ်မီးနှစ်ပွင့် တပ်ဆင်ပေးခြင်းနှင့် ရေသန့် တစ်လီတာဘူး တစ်ဘူးပေးကြောင်း၊ဆိုင်ခန်းများတွင် လျှပ်စစ်မီးနှစ်ပွင့်ထက်ပိုပါက မီးတစ်ပွင့်လျှင်ကျပ်ငါးရာနှုန်း ထပ်မံပေးဆောင်ရကြောင်း ဈေးရောင်းချသူများ၏ ပြောကြားချက်အရသိရသည်။

ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်သော်လည်း ဇူလိုင် ၁၀ ရက်ကတည်းက လာရောက်ကြည့်ရှုဝယ်ယူကြသည့် ဒေသခံများ စည်ကားလျက်ရှိကြောင်း ဈေးရောင်းပွဲတော်တွင် လာရောက်ရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောသည်။

ဇေ၅

ကန့်ကြီးထောင့်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကန့်ကြီးထောင့်၊ ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန့်ကြီးထောင့်မြို့၊ ပြည်သူ့ဆေးရုံဝင်းတွင် ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကန့်ကြီးထောင့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၀ ခန့်ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ဇူလိုင် ၅ ရက်တွင်လည်း အမှတ်(၁) ရပ်ကွက်နှင့် ဆေးရုံဟောင်းပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး အပတ်စဉ်စနေနေ့တိုင်း မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

မန္တလေးတိုင်းဒေသကြီးတွင် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေး သင်တန်း သုံးလကြာ ဖွင့်လှစ်

မန္တလေး၊ ဇူလိုင် ၁၄

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၃၂ နှင့် ၃၃ လမ်းကြားရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မန္တလေးတိုင်းဒေသကြီး ၂၀၁၄ ခုနှစ် အခြေခံပညာ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်မားရေးသင်တန်းကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်မှ စတင်၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်သည့်အခါ ပညာရေးပြုပြင်ပြောင်းလဲမှုသည် အလွန်အရေးကြီးကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှု၌ ပညာရေးကိုမြှင့်တင်ပေးရာတွင် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးကဏ္ဍသည် အထူးအရေးပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အဆိုပါဖွင့်ပွဲတွင် ပြောကြားသည်။

ကောင်းမွန်သော ပညာရေးရရှိခြင်းသည် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများ လျင်မြန်သွက်လက်ရေးနှင့် ထိရောက်မှုရှိလာမည်ဖြစ်သည့်အပြင် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝအပေါ်မှာ တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများကို အရည်အသွေးများ ကာလတိုအတွင်း မြှင့်တင်နိုင်ရန် TKT (Teaching Knowledge Test Course) ကို အကောင်အထည်ဖော်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခုလို စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးမြင့်မားလာမှ နိုင်ငံ့အနာဂတ်ခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသား၊ ကျောင်းသူများ အရည်အသွေးများသည် မြင့်တက်လာမည်ဖြစ်ပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဆက်လက်ပြောသည်။

သင်တန်းတွင် မန္တလေးခရိုင်နှင့် ပြင်ဦးလွင်မြို့နယ်တို့မှ အခြေခံပညာအထက်တန်း အင်္ဂလိပ်ဘာသာပြ ဆရာ၊ ဆရာမများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၈၀ ဦး တက်ရောက်ကြပြီး သင်တန်းကို သုံးလကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းပြီးဆုံးလျှင် အင်္ဂလန်နိုင်ငံ ကမ်းဘရစ်တက္ကသိုလ်က စစ်မေးမည့် TKT စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ရာ ကမ္ဘာ့အထင်ကရတက္ကသိုလ်ကြီးက ချီးမြှင့်မည့် အင်္ဂလိပ်စာသင်ကြားရေး အောင်လက်မှတ်ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

မွေးနေ့နှင့် ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် အထက(ကံပေါက်) နဝမတန်း(A) မကေသီဦး၏ မွေးသက္ကရာဇ်မှန်မှာ (၂-၉-၁၉၉၆)ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၇-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ရက် ညနေ ၄း၁၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။ ဆေးရုံအုပ်ကြီး

မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး

၂၃လမ်း၊ ၈၀-၈၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊

မန္တလေးတိုင်းဒေသကြီး။ ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆





ဖခင်အမည်မှန်

အထက(၂)လသာမြို့နယ် GRADE 11(B) မှ မခိုင်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း[၁၂/လမတ(နိုင်)၀၀၅၂၉၈] ဖြစ်ပါသည်။

INVITATION FOR OPEN TENDER

(TENDER No.3(T) MPE/MOGAS (1)/2014-2015)

1. Open Tender is invited for the Myanma Petrochemical Enterprise,the Ministry of Energy for the supply of Mogas (92-RON)UNL (47,000 ± 10 % Barrels)
2. Tender Closing Date - 5-8-2014 at(12:00)noon.
3. Tender Opening Date - 5-8-2014 at (13:00)hrs.
4. Delivery Time - End of August 2014
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise,Nay Pyi Taw, during office hours commencing 15-7-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

Contact Phone no.
067-411108/411193

ဖတ်စရာ

ထိန်းသိမ်းတတ်စေချင်သည်

à qkwfift(arwaje;uav;)

လောကမှာ ယောကျ်ားများပြီး လင်ကောင်းရှားတယ်။ မိန်းမများပြီး မယားကောင်းရှားပါတယ်။ လုပမှုကိုအလေးထားသူ၊ ငွေကြေးမက်မောသူ၊ အတွေ့အထိကို ဦးစားပေးသူတွေဟာ မျှော်မှန်းသလို ကောင်းစားရတာထက် မမျှော်မှန်းထားတဲ့ ပူဆွေးရတဲ့ နေ့ရက်တွေကိုသာ အများဆုံးပိုင်ဆိုင်ရပါတယ်။

အချစ်မှာမျက်စိမရှိဘူးလို့ ကြွေးကြော်သူတွေကနေ တချို့မိန်းကလေးငယ်ငယ်တွေ အသိမှားပြီး လမ်းမှားလိုက်တတ်ကြပါတယ်။

မြင်းကမလှုပ် ခုံကလှုပ်၊ ကောက်ညှင်းကမစေးဘဲ ဆန်ကြမ်းကစေးနေကြပြီး အချစ်ကိုအနှစ်ထင် ဆန္ဒကို ဦးစားပေးတတ်ကြပါတယ်။ တကယ်တော့ သဘာဝကိုလွန်ဆန်ရင် ဒုက္ခကိုရင်မှာပိုက် အမိုက်လမ်းသာ လျှောက်ရမှာပါ။

စာရေးသူ သူငယ်ချင်းပြောပြတာလေးပါ။ ဆယ်တန်းအောင်တော့ တက္ကသိုလ်အသီးသီးတက်ကြတာပေါ့လေ။ သူကသူ့တက္ကသိုလ်က အကြောင်းတွေပြောပြရင်း ခုခေတ်မိန်းကလေးတွေရဲ့ အနေအထိုင်မတတ်ပုံကို ပြောပြတာပါ။ သူတို့ကျောင်းမှာ မိန်းကလေးကစလို့ စာလိုက်ပေးတာ။ လိုက်ချိန်းတာ။ ရည်းစားစကားပြောတာ တော်တော်များနေပါတယ်တဲ့။ သူကတော့ အဲဒီကိစ္စတွေအတွက် ရှက်လည်းရှက် စိတ်လည်းမကောင်းဘူးတဲ့။ သူပြောပုံအရ သူ့သူငယ်ချင်းအသစ် မိန်းကလေးတစ်ယောက်ကလည်း စာရေးသူတို့ကျောင်းက အောင်သွားတဲ့ ကောင်လေးတစ်ယောက်ကို အတင်းလိုက်ကပ်နေပါတယ်တဲ့။

အဲဒီကောင်လေးက စာတော်ပါတယ်။ ရုပ်ရည်လည်း သန့်ပါတယ်။ သူ့ကိုကြိုက်နေတဲ့ စာရေးသူရဲ့ သူငယ်ချင်းတစ်ယောက်လည်း ရှိပါတယ်။ ဒါပေမယ့် စာရေးသူရဲ့ သူငယ်ချင်းကတော့ ဣန္ဒြေဆယ်ပြီး သွားတော့မပြောပါဘူး။

အရိပ်အယောင်တွေတော့ ပြတာပေါ့လေ။ သူကလည်း အစက ဒီမိန်းကလေးလိုလိုနဲ့ သူ့ကို မိန်းကလေးတန်မယ့် စာပေးလိုက်ချိန်းတဲ့ ကောင်မလေးနောက် ပါသွားပါရော။ လူငယ်တွေ ဖလန်းဖလန်းထတဲ့အချိန်ဆိုတော့ ဘာပြောနိုင်မလဲ။ အရှည်လည်းမတွေး ဘာမှလည်း မတွေးဘဲ ဆန္ဒတစ်ခုတည်းကို ဦးစားပေးတာက မကောင်းလှပါဘူး။ ခုမြင်ခုကြိုက် ခုလိုက်ဆိုတာမျိုးဖြစ်နေပြီး မိန်းကလေးက စကြိုက်စလိုက် စလမ်းကြောင်းပေးတာဆိုတော့ တော်တော်ခက်ပါတယ်။ အဲဒီမိန်းကလေးနဲ့ အတွဲဖြစ်သွားပါတယ်တဲ့။

သူငယ်ချင်းနဲ့ ဒီအကြောင်း ဆက်မပြောဖြစ်တော့လို့ ဘာတွေဆက်ဖြစ်ကြလည်းဆိုတာတော့ မသိတော့ပါဘူး။

ဒီနေရာမှာ မိန်းကလေးတွေကို ပြောချင်တာပါ။ ကိုရီးယားကားတွေကြည့်ပြီး ယူသင့်တာတော့မယူ မယူသင့်တာတွေယူပြီး ပျက်စီးနေကြတာများပါတယ်။ စာရေးသူ ကိုးတန်းတုန်းကလည်း ဆယ်တန်းကအသိ အစ်မတစ်ယောက်က ယောက်ျားလေးတွေနဲ့ပေါင်းပြီး ဘီယာတွေသောက်ကြတာ မြင်ခဲ့ပါတယ်။ ကျောင်းကအပြန် လမ်းမှာသောက်ကြတာပါ။ ခိုးသောက်တာပေါ့လေ။ မိဘတွေသိရင်တော့ ရင်ကျိုးမိမှာပါ။ ကိုရီးယားက အေးလို့သောက်ကြတာ။ ပြီးတော့ ဗုဒ္ဓဘာသာထွန်းကားတာလည်း မဟုတ်ပါဘူး။ တရားအဆီအနှစ်တွေ ပျောက်ဆုံးနေကြပြီ။ သူတို့လုပ်သလို လိုက်လုပ်လို့ဘယ်ဖြစ်မလဲ။

> **အတုမယူသင့်တာတွေ ယူနေသရွေ့တော့ ပျက်စီးမှုတွေပဲဖြစ်လာမှာပါ။ ပြီးတော့ မိန်းကလေးတွေအတွက်ပါ။ မယူသင့်တာ . . .**

မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာထွန်းကားရာနိုင်ငံ။ စောင့်ထိန်းသင့်တဲ့ ကျင့်ဝတ်သီလတွေကိုလည်း သိနှင့်နေတာပဲ။ အဲဒါတွေ ထိန်းသိမ်းကြပေါ့။ အခုတော့ မြန်မာမိန်းကလေးတွေက မကောင်းတာမျိုးတွေကိုတော့ အတုခိုးပိုကျွမ်းတယ်။ အတိုလိုက်ဝတ်ရမလား။ ဘယ်လောက်တိုတို။ အရက်လိုက်သောက်ရမလား။ ဘယ်လောက်မူးမူး။ ရည်းစားစကားလိုက်ပြောရမလား။ ဘယ်လောက်သိက္ခာမဲ့မဲ့။ အဲလိုဖြစ်နေကြတာပါ။ (မှတ်ချက်။ ။ သက်ဆိုင်သူများအတွက်သာ)

ကိုရီးယားကားထဲမှာ သူတို့တွေအလုပ်မှာ ဘယ်လိုပြိုင်ဆိုင်ကြတယ်။ မင်းသမီး ဘယ်လိုကြိုးစားတယ်။ ကောက်ကျစ်သူ ဘာတွေဖြစ်သွားတယ်။ ဒါတွေကြည့်ပြီး သင်ခန်းစာယူရမှာပါ။ အတုမယူသင့်တာတွေ ယူနေသရွေ့တော့ ပျက်စီးမှုတွေပဲ ဖြစ်လာမှာပါ။ ပြီးတော့ မိန်းကလေးတွေအတွက်ပါ။ ဖိုကမကို လိုက်ကြိုက်တာ သဘာဝပါ။ ပျားပိတုန်းတွေက ပန်းဆီပဲလာပါတယ်။ ပန်းက တောင်ပံပေါက်ပြီး ပျားပိတုန်းအသိုက်ကို မသွားပါဘူး။ သွားရင်တော့ စုတ်ပြတ်သွားရုံပဲရှိပါတယ်။ သဘာဝတရားဆိုတာ မလွန်ဆန်ရင်အကောင်းဆုံးပါ။

သဘာဝကို လွန်ဆန်မိသူ မိန်းကလေးအတွက်တော့ ယိုသူမရှက် မြင်သူရှက်ပါပဲ။ နစ်မွန်းဖို့ကလည်း လက်တစ်ကမ်းပါ။ ဒီလို မိန်းကလေးတွေကိုလည်း အထင်ကြီးသူမရှိပါဘူး။ တစ်ဖက်သတ်လိုက်ကြိုက်သူ မိန်းကလေးတွေကို ယောက်ျားလေးတွေ ရှောင်ကြတာများပါတယ်။ မ ကလိုက်ပြီး ချစ်လိုက်ရလို့ ကောင်းစားတယ်ဆိုတာ ရှားပါတယ်။ ကိုယ်က စကြိုက်ကတည်းက ပင်ပန်းဖို့ချည်းပါပဲ။ မိန်းကလေးတွေက ပိုသတိထားသင့်ပါတယ်။ ယောကျ်ားတစ်ယောက်မှာရော မိန်းမတစ်ယောက်မှာပါ ဖူးစာဖက် အိမ်ထောင်ဖက်ရွေးဖို့ အချိန်များစွာရှိပါတယ်။ အားချင်းပဲ ဖူးစာကို ဦးရာလူ မရွေးသင့်ပါဘူး။ ဖူးစာကို ဦးရာလူ ယူခိုင်းခြင်းဟာ မိမိရဲ့တန်ဖိုးကို လျော့ကျစေပါတယ်။

နောက်တစ်ခုက 'ချစ်တိုင်းလည်း မညား၊ ညားတိုင်းလည်း မချစ်'တဲ့။ ဟုတ်ပါတယ်။ တစ်ယောက်ကိုတစ်ယောက် ချစ်လှပါချည်ရဲ့ မခွဲနိုင်ဖြစ်ရပါချည်ရဲ့ဆိုပြီး သက်ဆိုင်သူနဲ့လွဲ အခြားသူနဲ့တွဲမိသွားသူတွေ အများကြီးပါ။

တဒင်္ဂဖြစ်တဲ့ စိတ်ကစားမှုအတွက် မိမိသိက္ခာကို အပွန်းခံပြီး အမှားမလုပ်မိစေပါနဲ့။ မိန်းကလေးဆိုတာ မိမိအပြုအမူနဲ့ စိတ်နှလုံးသားနဲ့ပဲ မိမိတန်ဖိုးကို မြှင့်တင်နိုင်တာပါ။

အစ်ကိုတစ်ယောက်က ပြောပြဖူးပါတယ်။ သူ့ကို မိန်းကလေးတွေဘက်က ချစ်လို့ကြိုက်လို့ ပြောတာခံရဖူးတယ်တဲ့။ ဒါပေမယ့် သူကိုယ်တိုင်ကမှ မကြိုက်တာ။ သနားပြီး စိတ်မကောင်းပေမယ့် ငြင်းခဲ့ရပါတယ်တဲ့။ ဘုရားဘုရား အဲဒီစကားတွေကြားတုန်းက တကယ်အံ့ဩမိပါတယ်။ ပြန်စဉ်းစားကြည့်ပါ။ စိတ်ထားယုတ်ညံ့တဲ့လူမျိုးသာ သွားကြိုက်မိရင် မိန်းကလေးတွေဘဝ မတွေးရဲစရာပါ။ ဘယ်လိုပဲဖြစ်ဖြစ်လေ။ ဒီအစွန်းကြီးက ချွတ်ရခက်ပါတယ်။ အဲဒီမိန်းကလေးက ငါ့ကိုရည်းစားစကားပြောခဲ့တာလေလို့ အချင်းချင်းပြန်ဖွတတ်တဲ့ သူမျိုးနဲ့သာဆုံရင် ကိုယ့်ရာဇဝင်မှာ ကိုယ့်အတွက်ကြက်ခြေခတ်စာမျက်နှာရှိသွားမှာပါ။

ဒါကြောင့် ဆန္ဒကို သိက္ခာနဲ့ထိန်းပါလို့ စကားဖြစ်လာတာပေါ့။ မိန်းကလေးဘဝဆိုတာ တစ်ကွက်မှားတာနဲ့ တစ်သက်စာမကအရှုက်ရစေနိုင်ပါတယ်။ သူများမသိရင်တောင် မိမိနဲ့ မိမိပြောခဲ့ဖူးတဲ့ သက်ဆိုင်သူကသိနေတာပဲ။ ရှက်တတ်ရင်တော့ ဒီလိုကိစ္စတွေ မလုပ်ပါနဲ့လို့ ပြောချင်ပါတယ်။

မိန်းကလေးတွေ ယောက်ျားလေးတွေကို စကြိုက်ကြတာက ရုပ်ချောလို့တစ်မျိုး ပလီပလာအပြောကောင်းလို့တစ်ဖုံ ခနအင်အားတောင့်တင်းလို့တစ်သွယ် အမျိုးမျိုးကြောင့်ကြိုက်ကြတာများပါတယ်။ များသောအားဖြင့် ရုပ်ရည်ကြောင့် ကြိုက်ကြတာများပါတယ်။ သေချာစဉ်းစားကြည့်ရင် ရုပ်ရည်ဗန်းပြပြီး လိုတာယူ ချူတတ်သူတွေလည်း များလှပါတယ်။ ဒါကြောင့် မိမိဟာ လှတာမက်ရင် ဘဝပျက်နိုင်သလို ဥစ္စာမက်ရင်လည်း အလှပျက်နိုင်တယ်ဆိုတာ သိထားပါ။ တချို့ယောက်ျားတွေက အစာဝရင် ဌာနပြန်တတ်ကြတာမို့ အသိနဲ့နဲ့ သတိမဲ့တတ်တဲ့ ငယ်ရွယ်စဉ်မှာ မြင်မြင်ရာ အချစ်ထင်ပြီး အမြင်တွေမလွဲကြပါနဲ့။ စိတ်ကစားတတ်တဲ့အရွယ်မှာ ဖြစ်တတ်တာလို့ သဘောပိုက်ပြီး မိမိစိတ်ကိုထိန်းပါ။ အသိဉာဏ်ထက်လာတဲ့တစ်နေ့မှာ မိမိရဲ့ မှန်ကန်ခဲ့တဲ့ဆုံးဖြတ်ချက်အတွက် မိမိကိုယ်ကို ဂုဏ်ယူနိုင်မှာပါ။ မိန်းကလေးတွေဟာ မိမိကိုယ်ကို မိမိသိ မိမိတန်ဖိုးမိမိမြှင့်ပြီး အနေတတ်ပါစေ။

ရွှေခွက်လို တန်ဖိုးကြီးတဲ့ မိမိသိက္ခာအတွက် မှန်တဲ့လမ်းကို နားလည်ခံယူတတ်ကြပါစေ။ အမှားသိရင် အမှန်ပြင်ရတာမို့ အမှန်ကို မြန်မြန်ပြင်နိုင်ကြပါစေ။

ပါးစပ်မှ အမြှုပ်များထွက်၍ သေဆုံးသူနှစ်ဦး သင်္ချိုင်းကျွန်းဆေးရုံသို့ ရောက်ရှိ

ရန်ကုန်၊ ဇူလိုင် ၁၄

ဒဂုံမြို့သစ်တောင်ပိုင်း မြို့မရဲစခန်းမှ ဒုရဲမှူးအောင်ဆန်းဦးနှင့်အဖွဲ့သည် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က သင်္ချိုင်းကျွန်းစံပြဆေးရုံတွင် ပါးစပ်မှအမြှုပ်ထွက်၍ သေဆုံးသူနှစ်ဦးရောက်နေကြောင်း သတင်းအရသွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ အသက် ၂၃ နှစ်အရွယ် အမျိုးသားနှင့် အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးတွင် ပြင်ပဒဏ်ရာများမတွေ့ရဘဲ ပါးစပ်မှအမြှုပ်ထွက်သေဆုံးနေကြောင်းသိရသည်။

၎င်းဖြစ်စဉ်အားစုံစမ်းရာ ၎င်းတို့နှစ်ဦးမှာ လင်မယားပြီး ၎င်းတို့နေထိုင်သည့် အခန်းကြမ်းပြင်တွင် 'အမေသားတို့ကို ခွင့်လွှတ်ပါ သားအမေ့အပေါ် အများကြီးမှားခဲ့ပါတယ်" ဟု ရေးသားထားသည့် စာရွက်အပိုင်းကိုတွေ့ရကြောင်း သိရသည်။

အလောင်းကို မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ခဲ့ပြီး ဒဂုံမြို့သစ်တောင်ပိုင်း မြို့မရဲစခန်း ကသေမှုသေခင်း အမှတ်စဉ် ၃၃/၃၄ ဖြင့်အမှုဖွင့်ထားသည်။ **၃၁**

ဓာတ်အားလိုင်းကြိုးများတွင် လိုင်းပုခတ်များတပ်ဆင်

ရန်ကုန်၊ ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း လူသွားလူလာများပြားသောလမ်းမကြီးပေါ်၌ လျှပ်စစ် ဓာတ်အားလိုင်းပြတ်ကျမှုကြောင့် ဓာတ်လိုက်သေဆုံးမှုများ အပါအဝင်မလိုလားအပ်သည့် လျှပ်စစ်အန္တရာယ်များမဖြစ်ပေါ်စေရန်ဓာတ်အားလိုင်းကြိုးများတွင် လိုင်းပုခတ်များ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ထန်းတပင်မြို့နယ်လျှပ် စစ်အင်ဂျင်နီယာ ဦးအောင်မျိုးထွန်းနှင့်ဝန်ထမ်းများသည် လူသွားလာများပြားသော နေရာများရှိ ဓာတ်အားလိုင်းကြိုးများကို လိုင်းပုခတ်များ တပ်ဆင်ခြင်း၊ မြို့နယ်အတွင်းမိဘပြည်သူများအား လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်သော အချက်များပါရှိသည့် အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ မြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဇူလိုင် ၁၂ ရက်က ဆောင်ရွက်ခဲ့သည်။

အိသင်းထိုက်(ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထူးစီမံကိန်းကြီးအဖွဲ့(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း(မကွေးတိုင်းဒေသကြီးအပိုင်း)အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လမ်းတံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါရန် ကြေညာအပ်ပါသည်။

၁။ လမ်းခင်းပစ္စည်းရွယ်စုံ	-	4279ကျင်း(ကျောက်ရွယ်စုံ)
	-	137 ကျင်း(သဲ)
၂။ တင်ဒါပိတ်မည့်ရက်/အချိန်	-	၂၄-၇-၂၀၁၄၊ ၁၂:၀၀ နာရီ
၃။ တင်ဒါဖွင့်မည့်ရက်/အချိန်	-	၂၅-၇-၂၀၁၄၊ ၁၃:၀၀ နာရီ
၄။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	-	ခရိုင်အင်/မှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့။

(အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၉-၄၇၂၁၄၇၂၂ သို့ ရုံးချိန်အတွင်း စုံစမ်း မေးမြန်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်	-	၁၈-၇-၂၀၁၄ ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၁၁-၈-၂၀၁၄ ရက် (တနင်္လာနေ့) (ညနေ ၄:၀၀ နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈၊ ၀၁-၅၄၄၀၀၀

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V ASIAN LEADER V.49 သင်္ဘောသည် ၁၇-၇-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အမှတ်(၃၈)အရှေ့မြောက်၊ မြေကွက်အမည် ၁၃/၃၊ ဦးပိုင်အမှတ် ၇/၃က-၁၊ ဧရိယာ(အလျားပေ၂၃၀×အနံပေ၉၀) ဦးလှမောင် အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်လျက်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးလှမောင်[၁/မကန(နိုင်)၀၀၀၂၀၅]က တရားဝင်လက်ရှိ ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေလီသိန်း[၁၂/ဒဂန(နိုင်)၀၃၃၅၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးတိန့်ယိန်း **LL.B**
အထက်တန်းရှေ့နေ
အမှတ်(၁၃၃)၊ တပ်ကုန်းအရှေ့မြောက်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၇၂၊ မြေကွက်တည်နေရာ အမှတ် ၇၂၊ (၃)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးလှစိုး) [၁၃/တကန(နိုင်)၀၀၈၀၆၂]-(ဒေါ်ခင်ထွေး) [၁၂/ဒပန(နိုင်)၀၁၁၆၆၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှစိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်ဦး [၁၂/ဒပန(နိုင်)၀၁၀၀၂၈] ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၄၅/၁၄ (၂၁-၃-၁၄)ရရှိသူ ဒေါ်ခင်သူဇာအောင် [၁၂/သကတ(နိုင်)၁၃၃၈၂၇]နှင့် ကျန်ပူးတွဲ အမည်ပေါက် ဒေါ်ခင်ထွေး[၁၂/ဒပန(နိုင်)၀၁၁၆၆၀]တို့က ကျမ်းကျိန်လွှာ၊သေစာရင်းများတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအားတတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များရှင်းလင်း

ဘုတ်ပြင်း၊ ဇူလိုင် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု Third Wave လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးမှာကြားချက်များဖြစ်သည့် ကောင်းမွန်သော အစိုးရတစ်ရပ် ဖြစ်ပေါ်ရေးအတွက် မိမိတာဝန်၏ အဓိကအချက်များဖြစ်သော အများသဘောတူညီမှု၊ ပွင့်လင်းထင်သာမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လိုက်နာဆောင်ရွက်သွားရန်၊ Third Wave အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လူမှုစီးပွားတိုးတက်ရေးလုပ်ငန်းများအားချက်ခြင်းအကောင်အထည်ဖော်မှုများကို ပြောကြားခဲ့သည်။

ထို့ပြင် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အများပြည်သူများသိရှိရေး ရေးသားနည်းပုံစံပြောင်းကာ ကြိုးစားတာဝန်ထမ်းဆောင်ကြရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များဖြစ်သည့် လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များကို ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့နယ်ခွဲနှင့် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲရုံးများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ **ဘုတ်ပြင်း(ပြန်/ဆက်)**

ပုသိမ်မှ ဟိုင်းကြီးပြင်ခရိုင်သင်္ဘောများအား မြို့လယ်ရှိ ဆိပ်ကမ်းများမှ ပြေးဆွဲပေးရန် ဒေသခံများဆန္ဒရှိနေ

ပုသိမ်၊ ဇူလိုင် ၁၄

ပုသိမ်မှဟိုင်းကြီး ပြင်ခရိုင်သို့ ပြေးဆွဲနေသော သင်္ဘောများအား ယခင်ပြေးဆွဲနေသော မြို့လယ်ဆိပ်ကမ်းများမှ ပြန်လည်ပြေးဆွဲပေးရန် ဒေသခံများက ဆန္ဒရှိနေကြောင်း သိရသည်။

"အမှတ်-၁ ဆိပ်ခံဘောတံတားဝင်းထဲမှာ ရွှံ့ဗွက်တွေ၊ ရေအိုင်တွေဖြစ်ပေါ်နေပြီး မိုးအခါမှာ ရေကြီးရေလျှံခြင်းတွေကြောင့် ခရီးသွား လုပ်သားပြည်သူတွေအနေနဲ့ ထိုရွှံ့ဗွက်ရေအိုင်များအတွင်း ဖြတ်သန်းသွားလာနေရတော့ ခရီးသွားတွေအနေနဲ့ များစွာအဆင်မပြေ ဖြစ်ရပါတယ်။ အဲဒါကြောင့် ခရီးသွားလုပ်သားပြည်သူတွေ စရိတ်ကုန်ကျမှုသက်သာပြီး အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ဖို့ ယခင်ပြေးဆွဲခဲ့သော မြို့လယ်ဆိပ်ခံဘောတံတားများမှ ဟိုင်းကြီးပြင်ခရိုင် သင်္ဘောလိုင်းများကို ပြန်လည်ပြေးဆွဲ ပေးစေချင်တာပါ"ဟု ဒေသခံများက ၎င်းတို့၏ဆန္ဒကို ပြောခဲ့သည်။

ပုသိမ်မှဟိုင်းကြီး ပြင်ခရိုင် ပြေးဆွဲသော သင်္ဘောလိုင်းများသည် ယခုအခါ အမှတ်-၁ ဆိပ်ခံဘောတံတားမှ ပြေးဆွဲလျက်ရှိသည်။ အမှတ်-၁ ဆိပ်ခံဘော တံတားသည် ဘူတာရုံ၊ ရန်ကုန်ကားဂိတ်တို့နှင့် အလှမ်းကွာဝေးသောနေရာတွင် ရှိသောကြောင့် ခရီးသွားလုပ်သားပြည်သူများအနေဖြင့် သွားရေးလာရေး ခရီးစရိတ်များ ပိုမိုကုန်ကျလျက်ရှိနေကြောင်း ဒေသခံများက ပြောသည်။ **(ကြေးမုံ)**

ဆိပ်ခံဘောတံတားဝင်းအတွင်း ရေအိုင်များဖြစ်ပေါ်နေသည်ကိုတွေ့ရစဉ်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ မန္တလေးဘဏ်ခွဲ ဖွင့်လှစ်

မန္တလေး၊ ဇူလိုင် ၁၄

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (မန္တလေးဘဏ်ခွဲ)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် ၂၇ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အဆိုပါဘဏ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဦးသိန်းဇော်၊ ဘဏ်ခွဲမန်နေဂျာနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘဏ်ဒုတိယဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မန္တလေးဘဏ်ခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများသည် ဘဏ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြကြောင်းသည်။ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဘဏ်နှင့်ချိတ်ဆက်၍ လုပ်ကိုင်နေသော ပြည်သူများ ယုံကြည်စိတ်ချစွာဖြင့် ငွေလွှဲငွေပို့ခြင်းကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပေါင်း ၆၆ မြို့တွင် ဖွင့်လှစ်ထားရှိပြီး ငွေလွှဲငွေပို့ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြတ်ပါရမီ လူမှုကူညီရေးအသင်းမှ သက်ကြီးရွယ်အိုများအား ဝါဆိုဦးကုသိုလ် ယူဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော မြတ်ပါရမီလူမှုကူညီရေးအသင်းမှ ရပ်ကွက်အတွင်းရှိသက်ကြီးရွယ်အိုများအား ဝါဆိုဦးကုသိုလ်ယူဆောင်ရွက်ခြင်းကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီအသင်းရုံးခန်းမ၌ ကျင်းပသည်။

ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုဘိုးဘွား ၉၀ အား မြတ်ပါရမီလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဦးဆောင်၍ အသင်းဝင်များစုပေါင်း၍ ဘိုးဘွားများအား ဝါဆိုဦးကုသိုလ်ပေးခြင်းအဖြစ် ဘိုးဘွားများ၏ ခြေသည်း၊ လက်သည်းများအား လှီးဖြတ်သန့်စင်ပေးခြင်း၊ နေပြည်တော်၏ တန်ခိုးကြီးဘုရားများဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်၊ သတ္တသတ္တာဟ စေတီတော်မြတ်၊ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် ရွှေရွက်လှဘုရားများသို့မော်တော်ယာဉ်များဖြင့် ဘုရားဖူးပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယင်းဘုရားဖူးခရီးစဉ်တွင် လိုက်ပါခဲ့သော ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ အသက်(၁၀၀)ရှိ ဇနီးမောင်နှံဖြစ်သည့် ဦးကြည်-ဒေါ်အုံးကြည်တို့က အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာ တည်ထားတဲ့ ဘုရားစေတီတော်နဲ့ပုံစံတူ နေပြည်တော်မှာရှိတဲ့ 'သတ္တသတ္တာဟ' စေတီတော်ကြီးကို အဘိုးအဘွားတို့တစ်သက်မှာ ယနေ့မြတ်ပါရမီ လူမှုကူညီရေးအသင်းက ဘုရားဖူးခွင့်ရရှိအောင်ပို့ဆောင်ပေးတဲ့အတွက် လူမှုကူညီရေးအသင်းကြီးမှ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မင်းမင်းလတ်(ရှုပဗေဒ)

ကျောင်းတော်ရာကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

တောင်တွင်းကြီး၊ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပေပင်ယားကျေးရွာအုပ်စု၊ ကျောင်းတော်ရာကျေးရွာတွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးဦးခင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆိုင်းဘုတ်အားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က အမွှေးနံ့သာရေများ ပက်ဖျန်းပေးခဲ့ကြသည်။ ယင်းနောက် ပညာရေးရန်ပုံငွေကျပ် ငါးသိန်းအား ပြည်ထောင်စု ဒုတိယဝန်ကြီးက လှူဒါန်းခဲ့သည်။ **နိုင်ဝင်း**

မရောင်းမည်

တင်းအိတ်တိုက်ယပ်ရှင် ငှါးပေးပါတယ်

09 730 77722, 01-682044

Korean-Myanmar Travels & Tours Co., Ltd

မလှိုင်မြို့နယ်၌ဖွန်လရှာသွန်းမိုးကြောင့် နှမ်းစိုက်ပျိုးမှုဖြစ်ထွန်း

မလှိုင်၊ ဇူလိုင် ၁၄

မလှိုင်မြို့တွင် ပြီးခဲ့သည့်ဇွန်လက မိုးရွာသွန်းခဲ့သောကြောင့် နှမ်းစိုက်ပျိုးမှု အောင်မြင်ခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းနဲ့ မလှိုင်ဒေသအတွင်း ဆည်၊ တာတမံများ အသစ်တည်ဆောက်ပေးသလို ပြုပြင်ပေးပြီး ရေတွင်းရေကန်များ ဆောက်လုပ်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူတွေအနေနဲ့ ရေတွင်းရေကန်တွေကို အားကိုးပြီး စိုက်ပျိုးနေကြတာပါ။ ကျွန်တော်တို့က စိုက်ပျိုးသီးနှံတွေအနက် နှမ်း၊ မြေပဲနဲ့ ကြက်သွန်ကို အဓိကဦးစားပေး စိုက်ပျိုးကြတာပါ"ဟု ကြက်ဖြူကျေးရွာအုပ်စုမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ယခင်လတွေက မလှိုင်မြို့နယ်မှာ မိုးခေါင်တာကြောင့် တောင်သူများ အမြတ်ထက်အရင်းရဖို့ကို မနည်းစိုက်ပျိုးကြရတာပါ။ စိုက်ပျိုးတဲ့အချိန်ကစပြီး ရိတ်သိမ်းတဲ့အချိန်ထိ မိုးကိုမျှော်နေရတယ်။ ယခုလို နှမ်းများဖြစ်ထွန်းအောင်မြင်အောင် ဆုတောင်းနေရပါတယ်"ဟု နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်၌ အုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာရှိ စိုက်ပျိုးတောင်သူများသည် စပါး၊ ပဲ၊ နှမ်းဝါစသည့် စိုက်ပျိုးသီးနှံများကို စိုက်ပျိုးကြသကဲ့သို့ မွေးမြူရေးအနေဖြင့် ကြက်၊ ဝက်၊ သိုးများအပြင် ဆိတ်များလည်း မွေးမြူကြသည်ဟု သိရသည်။

ကျော်ကျော်(မလှိုင်)

ဝါဆိုပေါက်ပေါက်ပန်းကြဲပက်၍ ကုသိုလ်ယူသူများဖြင့် ကျောက်ပန်းတောင်းမြို့တွင် စည်ကားလျက်ရှိ

ကျောက်ပန်းတောင်း၊ ဇူလိုင် ၁၄

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ဓမ္မစကြာ အခါတော်နေ့ဖြစ်သည့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်ဖြစ်သဖြင့် ဘုရား၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းတို့တွင် ဥပုသ်သီတင်းသီလ ဆောက်တည်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် နိုင်ငံနှင့်အဝှမ်း စည်းကားလျက်ရှိနေသကဲ့သို့ လပြည့်ကျော် ၁ ရက်နေ့ဖြစ်သည့် ဇူလိုင် ၁၂ ရက်တွင်လည်း ဝါဆိုပန်း ဆက်ကပ်ကြသူများဖြင့် မြို့၊ ရွာဒေသအနှံ့ စည်ကားလျက်ရှိနေကြရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဝါဆိုပန်းကပ်လှူခြင်းအစား ကလေးငယ်များနှင့် လူငယ်များအစုအဖွဲ့အလိုက် စုဝေး၍ ဘုရားများတွင် လှည့်လည်ကာ ပေါက်ပေါက်ပန်းများ ကြဲပက်ကုသိုလ်ယူကြခြင်းဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

အဆိုပါ ပေါက်ပေါက်ပန်း ကြဲပက်ကုသိုလ်ယူကြသော လူငယ်များနှင့် ကလေးငယ်များမှာ မိမိတို့အစုအဖွဲ့အလိုက် မော်တော်ဆိုင်ကယ်များဖြင့်လည်းကောင်း၊ အချို့မှာ မိမိတို့အဖွဲ့အလိုက် သုံးဘီးဆိုင်ကယ်များ ငှားရမ်း၍လည်းကောင်း၊ မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ဂေါင်းနီတောင်ဘုရား၊ မဟာစေတီကြီးဘုရား၊ မြို့ဦးအောင်စေတီ၊ ကုန်းတော်ကြီးဘုရား၊ ကြွယ်ဝတောင်ဘုရား၊ သုံးဆူတန်းဘုရား၊ မြတ်ရွှေဂူဘုရားနှင့် သက်တော်ရှည်/သက်တော်ရာဘုရားများသို့ လှည့်လည်သွားလာကြသလို၊ အချို့မှာလည်း နေပူပူမှာပင် မမောပန်းနိုင်ကြဘဲ ခြေကျင်ခရီးဖြင့် တစ်နေကုန်အောင် ဘုရားအနှံ့ သွားလာကြသည်ကို တွေ့မြင်ရသည်။

ဘုရားဖူးလာပြည်သူများနှင့် ဝါဆိုပေါက်ပေါက်ပန်း ကြဲပက်ကုသိုလ်ယူကြသူများကို ဘုရားကျောင်းများမှ ဝေယျာဝစ္စအဖွဲ့လူငယ်များက အစုအဖွဲ့လိုက်သော်လည်းကောင်း၊ အချို့နေရာများတွင် တစ်သီးပုဂ္ဂလအလှူရှင်များကလည်းကောင်း မုန့်ဟင်းခါး၊ ကြာဇံဟင်းခါး၊ ကြာဇံကြော်၊ တို့ဟူးသုတ် အစရှိသည့် စားသောက်ဖွယ်ရာများဖြင့် စတုဒိသာကျွေးမွေးဧည့်ခံကြသည်ကိုလည်း ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရသည်။

"ကျွန်တော်တို့က သူငယ်ချင်းတွေစုပြီး အလှူလုပ်တာပါ။ အမာခံသူငယ်ချင်း ၁၅ ယောက်နဲ့စုပြီး ဒီဘုရားမှာ တစ်နှစ်ကိုသုံးကြိမ်၊ အခုဝါဆိုလပြည့်နေ့ရယ်။ တန်ဆောင်မုန်းလပြည့်နေ့ရယ်၊ ကဆုန်လပြည့်နေ့ရယ်ပေါ့။ တစ်နှစ်ကိုသုံးကြိမ်စုပြီး လှူလာခဲ့တာ ၁၅ ခါကျော်သွားပါပြီ။ ဒီနေ့လည်း ကျွန်တော်တို့အဖွဲ့က မုန့်ဟင်းခါးစတုဒိသာနဲ့ လာသမျှ လူအားလုံး အယုတ်အလတ် အမြတ် မရွေး ကျွေးမွေးဧည့်ခံပြီး ကုသိုလ်ယူသွားမှာပါ" ဟု ဣစ္ဆိတံဘုရားတွင် စုပေါင်း ကုသိုလ်ရှင်တစ်ဦးဖြစ်သူ ကိုအောင်ဇော်ဌေးက ပြောသည်။

အခြားအရပ်ဒေသများတွင် ဘုရားစေတီများ၌ ဝါဆိုဦး ပန်းကပ်လှူကုသိုလ်ယူကြသည့် အလေ့အထရှိသော်လည်း၊ ကျောက်ပန်းတောင်းမြို့နယ်တွင် တမူထူးခြားစွာပင် ရှေးအစဉ်အဆက်မှစတင်၍ ယနေ့ထိတိုင် ပေါက်ပေါက်ပန်းကြဲပက်ပူဇော်သည့် အလေ့အထရှိနေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ငွေချေးငှားရန် နေအိမ်သို့လာရောက်ခဲ့သူမှ လက်ဝတ်ရတနာရွှေထည်ပစ္စည်းများ ခိုးယူခဲ့မှု ပေါ်ပေါက်

ရန်ကုန်၊ ဇူလိုင် ၁၄

ကြည့်မြင်တိုင်မြို့နယ်နေ အမျိုးသမီးတစ်ဦးသည် ၎င်း၏နေအိမ်ဧည့်ခန်းရှိ ဘီဒိုအတွင်းရှိ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်း ၁၉ မျိုး စုစုပေါင်းအလေးချိန် ၃၀ ကျပ်သားကျော်ခန့် တန်ဖိုးငွေကျပ် သိန်း၂၀၀ ကျော်မှာ ပျောက်ဆုံးနေသည်ကို သိရှိရသဖြင့် မိသားစုများကို မေးမြန်းရာ ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီ အထိ ၎င်း၏သူငယ်ချင်းဖြစ်သူမှာ ငွေချေးလို၍ နေအိမ်သို့ လာရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ငွေလာချေးသူ အမျိုးသမီးမှာ ငွေကြေးများသုံးစွဲကာ အဆင်ပြေနေသည်ကို စုံစမ်းသိရှိရ၍ ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှုနှင့် မသင်္ကာသဖြင့် စုံစမ်းအရေးယူပေးပါရန် ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီက တိုင်တန်းလာခဲ့ကြောင်း သိရပြီး ထိုသို့ တိုင်တန်းချက်အရ ကြည့်မြင်တိုင်မြို့မရဲစခန်းက (ပ)၄၆၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ မသင်္ကာဖွယ် ငွေလာချေးသူအမျိုးသမီးအား စောင့်ကြည့်စုံစမ်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ၎င်းနေထိုင်ရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အမှုမှပါသည့် လက်ဝတ်ရတနာရွှေထည်ပစ္စည်း ၁၁ မျိုးနှင့် ထုခွဲရောင်းချရရှိသည့်ငွေဖြင့်ဝယ်ယူထားသော ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ တန် ၁၂ ရွက်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ယင်းကဲ့သို့ ပေါ်ပေါက်ချက်အရ ငွေလာချေးသူအား အရေးယူဆောင်ရွက်လျက်ရှိပြီး ကျန်သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(MLA)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Caustic Soda, Fluorescent Indicator

(ခ) စက်နှင့် စက်အရန်ပစ္စည်းများ-Teflon,Compressor and Pump with Motor, Combustible Gas Detector and O_2,N_2 Detector, Monitor, Printer, Scanner, Fax, Copier, Duplicator, 8port Switch,Computer Table & Chair, Projector, Recycle M/C For Waste Polypropylene PP Pallet & Cursher M/C for WPP, Control Valve, Mixer, Flexible Hose Pipe

(ဂ) ကုန်ကြမ်းပစ္စည်းများ-ပလတ်စတစ်အိတ်၊ မီးစာချည်

(ဃ) စက်ဆီ၊ ချောဆီများ-Lube Oil(TOL, HOM, IGO-72, SDO-30, PGO-90 EP, PTO-32, PMO-30, ISO-68, ISO-46

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-LTS Catalysts, Merox Catalyst, Resins

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-Lab-Apparatus, Induced Fan For Dryer Complete Set(K-2202)with Motor, MP Steam Superheater Tube Bundles, 4MW GTG For LPG (Nyaung Done), PLC with Cabinet Display Panel For Feed Gas Compressor, Spare Part for NH_3, Feed Pump & Mechanical Seals, Temperature Element, Pressure Gauge & Air Regulator & Flow Meter & Valve& Diaphragm Disc Pack, Level Transmitter, Flow Transmitter & Pressure Transmitter, Molten Urea Pump(P-3202)with Motor & Diaphragm for Urea Plant, Spare Parts for Carbamate Feed Pump(P-3102A/B), Spare Parts for Ammonia Feed Pump(P-3102A/B), Filter Element of Oil Filter for (P-3102, P-3101), Spare Parts for River Water Pump(P-5001A/B) and Pressure Rclief Valve(Safety Valve) for 5th Stage Outlet of CO2 Compressor, REF 542Plus (HMI Unit)with control program installor and BDM, Control Valve(HV-3301), Intellisys Controller, SMC Filter, Regulator and Pressure Regulator, Relay and Solenoid, Level Transmitter(LT-3202, LT-3404, LT-3505, LT-5413, LT-5420), Pressure Transmitter (PT-4012) and Temperaure Gauge, Sight Glass & Shut off Valve and Piston Ring & Piston Rider Ring

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၅-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၄-၈-၂၀၁၄(၁၂:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
Ph.067-411123, 067-411193

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃၆)အကြီးစားစက်ရုံ၊ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)အတွက် အောက်ဖော်ပြပါကုန်ကြမ်းအား စက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	**Soda Ash Dense**	**1100Tons**

၂။ တင်ဒါအား ၁၄-၇-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၃၀-၇-၂၀၁၄ ရက် ၁၅:၃၀ နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံ ပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၃၆၀)

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း



ချင်းပြည်နယ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော ပိန်းဥများကို ပြည်ပသို့ တင်ပို့နိုင်ရေး အထောက်အပံ့များလိုအပ်

ချင်းပြည်နယ်၊ ဇူလိုင် ၁၄

တောင်သူများအတွက် အကျိုးအမြတ်ရသီးနှံဖြစ်သည့် ပိန်းဥ (Taro Root) စိုက်ပျိုးရေးကို ချင်းပြည်နယ်တွင် တစ်ပိုင်တစ်နိုင်အဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

အဆိုပါ ပိန်းဥဈေးကွက်သည် အလားအလာရှိပြီး အထွက်နှုန်းလည်းကောင်း၊ တောင်သူ အတွက်လည်း အကျိုးအမြတ်ရရှိသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပြည်တွင်းကုမ္ပဏီများနှင့် အသင်းအဖွဲ့အစည်းများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် လယ်ယာကဏ္ဍ ထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်မည့် အလားအလာများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်ရှိ တောင်သူများအနေဖြင့် ဈေးကွက်တင်နိုင်ရေးအထိ တိုးချဲ့စိုက်ပျိုးရန် ပံ့ပိုးမှုများ လိုအပ်နေကြောင်း၊ နေပြည်တော်အနီး တစ်ဝိုက်တွင်သာ ဂျပန်မျိုးစေ့များဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိနေကြောင်း သိရသည်။

ပိန်းဥစိုက်ပျိုးရေးသည် ချင်းတောင်သူများအနေဖြင့် လွယ်လွယ်ကူကူနှင့် လုပ်နိုင်သည့် လုပ်ငန်းဖြစ်သည့်အပြင် မြေအသုံးချမှု အကျယ်အဝန်းနည်းနည်းနှင့် ဝင်ငွေများများ ရရှိနိုင်သော လွယ်ကူသည့် စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် တောင်သူများအတွက် အလားအလာကောင်းသည့် လုပ်ငန်းဖြစ်ကြောင်းသိရသည်။

ပိန်းဥအပင်သည် နေရာတိုင်းတွင်ပေါက်ရောက်ကာ အဓိကမြေဆီဩဇာထက်သန်ပြီး ရေစိမ့်ဆင်းမှုကောင်းသော မြေမျိုးတွင် ဖြစ်ထွန်းကြောင်း၊ ပိန်းဥပင်နှစ်မျိုးရှိရာ ခြောက်သွေ့သော တောင်ပေါ်ဒေသတွင် ပေါက်သည့်ပိန်းဥနှင့် စိုစွတ်သောလယ်ယာမြေတွင်ပေါက်သော ပိန်းဥဟူ၍ ရှိကြောင်း၊ အပူပိုင်းဒေသတွင် ငါးလမှ ၁၁ လအတွင်း၌ လည်းကောင်း၊ မိုးများသော ဒေသများတွင် ခြောက်လမှ ၁၅ လအတွင်း၌လည်းကောင်း ဥ၍ ပိန်းဥများကို စားသုံးနိုင်ပြီး တစ်ဧကလျှင် နှစ်တန်ခန့် ရရှိနိုင်ကြောင်း၊ ပိန်းဥကို သဘာဝပေါက်ရောက်နေမှုမှသည် စီးပွားဖြစ် ရောင်းဝယ်ဖောက်ကားနိုင်သော ပိန်းဥများအဖြစ် နေရာဒေသများစွာ၌ စိုက်ပျိုးကြမည်ဆိုပါက ပိန်းဥရောင်းကုန်မှ ဝင်ငွေများသည် အပိုဝင်ငွေအဖြစ် ရရှိနိုင်မည်ဖြစ်ကြောင်း ပိန်းဥစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

"အခုချင်းတောင်မှာဆိုရင် ကိုယ့်ဘာသာကိုယ် နည်းနည်းပါးပါး စိုက်တာလောက်ပဲရှိပါ သေးတယ်။ ဈေးကွက်ကိုတင်ပို့ဖို့ နိုင်ငံတကာကို တင်ပို့ဖို့ဆိုရင်တော့ တိုးချဲ့စိုက်ပျိုးဖို့နဲ့ မျိုးစေ့တွေလိုမှာပေါ့"ဟု ယင်းက ဆက်လက်ပြောသည်။

ချင်းပြည်နယ်တွင် ပိန်းဥစိုက်ပျိုးမှု အများဆုံးမြို့နယ်မှာ တွန်းဇံမြို့နယ်ဖြစ်ပြီး ဧကပေါင်း ၁၁၆၂ ဧက စိုက်ပျိုးထားကြောင်း၊ ချင်းပြည်နယ်တစ်ဝှမ်းလုံးတွင် ပိန်းဥစိုက်ဧက စုစုပေါင်းမှာ ၁၅၆၂ ဧကဖြစ်ပြီး ပိန်းဥအထွက် နှုန်းမှာ ပိဿာချိန် ၅၃၅၃၀၀၂ ပိဿာ ထွက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပိန်းဥကိုစီးပွားဖြစ်စိုက်ပျိုးပါက နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်သည်။

ဇိုဟေဆာ

ဇူလိုင်ဒုတိယပတ်တွင် မန္တလေးမြို့ရှိ စားသောက်ဆိုင်ဈေးကွက် ပုံမှန်ပြန်လည် လည်ပတ်လျက်ရှိ

မန္တလေး၊ ဇူလိုင် ၁၄

မန္တလေးမြို့တွင် ဇူလိုင် ၁ ရက်က ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် သွားလာမှုနည်းပါးခဲ့ပြီး အစားအသောက်ရောင်းဝယ်မှုတွင် ကုန်ခြောက်များသာ ရောင်းအားသွက်ခဲ့ကာ ပဋိပက္ခဖြစ်ပြီးနောက် ဇူလိုင်ဒုတိယအပတ်တွင် အခြေအနေကောင်းမွန်လာလျက်ရှိရာ အစားအသောက်ရောင်းချသည့်ဆိုင်များမှာ ပုံမှန်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"ပဋိပက္ခတွေဖြစ်ပြီး ပုဒ်မ ၁၄၄ ထုတ်ပြီးနောက်မှ ဆိုင်ရောင်းအား တစ်ဆခွဲလောက် လျော့ကျသွားတယ်။ ဆိုင်က ၂၄ နာရီဖွင့်တဲ့ အလင်းဆိုင်ဆိုတာ ညမထွက်ရအမိန့်ထုတ်ထားတော့ ဆိုင်ကိုစောစောပိတ်ရတယ်။ ပဋိပက္ခဖြစ်ပြီး တစ်ပတ်လောက်တော့ ရောင်းအားကျခဲ့တယ်။ ဒီအပတ်လောက်မှ ဆိုင်ရောင်းအား ပုံမှန်ပြန်ဖြစ်လာတာပါ။ နေ့ခင်းပိုင်း ရောင်းအားကတော့ ပုံမှန်ပါပဲ။ ကုန်ပစ္စည်းဈေးနှုန်းတွေကို ထိန်းသိမ်းပေးဖို့လိုပါတယ်။ ကုန်ပစ္စည်းဈေးနှုန်း မြင့်လာတာနှင့်အမျှ ဝယ်ယူစားသောက်တဲ့သူတွေ နည်းလာနိုင်တယ်"ဟု လှိုင်းကဖေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့အပတ်က ဆိုင်ရောင်းအား နည်းနည်းကျဆင်းခဲ့ပါတယ်။ အခုတလော ပုံမှန် ရောင်းချလျက်ရှိပါတယ်။ အရင်က ဆိုင်ကိုည ၉ နာရီပိတ်တာ အခုည ၇ နာရီပြောင်းပိတ်ရတယ်။ ပုဒ်မ ၁၄၄ ကိုငြိမ်းချမ်းဖို့အတွက် ထုတ်ထားတာကောင်းပါတယ်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ခုနှစ် ရောင်းချရမှုက ပုံမှန်ရောင်းအားသာရှိပါတယ်။ ကုန်ပစ္စည်းဈေးနှုန်း မြင့်တက်လာမှု၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းတွေ ဈေးနှုန်းမြင့်တက်မှုတွေကြောင့် ဈေးကွက်ထိခိုက်မှုတွေ ရှိပါတယ်"ဟု မင်းသီဟကဖေးမှ ၎င်းတို့၏ လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ သုံးသပ်ပြောပြခဲ့သည်။

သီဟကိုကို(မန္တလေး)

တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေး

မကွေး၊ ဇူလိုင် ၁၄

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third wave) နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာကြည့်တိုက်ခန်းမတွင် ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third wave)နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မကွေးခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။ ရှင်းလင်းဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက ဝန်ထမ်းများအား နိုင်ငံတော်ကပြုပြင်ပြောင်းလဲမှုများပြုလုပ်နေသလို မိမိတို့ကိုယ်တိုင်ကလည်း စွမ်းဆောင်ရည်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရန် မိမိတို့ကိုယ်တိုင် တစ်စိုက်မတ်မတ် သင်ယူလေ့လာပြီး ပြည်သူများ၏ လိုလားချက်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်သည့် ဝန်ထမ်းများဖြစ်လာစေရေး ပြုပြင်ပြောင်းလဲရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး မကွေးခရိုင်၊ မင်းဘူး ခရိုင်များမှ မိမိတို့၏ လုပ်ငန်းများတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ခရိုင်အလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ညီမင်းသား

မိုင်းခုတ် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

မိုင်းခုတ်၊ ဇူလိုင် ၁၄

မိုင်းခုတ်တွင် လမ်းဖောက်လုပ်ရေးလုပ်ငန်းအဆင်ပြေချောမွေ့၍သက်မှတ်ချက်နှင့်အညီ အချိန်မီပြီးစီးရန် မိုင်းဆတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၂ ရက်နေ့တွင်သွားရောက်စစ်ဆေးခဲ့သည်။

နယ်စပ်ဒေသရှိပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခုတ်မြို့နယ်ခွဲရှိ ဝမ်းကောင်းကျေးရွာနှင့် ပါမူကျေးရွာချင်းဆက် မြေသားလမ်းအရှည် သုံးမိုင်၊ အကျယ်ပေ ၂၀ ဖောက်လုပ်ရန်အတွက် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေကျပ်သိန်း ၃၆၀ ခွင့်ပြုချထားပေးခဲ့သည်။

ခရိုင်ပြန်/ဆက်

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်နှစ်ပတ်လည်အစည်းအဝေး

ဘီးလင်းမြို့နယ်အသင်း၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် (၃၄) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပပြုလုပ်ပါမည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ဝေဠုဝန်)ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ်၊ ဘီးလင်းတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသ အမှူးရှိသောသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်ဆွမ်းအစရှိသောလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဘီးလင်းမြို့နယ်သူ/သားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပညာရည်ချွန်ဆုအတွက် ၂၀၁၃-၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်သားသမီးတို့၏ အမည်စာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ ၁၈-၇-၂၀၁၄ရက် နောက်ဆုံးထား၍ ဦးသန့်ကြီး ဖုန်း-၅၃၉၇၅၈၊ ဦးအောင်မြင့် ဖုန်း-၀၉-၇၃၀၈၁၈၉၈၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၄၃၁၂၀၁၈၁၊ ဦးကျော်အေး ဖုန်း- ၀၉-၇၃၀၃၈၃၉၁၊ ဦးတင်ငွေ ဖုန်း- ၀၉-၅၁၈၄၅၂၂ တို့ထံပေးပို့ရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို အသင်းတည်ရာ ဘီးလင်းတိုက်သစ်ကျောင်း ဖုန်း- ၅၀၀၅၉၉သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့၊ ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်းလင်း၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် အမှတ်-ရန်-၃၅၂၆/၀၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၃၁၃၄၀၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ်(၃၈၀၀) အပေါ်ဆုံးထပ်(ဒါဘ)ပေ(၁၆×၅၀)တိုက်ခန်းကို ကန်ထရိုက်တာဦးမောင်မောင်စိုး [၁၂/လမန(နိုင်)၁၂၇၉၆၆]နှင့် မြေရှင်ဒေါ်ခင်ရွှေ (ISN-၀၄၅၄၂၀]တို့သဘောတူစာချုပ်အရ ဒေါ်ခင်ရွှေမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပြီး ကြေညာသည့်နေ့မှ (၁၀)ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှချို(စဉ်-၅၅၅၄/၉၁)
တရားလွှတ်တော်ရှေ့နေ B.Sc, HGP, RL, DBL, DML
တိုက်-၄၈၊ အခန်း(၁၁)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်



ကျေးဇူးဆပ်ပါမည်

ကျွန်မသီရိဖြူသွင် ကိုင်ဆောင်ထားသော Passport No.MA-026147 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း ၀၁-၅၃၄၄၈၄



ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ တော်ဝင်နဝရတ် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပဉ္စမတန်း၌ ပညာသင်ကြားလျက်ရှိသော မသော်စန္ဒာ၏ဖခင်အမည်မှန်မှာ ဦးမောင်ဝိုင်း(ခ) ဦးနန်းတင် [၁၂/ဒဂတ(နိုင်)၀၁၂၆၀၄]ဖြစ်ပါကြောင်း။

ဦးမောင်ဝိုင်း(ခ) ဦးနန်းတင်
[၁၂/ဒဂတ(နိုင်)၀၁၂၆၀၄]

အတွေးအမြင်ဆောင်းပါး

ကြိမ်

à atmifumf(qifqyf)

ယမထာရွှေကြိမ်လုံးရယ်နှင့်
ထွန်တုံးကိုတဲ့ ခြေတော်တင်
နွားကြန်စုံရှင်. . .

ကြိမ်နှင့်ဆက်နွယ်သော ရှေးခေတ်လင်္ကာလေး တစ်ပိုင်းတစ်စ၊ လယ်ယာလုပ်ငန်းခွင်မှာ လယ်ထွန် စပါးသယ် တလင်းနယ်နှင့် လုပ်ငန်းမျိုးစုံ ပုံမှန်လည်ပတ် အချိန်မီပြီးမြောက်နိုင်ဖို့ ကြိမ်လုံးကိုနှင်တံအဖြစ်နှင့် ယနေ့ထိတိုင် သုံးစွဲနေဆဲဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကြိမ်သည် လယ်ယာလုပ်ငန်းခွင်သုံး အထောက်အကူပြုပစ္စည်းတစ်ခု၊ ထို့အတူ မိဘနှင့် သားသမီးကြား တပည့်နှင့်ဆရာကြား ဆက်ဆံရေးနယ်ပယ်တွင်လည်း ကြိမ်သည် တစ်ခါတရံကြားခံပစ္စည်းဖြစ်နေခဲ့သည်။ ပြောမရဆိုမရ နဝေတိမ်တောင် ယောင်ခြောက်ဆယ်လေးများ လမ်းကြောင်းမှန်စေဖို့ တွန်းတင်ရာတွင်လည်း အထောက်အကူပေးတတ်သည်။

ကြိမ်နှင့်ပတ်သက်၍လည်း မိမိဘဝမှာ အမှတ်တရများစွာရှိခဲ့သည်။ ကြိမ်ဒဏ်ကို ကိုယ်တိုင်လည်း ခံစားခဲ့ရသည်။ ကိုယ်တိုင်လည်း ကြိမ်ကိုင်ခဲ့ရသည်။ အဖေ့ကြိမ်ဒဏ်၊ ဆရာ့ကြိမ်ဒဏ်များကြားမှာ ကျောင်းသားဘဝ ငယ်ကာလကို ဖြတ်သန်းခဲ့ရသည်။

ကိုယ်တိုင် မိဘဖြစ်လာသောအခါလည်း သားများအပေါ် ကြိမ်ကိုင်လမ်းပြ လုပ်ခဲ့သေးသည်။ ဒေါသအလျောက် ရိုက်မိချိန် ဝင်ပြေးမည့် ရင်ခွင်မရှိ၊ တားမည့်ဆီးမည့် ကာကွယ်ပေးမည့်သူနတ္ထိ၊ တငိုငိုတရှိုက်ရှိုက်နှင့် ရိုက်သမျှခံနေရသည့် သားလေးတွေကိုကြည့်ရင်း နင့်ကနဲ ခံစားခဲ့ရသည်။ ဤသို့ဖြင့် ကြိမ်ကို ရာသက်ပန်စွန့်လွှတ်ဖြစ်သွားသည်။ သို့သော် တောကျောင်းဆရာဘဝမှာကား ကြိမ်ကို နောက်ဆုံးအချိန်ထိ လက်ကမချခဲ့။

ကြိမ်ကိုင်ဆရာများ၏ စွမ်းပကားကို တောကျောင်းဆရာများက ပိုသိသည်။ အငိုမတိတ် အာသံပြဲနှင့် တအီးအီးတအားအားဖြစ်နေသော ကလေးများ၊ ပြောမရ ဆိုမရ ဂျိကျလွန်းသော ကလေးများ "ဟိုမှာ နင်တို့ဆရာလာပြီ"ဟုသာ ပြောလိုက် ငိုနေသောကလေး ချက်ချင်းရပ်သည်။ ဂျိကျနေသောကလေး ငြိမ်ကုတ်သွားရသည်။ ကလေးများအတွက် ကြောက်ချစ်ရိုသေ တောကျေးလက်မှ ဆရာများ၊ တောဘက်မှ ဆရာများ စာသင်ရုံနှင့် မလှံလောက်။ ညအချိန် ကြိမ်ကိုင်ရွာရိုးလျှောက်လျက် စာကျက် စာအံကြီးကြပ်ပေးရသေးသည်။ တောကျောင်းဆရာများ၏ စေတနာ။ ဆရာ့အသံကြားမှ စာဖတ်ကြသည့် ကလေးများ။ တချို့ ဆရာပြန်သည်နှင့်အိပ်ပြီ။ တစ်ကြော့ပြန်လာ အိမ်ပေါ်တက်ရိုက်လုပ်ရသေးသည်။ ဤသို့လုပ်၍ မိဘများစိတ်ဆိုးလိမ့်မည်မထင်နှင့်။ လာရိုက်သည့်ဆရာကို ကွမ်း၊ လက်ဖက်၊ ရေနွေးကြမ်းနှင့်ဧည့်ခံ ဝမ်းသာအားရရှိနေကြသည်။ ပညာရေးမှာ တောကျောင်းဆရာနှင့် ကျေးလက်မိဘများ

> **ညအချိန် ကြိမ်ကိုင် ရွာရိုး လျှောက်. . .**

တစ်သားတည်း။

"စာမရရင် ရိုက်သာရိုက်၊ မကျိုးမကန်းရင်တော်ပြီ။" မိဘတိုင်းပြောနေကျစကား။ ကျေးလက်၏ ရိုးသားပွင့်လင်းမှုနှစ်ပေါင်း ၄၀ ကျော် တောကျောင်းဆရာဘဝမှာကလေးများ ပညာရေးအတွက် ကြိမ်ကိုင်လမ်းညွှန် အနုနည်းအကြမ်းနည်း နည်းစုံသုံးခဲ့ရသည်။ပေါက်မြောက်အောင်မြင်မှုလည်းရှိခဲ့သည်။သို့သော် ကြိမ်နှင့်ကိုင်တွယ်ဖြေရှင်း၍ မရခဲ့သည့်ဖြစ်စဉ်ဖြစ်ရပ်နှင့်လည်း ကြုံခဲ့ဖူးသည်။ ကြည့်မြင်တိုင်၊ လှိုင်မြစ်အနောက်ဘက်ကမ်း ကျောင်းတစ်ကျောင်းမှာ တာဝန် ထမ်းဆောင်ခဲ့စဉ်က ဖြစ်သည်။ စာသင်ချိန် စာသင်ခန်းမှာနှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေတတ်သည့် ကလေးတချို့နှင့် ဆုံသည်။ ဤကဲ့သို့ နေရကောင်းမလား စိတ်ဆိုးမာန် ဆိုး ရိုက်နှက်မိသည်။ သူတို့လေးတွေ ဘဝအခြေအနေမှန်ကိုသိလာချိန်မှာ နောက်ထပ်မရိုက်ရက်တော့ပါ။ ည ၁ နာရီဆိုလျှင် သူတို့လေးတွေ မိဘများနှင့်အတူ ရန်ကုန်ဘက်ကမ်းသို့ ကူးရသည်။ တစ်ညလုံး ရောင်းဝယ်ဖောက်ကား လျက်ရှိနေသော သိရိမင်္ဂလာဈေး၊ ဗားကရား အုန်းငှက်ပျောတန်း၊ ကမ်းနားဈေး ငါးဒိုင်များတွင် သွားလာလှုပ်ရှား အိပ်ချိန်မရှိ။ မိုးလင်းတော့အိမ်ပြန်၊ ၉ နာရီဆို ကျောင်းတက်၊ ကျောင်းမှာ စာသင်ရင်း အိပ်ပျော်။ သူတို့လေးတွေ၏ ပုံမှန်ဘဝ၊ အရွယ်နှင့် မလိုက်အောင် ရုန်းရင်းကန်ရင်း ပညာသင်ကြားနေကြသူများ၊ မကြာလိုက်ပါ။ တချို့ဝမ်းရေးကိုဦးစားပေး၊ ကျောင်းမှအပြီးအပိုင်ထွက်သွားကြသည်။ ကလေးများပညာရေးတွင် အကြိမ်ကြိမ် ကြိမ်ကိုင်တားဆီးကာကွယ်ပေးနိုင်ခဲ့သမျှ ဤတစ်ကြိမ် မစွမ်းဆောင်နိုင်ခဲ့ပါ။သူတို့လေးတွေပညာတစ်ပိုင်းတစ်စနှင့် 'ညမင်းသားလေး'တွေ ဖြစ်သွားသည်။

ကြိမ်နှင့်ပတ်သက်သမျှ ခံစားခဲ့ရ၊ ကျင့်သုံးခဲ့ရ၊ နာကျင်ခဲ့ရ အမှတ်တရများ။ ယခုအခါ မိမိတို့နိုင်ငံတွင် ၁၉၀၉ ခုနှစ်မှ အစပြုခဲ့သည့် အပြစ်သားများအား ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းလိုက်ပြီဟု သိရသည်။ ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်ထုတ် သတင်းစာတွင် ဖတ်လိုက်ရသည်။ လက်ရှိ အခြေခံပညာရေး၏ ကလေးဗဟိုပြု သင်ကြားရေးနယ်ပယ်တွင်လည်း ကလေးများအတွက် ကြိမ်မလိုအပ်တော့။ MRTV-4 မှ ပုံမှန် လွှင့်ထုတ်ပေးနေသော မူကြိုလေးများအတွက်ဂီဂဲလ်ကမ္ဘာGiggle Land သင်ကြားမှုနမူနာကိုကြည့်လျှင်အနာဂတ် ပညာသင်ကြားမှုပုံစံကိုသိနိုင်ပါသည်။ကြိမ်ကို လိုအပ်သေးသည်ဆိုလျှင်လည်း Blackboardမှစာများကို လှမ်းထောက်ပြသည့် တစ်ရံတစ်ခါ စာသင်ခုံကို ရိုက်သတိပေးရသည့် သင်ထောက်ကူပစ္စည်းတစ်မျိုးသာ ဖြစ်လာပါတော့မည်။ ကလေးများအတွက် ကြိမ်ဟူသည် အမှတ်တရ ပြတိုက်သုံးပစ္စည်းဖြစ်သွားပြီ။

နိဂုံးချုပ်ရပါလျှင် ကြိမ်သည် လယ်ယာလုပ်ငန်းခွင်မှ ကျွဲ၊ နွားများအတွက်ကား မသုံးမဖြစ် သုံးနေရဦးမည်။ အသိမဲ့သော တိရစ္ဆာန်များဖြစ်နေ၍ ဖြစ်ပါသည်။ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် လူ့နယ်ပယ်တွင်ကား ကြိမ် မလိုအပ်တော့ပါပြီ။

မောက်မယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူးပြီး ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ဇူလိုင် ၁၂ ရက်တွင် ဆီဆုံရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ပိုးလောက်လမ်းသေ အဘိတ်ဆေးခတ်ခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ အိမ်ခြံအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းဆောင်ရွက်ကြရေး ဟောပြောပြီး သရုပ်ပြကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- စိုင်းမျိုးသန့်(ပြန်/ဆက်)

တန့်ယန်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး လူနာတင်ယာဉ်ဝယ်ယူရန် စီစဉ်လျက်ရှိ

တန့်ယန်း ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှဦးစီးလျက် အများပြည်သူများအသုံးပြုနိုင်ရန်အတွက် လူနာတင်ယာဉ်တစ်စီးကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တန့်ယန်းမြို့နယ်သည် ပြည်ထောင်စုလမ်းမကြီးဖြစ်သော လားရှိုး-တန့်ယန်း-ပန်ဆန်း ကားလမ်းမကြီးပေါ်တွင် တည်ရှိ၍ တန့်ယန်း-လားရှိုးလမ်းပေါ်၌ လွယ်ပန်တောင်၊ တန့်ယန်း-ပန်ဆန်းလမ်းပေါ်ရှိ တာကော်အက်(သံလွင်မြစ်ကူး)တံတားအထိလည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းဖြစ်သော မိုင်းကျိုင်-နမ့်မူဆယ်-နောင်လိုင်လမ်းသည်လည်းကောင်း၊ တန့်ယန်း-မိုင်းရှုးလမ်းပေါ်ရှိ မိုင်းကောင်အထိလည်းကောင်း လမ်းများသည်တောင်ဆင်းတောင်တက်လမ်းများဖြစ်ခြင်းနှင့် အကွေ့အကောက်ပေါများခြင်းကြောင့် ယာဉ်မတော်တဆမှုများတစ်ခါတစ်ရံ ဖြစ်ပေါ်လေ့ရှိခြင်းနှင့် မြို့နယ်အတွင်းရှိ အရေးပေါ်လူနာများသည် လားရှိုး၊ မန္တလေးမြို့များသို့ ဆေးကုသမှုခံယူရာတွင် သွားလာရန် ယာဉ်ငယ် (Van)ကိုသာ ငှားရမ်းအသုံးပြုနေရသည့်အတွက် လူနာရှင်များအနေဖြင့် အခက်အခဲများရှိရာ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးနိုင်ရန် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဦးစီးဦးဆောင်ပြု၍ အရေးပေါ်လူနာများအား အသက်အန္တရာယ်ဘေးမှ ကင်းဝေးနိုင်ရန် လူနာတင်ယာဉ်တစ်စီးဝယ်ယူကာ ပြည်သူများအား အခမဲ့ကူညီနိုင်ရန်အတွက် စီစဉ်လျက်ရှိသည်။

တန့်ယန်းမြို့တွင် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၄၉ အုပ်စုရှိပြီး လူဦးရေ တစ်သိန်းခွဲခန့်စုပေါင်းနေထိုင်လျက်ရှိသော တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်ကာ ယနေ့အချိန်ထိ လူနာတင်ယာဉ်မရှိသေးသဖြင့် စေတနာရှင် မိဘပြည်သူများစုပေါင်းလျက် ဝယ်ယူရန်စီစဉ်နေခြင်းဖြစ်ရာ ပါဝင်လှူဒါန်းလိုသော မိဘပြည်သူများအနေဖြင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့စခန်းရုံး ဖုန်း ၀၉-၂၅၆၄၉၀၉၀၄၊ လူနာတင်ယာဉ်ဝယ်ယူဖြစ်မြောက်ရေးကော်မတီ ဥက္ကဌ ဦးသန်းဝင်း ဖုန်း ၀၉-၂၅၉၁၃၆၃၅၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

■

O.T.S 92nd Intake မှ
သူငယ်ချင်းများနှင့်မိသားစုဝင်များ

သူငယ်ချင်းတို့ရေ. . .

၂၈-၇-၂၀၁၄ရက်တွင်ကျရောက်မည့်(၁၉)နှစ်မြောက်ကျောင်းဆင်း နှစ်ပတ်လည်နေ့၌ ကျဆုံး/သေဆုံးသူငယ်ချင်းများအား ရည်စူး၍ သဃ်န်းကျွန်းမြို့နယ်၊ B.O.C ကွေ့၊ ဦးဘဟန်လမ်း၊ ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်ရှိ သံဃာတော်(၁၅၆)ပါးအား ၂၆-၇-၂၀၁၄ရက် (စနေနေ့) ၁၀နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်၍ နေ့ဆွမ်းလှူဒါန်းမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစု များသာဓုခေါ်ဆိုနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

၂၆-၇-၂၀၁၄ရက်(စနေနေ့) ၁၇း၀၀နာရီတွင် တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်းအားကစား ကွင်းအနီး M3 Food Centre တွင် မိတ်ဆုံညစာစားပွဲ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး/ ရပ်နီးသူငယ်ချင်းများအားလုံးကို ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (သေဆုံး/ ကျဆုံးသူငယ်ချင်းများအား သိရှိပါက အောက်ပါဖုန်းများသို့ ဆက်သွယ်ပေးပါရန်)

လှမျိုးသန့် ၀၉-၄၃၁၆၆၇၃၅၊ ခင်မောင်နိုင်(ရေ)၀၉-၇၃၁၈၄၄၅၈၊ လှမြင့် ၀၉-၅၀၆၃၄၈၃ မောင်မောင်အောင်(ရေ) ၀၉-၄၉၃၃၀၇၈၃

ရေးမြို့နယ်အသင်း(ရန်ကုန်)
(၁၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်) ၂၀-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နေလကမ္ဘာသာသနာ့ဗိမာန်ကျောင်း၊ အာဒိကာရုံအနောက်တိုက်၊ ကျောင်းအမှတ်(၃၀)၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် ရေးမြို့နယ်သူ၊ ရေးမြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်း၊ ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများအား ဦးမြင့်ဆွေ ဖုန်း ၀၁-၅၈၀၄၉၅၊ ဦးဖေအောင် ဖုန်း ၀၁-၅၇၀၀၆၂၊ ဦးစံလွင် ဖုန်း ၀၉-၅၁၇၂၆၈၄၊ ဦးစိုးတင့် ဖုန်း ၀၉-၅၂၀၀၁၁၂၊ ဦးဝင်းတင် ဖုန်း ၀၉-၅၁၄၇၂၆၉၊ ဒေါ်ခင်စောမြင့် ဖုန်း ၀၉-၅၀၂၇၄၆၇၊ ဒေါ်မိမိဆန်း ဖုန်း ၀၉-၅၀၄၂၂၇၄၊ ဒေါ်ခင်မြင့်လွင် ဖုန်း ၀၉-၄၂၅၃၄၆၆၂၇၊ အသင်းရုံးဖုန်း ၀၉-၇၃၂၀၁၂၂၄တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပြီး အထူးအစီအစဉ်အနေဖြင့် ကွယ်လွန်သွားကြသည့် ရေးမြို့နယ်အသင်းအမှုဆောင်များ၊ အသင်းဝင်များအားရည်စူး၍ ရေစက်သွန်းချအမျှပေးဝေမည့် အစီအစဉ်ရှိပါသဖြင့် ကွယ်လွန်သူများနှင့် သက်ဆိုင်သောဆွေမျိုးမိသားစုများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ သင်္ကန်းကို ကျောင်းရှိ ယာယီသင်္ကန်းအရောင်းဆိုင်တွင်ဝယ်ယူပြီး ကိုယ်တိုင် ကပ်လှူနိုင်ပါသည်။

မှတ်ချက်။ ။ နံနက်စာဖြင့် ဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့
ရေးမြို့နယ်အသင်း(ရန်ကုန်)

ကျိုက်မရောအသင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ
ဖိတ်ကြားလွှာ

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မွန်ပရိယတ္တိစာသင်တိုက် ဗိုလ်တထောင်ဘုရားအနီးတွင် ကျင်းပမည်ဖြစ်ရာ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်သား၊ သမီးများအနေဖြင့် မိမိအောင်မြင်ခဲ့သောကျောင်း၏ထောက်ခံချက်ဖြင့် အသင်းရုံးအမှတ် ၇၃၊ ဒေါ်သိန်းတင်လမ်းသို့ (Royal အလူမီနီယံဆိုင်) ၁၈-၇-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် မြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးရဲမြင့် ၀၉-၅၅၀၆၁၀၉၊ ဦးသောင်းညွန့် ၀၁-၅၅၅၆၅၁၊ ဦးကျော်မြင့် ၀၉-၇၃၀၅၆၃၄၃၊ ဦးလှဝင်း ၀၉-၇၃၂၁၄၈၇၂၊ ဦးခင်အောင် -၀၉-၅၀၀၇၀၈၉နှင့် မွန်ပရိယတ္တိစာသင်တိုက် ၀၁-၂၉၇၉၄၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
ကျိုက်မရောအသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆ F⁶၊ မြေကွက်အမှတ်(V ၃၄)၊ မြေကွက်တည်နေရာအမှတ်(၁၀၄)၊ သရက်တော(၃)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ (ကိုပါကြီးနှင့်မရင်ကြည်) အမည်ပေါက်နှစ်(၃၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် (ဦးပါကြီး) ကွယ်လွန်သဖြင့် ဒေါ်ရင်ကြည် [၁၂/ကမတ(နိုင်)၀၃၉၆၃၀]က (ဇနီး) တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံ ကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



[illegible]

Ph: 0973174066
095504667

[illegible]

(Open Tender) [illegible]

[illegible]

မင်္ဂလာဆည်းစံပွဲ

ရန်ကုန်မြို့ [illegible] ဦးသန်းဦး + [illegible] (ငြိမ်း)

' BEST ' Battery Trading Co., Ltd.

(Official Agent of GS Yuasa Co., Ltd. JAPAN & Sole Distributor of ATLASBX Co., Ltd. KOREA)

တို့၏ သားဦး

[illegible] (B.A English)

နှင့်

ရန်ကုန်မြို့ [illegible] ဦးသန်းဝင်း + [illegible]

တို့၏ သမီးဦး

[illegible] (B.A History)

[illegible] Inya Lake Hotel [illegible] (Zu Zu Collection) [illegible] Precious Gems & Jewellery [illegible] Pre Wedding [illegible] (Neo Photography) [illegible] Dagon [illegible] (Eternal Flowers) [illegible] (T & W Gift Shop) [illegible] Studio KZ [illegible] 7 Picture [illegible] (Romantic Wedding Planner Group) [illegible] Inya Lake Hotel [illegible] Manager [illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထူးချောင်းကျေးရွာအုပ်စု၊ ရွှေတလီကျေးရွာ၊ အိမ်အမှတ်(၃)၊ အလျား(၅၂)ပေ×အနံ(၉၀)ပေ အကျယ်အဝန်းရှိ အိမ်နှင့်မြေအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးရဲဝင်း[၁၂/ထတပ(နိုင်)၀၄၁၇၄၀]နှင့် ဒေါ်ချိုချိုမာ[၁၂/ထတပ (နိုင်) ၀၄၁၇၄၃]တို့ထံ ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဇင်သင်းအောင်(စဉ်-၃၀၇၁၁)	**ဒေါ်ယမင်းလတ်(စဉ်-၈၅၆၄)**
LL.B,B.D.S,WIPO(Switzerland)	**LL.B,D.B.L,WIPO(Switzerland)**
အထက်တန်းရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး	**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၂၇၈/၁)၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၂၅၆၈၃၆၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၂၅၄၀၀၆၄၄၅

CAMEL

AN ISO 9001:2008 & HACCP CERTIFIED COMPANY

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၃/ရန်ပြေ၊ မြေကွက်အမှတ်- ၆၃၇/က၊ မြေကွက်တည်နေရာအမှတ်-၅၊ ရန်ပြေ (၁၃)လမ်း၊ (၃)ရပ်ကွက်၊ သာကေတ မြို့နယ်၊ (ဦးရွှေဖန်) အမည်ပေါက်မြေအား အမည်ပေါက် ဦးရွှေဖန်(ခင်ပွန်း) ကွယ်လွန် သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ် ထွေးကျင်[၁၂/သကတ(နိုင်)၀၈၅၆၉၈]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

[illegible]

LL.B [illegible] WIPO (Switzerland)

[illegible]



ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ်-၀၀၁/တင်ဒါ/၂၀၁၄-၂၀၁၅/လစစ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် e-government လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ သည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	Computer,Printerများ အပါအဝင် Hardware ပစ္စည်းများ	1 Lot
(ခ)	Software များ	1Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ရက် မွန်းလွဲ ၁နာရီ
(ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၇-၂၀၁၄ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်များမှာ ဝန်ကြီးရုံး(ဖုန်း) ၀၆၇-၄၀၇၅၄၀၊ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဖုန်း-၀၆၇-၄၀၇၀၇၉တို့ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၄၀)၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဦးပေတိုး
အသက်(၈၇)နှစ်
ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်-မန္တလေး

မန္တလေးမြို့၊ မဟာဇေယျာဘုံရပ်၊ မြစန္ဒာလမ်း၊ အမှတ်(၂၈-ခ/၁)နေ ဒေါ်အေးမြင့်၏ခင်ပွန်း ဒေါက်တာဦးပေတိုးသည် ၁၀-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ
ဆေးတက္ကသိုလ်-မန္တလေး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှငွေ
အသက်(၈၀)
ကျုံပျော်-ကွဲခြံဒေါင့်လေး

ရန်ကုန်မြို့၊ ရွှေဂေဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုးထွန်း-ဒေါ်ချိုချိုသင်းတို့၏ဖခင် ဦးလှငွေ အသက်(၈၀)သည် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ကွဲခြံဒေါင့် ကျေးရွာသူ၊ ကျေးရွာသားများ

စာအုပ် စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်
ပထမအကြိမ် မြန်မာ-ဂျပန်
သုတေသနစာတမ်းဖတ်ပွဲအတွက် စာတမ်းရှင်များဖိတ်ခေါ်ခြင်း

ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံတက္ကသိုလ်များဖြစ်သော Hokkaido University,National Institute of Technology and Evaluation (NITE),Tottori University, Yamanashi University, Tamagawa University များမှ ပညာရှင်တို့နှင့် ပညာရပ်ဆွေးနွေးပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အဆိုပါပညာရပ်ဆွေးနွေးပွဲတွင် အောက်ဖော်ပြပါ သုတေသနဆိုင်ရာ နယ်ပယ်များမှ သုတေသနစာတမ်းများကို ဖတ်ကြားဆွေးနွေးမည် ဖြစ်ပါသည်-

၁။ International Symposium on Agricultural Science and Environmental Science
(စိုက်ပျိုးရေး၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ ဘူမိဗေဒ၊ သင်္ချာ၊ ရူပဗေဒ)
၂။ International Symposium on Marine Science(Fisheries Science)
၃။ International Symposium on Microbiology/Biotechnology

သုတေသနစာတမ်းဖတ်ပွဲကျင်းပမည့်နေရာနှင့်နေ့ရက်
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်အဆောက်အအုံ
ကျင်းပမည့်နေ့ရက် - ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့)
- ၁-၁၂-၂၀၁၄(တနင်္လာနေ့)

သုတေသနစာတမ်းရှင်များဖိတ်ခေါ်ခြင်း

အဆိုပါသုတေသနစာတမ်းဖတ်ပွဲအတွက် မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များမှ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ စာတမ်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းများမှ စာတမ်းရှင်များ၊ ကုမ္ပဏီများမှစာတမ်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
ဖတ်ကြားမည့်သုတေသနစာတမ်းအကျဉ်း Hard Copy နှင့် Soft Copy အား ၃၀-၉-၂၀၁၄ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းစိုးထံသို့ ပေးပို့ကြရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်များကို ပုသိမ်တက္ကသိုလ်ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူး (သင်တန်းရေးရာ)၊ ပါမောက္ခ/ဌာနမှူး (ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ)တို့ထံတွင် စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
မြန်မာ-ဂျပန်သုတေသနစာတမ်းဖတ်ကြားရေးကော်မတီ





အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးပေတိုး
အသက်(၈၇)နှစ်
ပါမောက္ခ(ငြိမ်း) ဇီဝကမ္မဗေဒဌာန
ဆေးတက္ကသိုလ်(မန္တလေး)

သူငယ်ချင်း ဒေါက်တာအေးအေးတိုး၏ မွေးသဖခင် ဒေါက်တာဦးပေတိုးသည် ၁၀-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသက်တင်ဝင်း-ဒေါက်တာခင်နီလာအေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ထားရီ

အသက်(၉၀)

ဦးအောင်မြင့်လှိုင် (ခေတ္တအထွေထွေမန်နေဂျာ၊ စီးပွားရေး၊ မြန်မာ့မီးရထား)-ဒေါ်မူမူဝင်းတို့၏ ကျေးဇူးရှင် မွေးသမိခင်သည် ၁၀-၇-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မသတ(၅)နှင့် ဝန်ထမ်းများ
အမှတ်(၅)တိုင်း၊ တောင်ငူ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှငွေ
အသက်(၈၀)
ကျုံပျော်-ကွဲခြံဒေါင့်လေး

ရန်ကုန်မြို့၊ ရွှေဂေဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုးထွန်း-ဒေါ်ချိုချိုသင်းတို့၏ဖခင် ဦးလှငွေ အသက်(၈၀)သည် ကွယ်လွန်သွားသည့် အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

နာရေးလူမှုကူညီရေးအသင်း
အထောင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှငွေ
အသက်(၈၀)
ကျုံပျော်-ကွဲခြံဒေါင့်လေး

ရန်ကုန်မြို့၊ ရွှေဂေဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုးထွန်း-ဒေါ်ချိုချိုသင်းတို့၏ဖခင် ဦးလှငွေ အသက်(၈၀)သည် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပန်းပေါင်းဓမ္မာရုံဂေါပကအဖွဲ့
အထောင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှငွေ
အသက်(၈၀)
ကျုံပျော်-ကွဲခြံဒေါင့်လေး

ရန်ကုန်မြို့၊ ရွှေဂေဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုးထွန်း- ဒေါ်ချိုချိုသင်းတို့၏ဖခင် ဦးလှငွေ အသက်(၈၀)သည် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဗြဟ္မာဝိဟာရ သက်ကြီးဆေးခန်း
အထောင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှငွေ
အသက်(၈၀)
ကျုံပျော်-ကွဲခြံဒေါင့်လေး

ရန်ကုန်မြို့၊ ရွှေဂေဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုးထွန်း-ဒေါ်ချိုချိုသင်းတို့၏ဖခင် ဦးလှငွေ အသက်(၈၀)သည် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့(အထက)
အထောင်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးမြတ်မော်
အသက်(၇၅)နှစ်
ဂုဏ်ထူးဆောင်ပါမောက္ခ(ဥပဒေရေးရာဆေးပညာဌာန)
တပ်မတော်ဆေးတက္ကသိုလ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၃၆)နေ ဒေါ်ကြည်ကြည်စန်း၏ခင်ပွန်း ဒေါက်တာဦးမြတ်မော်သည် ၁၀-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥပဒေရေးရာ ဆေးပညာဌာနမိသားစု
ဆေးတက္ကသိုလ်(၁) ရန်ကုန်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ဆေးတက္ကသိုလ်(မကွေး)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဇော်လင်းဒွေး
အသက်(၅၅)နှစ်

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဗိုလ်ချုပ်အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့် တို့၏အစ်ကို ဦးဇော်လင်းဒွေးသည် ၁၂-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)
ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ

ဒေါ်ခင်အေးသိန်း(ခ)ဒေါ်အေးပို
အသက်(၇၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၀-ခ)၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံ(တောင်)ရပ်ကွက်နေ (ဦးထိုက်စိန်-ဒေါ်နီ)တို့၏ သမီး၊ ဦးအုံးမောင်(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)၏ ဇနီး၊ (ဦးသောင်းဝင်း) ဒေါ်ခင်ဝင်းကြည်တို့၏ ညီမ၊ ဦးမင်းသက်ဖေ-ဒေါ်ခင်အေးသန်း၊ မောင်ခင်သူ-မယင်းမာတို့၏ အစ်မသည် ၁၄-၇-၂၀၁၄ ရက် ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးရဲထွန်း(ခ)ဦးချော်တီ(ခ)ဦးမျိုးမြင့်လှိုင် (၅၇)နှစ်
(ဗိုမောင်ကြီး သန့်ပ်ခါး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ယုသိမ်ညွှန့်ဓိပုံရပ်ကွက်၊ အမှတ်(၆) မြို့ပတ်လမ်းနေ (ဦးချစ်လှိုင်-ဒေါ်ညွှန့်တင်)တို့၏သား၊ အမှတ်(၄)မြို့ပတ်လမ်းနေ ... (DBE 3)၏ခင်ပွန်း၊ ... ဒေါ်မြင့်မြင့်ကြည်တို့၏ ... ၁၄-၇-၂၀၁၄ရက် နံနက် ၀၁း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးရဲထွန်း(ခ)ဦးချော်တီ(ခ)ဦးမျိုးမြင့်လှိုင် (၅၇)နှစ်
(ဗိုမောင်ကြီး သန့်ပ်ခါး)၏

မကေသီမျိုးလှိုင်(Sales Consultant,JPC Trade Co.,Ltd)၊ မသဲသဲ (Service Engineer Sea tion Co.,Ltd.)တို့၏ဦးလေး၊ မောင်စောရန်နိုင်၊ မခွာညို သင်း၊ မမျှုံမျှုံမြတ်နိုး၊ မဖူးဖူးမြတ်နိုး၊ မောင်သက်ထွန်းနိုင်၊ မောင်ဆွေဆက်တို့၏ ချစ်လှစွာသောဘကြီးသည် ၁၄-၇-၂၀၁၄ရက် နံနက် ၀၀း၃၀နာရီတွင် ရွှေဂုံ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ရက်နံနက် ၁၀နာရီ တွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လှကြည်(စမ်းချောင်း)
အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ ထိးတန်း (၃)လမ်း၊ အမှတ်(၁၉)၊ လေးလွှာနေ (ဦးစောလှ-ဒေါ်ရှမ်း)တို့၏ သမီး၊ (ဦးမောင်မောင်-ဒေါ်နယ်လီ) တို့၏ သမီးချွေးမ၊ (ဦးလှတင်) ၏ ဇနီး၊ (ဦးထွန်းအောင်-ဒေါ်ခင်ကြည်)၊ (ဦးကျော်ငြိမ်း-ဒေါ်စောရီ)၊ (ဦးမောင်မောင်လှိုင်-ဒေါ်သန်းညွန့်)၊ (ဦးကျော်အေး-ဒေါ်ရီရီ)၊ (ဦးမောင်မောင်တင်-ဒေါ်စိန်စိန်)၊ (ဦးထွန်းအောင်ကျော်)-ဒေါ်မြင့်မြင့် တို့၏ အစ်မ/ညီမ၊ ဒေါ်ခင်ထားရီ(ခ)ဘေဘီ-ဦးဘသွင်၊ (ဒေါ်ခင်သန်းနွဲ့)-ဦးအေး၊ [ဦးခင်မောင်ညွန့်(ခ)နီတွတ်]၊ ဦးခင်မောင်သန်း(ခ)နီတိုး၊ ဒေါ်နီနီမာ-(ဦးပီတာ)၊ ဒေါ်လီလီတင်၊ [ဦးခင်မောင်ဝင်း(ခ)တီးတိုး]၊ ဒေါ်မိုရင်းတင်(ခ)တိုင်နီ-ဦးခင်မောင်ဇော်တို့၏ မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် ၁၅ ယောက်၊ တီနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက်၉နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်းဒါယကာကြီး
ဦးထွန်းရှိန်(သံဖြူဇရပ်)
အသက်(၈၁)နှစ်

သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ သီရိမာလာလမ်း၊အမှတ်(၃၀)နေ(ဦးပန်းအောင်-ဒေါ်စိန်နှီး)တို့၏သား၊ ဒေါ်ပုလဲဆင်၏ခင်ပွန်း၊ ဦးရွှေသိန်း-(ဒေါ်စန်းစန်းအေး)၊ဦးအောင်တင်-ဒေါ်ခင်အေးမွန်၊ဦးထွန်းဝေ-ဒေါ်ခင်အေးလွင်၊ ဦးမျိုးမြင့်ဆွေ-ဒေါ်စန်းစန်းမြင့်၊ဦးသန်းထွန်း-ဒေါ်ရီရီသိန်း၊ ဦးတင်မောင်လွင်-ဒေါ်ခင်သီတာ၊ဦးယဉ်ထွေး-ဒေါ်နှင်းမာလာ၊ဦးခိုင်မျိုးဝင်း-ဒေါ်စန်းစန်းဝင်းတို့၏ ဖခင်၊ မြေး၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၃-၇-၂၀၁၄ရက် မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရွှေရင်ကွေ့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

လင်ရန်ဟုတ်(ခ)ဦးခင်မောင်
အသက်(၈၅)နှစ်
(ကျိုက်လတ်)

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးဘိုးအေး-ဒေါ်လှတင်)တို့၏ သားကြီး၊ (ဒေါ်သန်းရီ)၏ ခင်ပွန်း၊ ဦးတင်ရွှေ-(ဒေါ်ရင်ကြည်)၊ ဦးခင်ဝင်း-ဒေါ်မြသွင်၊ (ဦးအောင်ဝင်း)-ဒေါ်ခင်လေးတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၄ ယောက်တို့၏ ဦးလေးသည် ၁၄-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဘအေး (၇၄)နှစ်
မြန်မာ့ရေနံရုံးချုပ်-စာရေးကြီး(ငြိမ်း)

ရန်ကုန်မြို့၊အရှေ့ဒဂုံ(၆)ရပ်ကွက်၊ တော်ဝင်လမ်းအမှတ်(၄၃၈)နေ(ဦးဘခိုင်-ဒေါ်မအေး)တို့၏သား၊ ဦးဖြူအေး-ဒေါ်ယဉ်ဖြူ၊ ဦးကျော်အေး(အထက-၁၊ အင်းစိန်-ငြိမ်း)-ဒေါ်ခင်ဌေးဝင်း၊ ဒေါ်တင်မေ(စက်မှု-၂)ငြိမ်းတို့၏အစ်ကိုကြီး၊ တူ/တူမခုနစ်ယောက်တို့၏ဘကြီးသည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၂၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးယဉ်ထွန်း(ခ)ကိုရဲကြီး
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ အမှတ်(၇၇)၊ အခန်း(၀၀၂)၊ အောင်သုခလမ်းနေ ဦးအေးကြိုင်-(ဒေါ်ကျင်မွှေး)တို့၏သား၊ ဦးအောင်ကြည်ဝင်း(မူဝံလျှပ်စစ်)-ဒေါ်တင်တင်ရီတို့၏ မောင်၊ မောင်ရန်နိုင်ဝင်း-မယဉ်မွန်အေး၊ မချိုဇင်သော်၊ မမေသက်ခိုင်(WYTU) တို့၏ ဖခင်၊ မရှုတိုင်းယဉ်အောင်(3rd MB၊ ဆေး-၁)၊ မရှုမဝအောင်(3rd MB၊ဆေး-၁)၊ မောင်စည်သူထက်အောင်(G-၁၀၊ ဒဂုံ-၁) တို့၏ ဦးလေး၊ မောင်အံ့ထူးခန့်၏ အဘိုးသည် ၁၄-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြသန်း(ဖျာပုံ) (၇၇)နှစ်

ဖျာပုံမြို့နေ(ဦးဖိုးစိန်+ဒေါ်စောညွန့်)တို့၏သား၊ (ဦးအောင်မြင့်) - ဒေါ်အေးကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၅)၊ အခန်း(၈)၊ (၂)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်အေးသန်း၏ ခင်ပွန်း၊ ဦးထိန်ဝင်း - ဒေါ်လွင်မာဦး(လမ်းတံတား အထူးအဖွဲ့ -၄၊ ပခုက္ကူ)၊ ဦးကျော်ကျော်ထွန်း - ဒေါ်ဥမ္မာဦး (လမ်းအထူး-၄၊ ညောင်တုန်း)၊ဦးကိုကိုမောင်-ဒေါ်ချိုမာလွင် (သီတဂူစားသောက်ဆိုင်၊ ဖျာပုံ)၊ ဦးဇော်မိုး(မြန်မာ့မီးရထားRBE စက်ရုံ၊ရန်ကုန်)၊ မမာလာဦးတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးမြသန်းသည် ၁၄-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၅း၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးဟန်ညွန့် (၆၈)နှစ်
ဌာနခွဲစာရေးကြီး၊ မြန်မာ့ရေနံသဘာဝဓာတ်ငွေ့၊အင်းရွာ (သာယာဝတီ)

အုတ်ဖိုမြို့၊ ကျောင်းကြီးတန်းလမ်းနေ (ဦးစောမောင်-ဒေါ်ဒွေးနု)တို့၏ သား၊ သာယာဝတီမြို့၊ ကွက်သစ်(၁)လမ်းနေ (ဦးစိန်ရင်-ဒေါ်ငွေရင်)တို့၏သားသမက်၊ ဥက္ကံမြို့၊ ဘုရားကြီးလမ်းနေဦးခင်အောင်-ဒေါ်လှလှသိန်းတို့၏ မောင်၊ အုတ်ဖိုမြို့၊ ကျောင်းကြီးတန်းလမ်းနေ ဦးစန်းလွင်-ဒေါ်လဲ့လဲ့ဝင်း၊ ငဖြူကလေးကျေးရွာနေ ဦးစိန်ခင်မောင်-ဒေါ်အုန်းကြည်၊ ဦးကျော်ဝင်း(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်စိန်ကြည်(မိဘမေတ္တာရွှေဆိုင်)၊ ငဖြူကလေးကျေးရွာနေ ဒေါက်တာဝင်းမင်း(ဂြိုဟ်တုဆေးခန်း)-ဒေါ်စန်းစန်းနွဲ့တို့၏ ချစ်လှစွာသောအစ်ကို၊ ဦးအောင်ကျော်ဦး-ဒေါ်နန်းယုဝင်း၊ ဦးအောင်ကျော်ညွန့်(ခ)ကွက်ကြီး-ဒေါ်မြတ်ချစ်စုဝင်း၊ ဦးကျော်ကျော်(ခရိုင်မီးသတ်ဦးစီးဌာန၊ သာယာဝတီ)-ဒေါ်ဆွေဆွေဟန်(ခ)မီးမီးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်တင်ကြည်(မိဘမေတ္တာစတိုး)၏ ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးဟန်ညွန့်သည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) ည ၉း၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေထောင်ကြီးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးနေဝင်းကျော် (၅၅)နှစ်
ယခင်ပြည်ခိုင်ဖြိုးအတွင်းရေးမှူး (တောင်ဥက္ကလာပမြို့နယ်)
Logistic Officer LAFARGE Co., Ltd.

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၆၅-က)၊(၁၂)လမ်း၊ (၁၁)ရပ်ကွက်နေ (ဦးထွန်းကျော်)-ဒေါ်တင်တင်မြင့်တို့၏ ချစ်လှစွာသောသားကြီး၊ (ဦးနေနိုင်-ဒေါ်မြင့်မြင့်ကျော်)၊ ဦးနေလင်းကျော်၊ ဦးကျော်ကျော်အောင်-ဒေါ်ဝင်းမာကျော်၊ ဦးညီညီကျော်-ဒေါ်မေမိုးဦး၊ ဦးဇေယျာဝင်း-ဒေါ်စန္ဒာကျော်၊ ဦးမောင်မောင်သိန်းထိုက်-ဒေါ်စုစုဝင်းကျော်တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်-၂၇၆(C)၊ ရှစ်လွှာနေဒေါ်အေးအေးဆင့်၏ ခင်ပွန်း၊ မထားဦးရွှေ(3rd Year Electronic, TU၊ သန်လျင်)၏ ချစ်လှစွာသောဖခင်သည် ၁၄-၇-၂၀၁၄ ရက် နံနက် ၄း၂၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်-၂၇၆(C)၊ ရှစ်လွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးအောင်ကိုကို (၃၆)နှစ်
ကြည်း-၃၁၆၇၄၊ အမှတ်စဉ်(၄၁)
B.Sc(D.S.A), M.Sc(Maths)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက်(၅)လမ်း၊ အမှတ်(၂၀/ခ)နေ ဦးမြင့်ရွှေ (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်လှဝင်း တို့၏ချစ်လှစွာသောသားကြီး၊ ဦးသိန်း မောင်-ဒေါ်ဌေးကြည်တို့၏တူ၊ မော် လမြိုင်မြို့နေ (ဦးစိန်အောင်-ဒေါ်မေမေသိန်း)-ဒေါ်ရှုကြည် (အထက-၇၊ မော်လမြိုင်ကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏သားသမက်၊ ကိုဇော်မြင့်မြတ် (2nd Mate, MARINER SHIPPING)-မငုဝါဝါ၊ ကိုသော်တင့် (2nd Mate, MARINER SHIPPING)-မပြည့်ဖြိုးသူ၊ ကိုလင်းသိန်းထက်-မမေဇင်ကျော်၊ (မောင်ဟိန်းမြတ်မင်း)၊ မဖြိုးသူဇာ(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းခတ်ခရိုင်၊ မိုင်းခုတ်မြို့နယ်ခွဲနေ ဒေါ်ခိုင်မာလာအောင်၏ချစ်လှစွာသောခင်ပွန်း၊ မမေမြတ်သံစဉ်၊ မောင်သန့်သုတတို့၏ ချစ်လှစွာသောဖခင်သည် ၁၀-၇-၂၀၁၄ရက် ည ၉း၃၀နာရီတွင် ကျိုင်းတုံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ကျိုင်းတုံမြို့၊ ပွေ့ဖြန်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

တပ်ကြပ်သန်းစိုး(တပ်မတော်ရေ) ကပ-၂၇၀၀၂
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ရေစက်လမ်း၊ အမှတ်(၄၅၄)နေ (ဦးသန်းထွန်း-ဒေါ်ကျင်သိန်း)၏တို့၏သား၊ ဦးမြင့်ဇော် (ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)-ဒေါ်အေးအေးသိန်း (စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး)၊ ဦးကြည်လွင်(အလုံမြို့နယ်တရားရုံး)-ဒေါ်သိန်းသိန်းထိုက်တို့၏ ညီ/မောင်၊ တူ/တူမရှစ်ယောက်တို့၏ဦးလေးသည် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) ည၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၇-၂၀၁၄(စနေနေ့) နံနက်တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းအောင်(မန္တလေး)
အသက်(၈၆)နှစ်
B.Sc, Bch.E (GA.TECH)
ညွှန်ကြားရေးမှူး(ငြိမ်း)ကုန်ထုတ်လုပ်မှုဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခြံအမှတ်-၅၂၅(A-1) မာလာမြိုင်ရိပ်သာ၊ ပြည်လမ်းနေ [ဦးဘစိန် (ယစ်မျိုးဝန်ထောက် -ငြိမ်း)-ဒေါ်ဒေါ်ဦး] တို့၏ သား၊ (ဦးစိန်-ဒေါ်အုန်းခင်) တို့၏သားသမက်၊ (ဦးကိုကိုကြီး-ဒေါ်တင်တင်သိန်း)တို့၏မောင်၊ [ဒေါက်တာဒေါ်လွင်နှင်းဆီ (ကျောင်းကျန်းမာရေးဆရာဝန်၊ မရမ်းကုန်းမြို့နယ်၊ ဒေသန္တရကျန်းမာရေးဌာန-ငြိမ်း)]၏ခင်ပွန်း၊ ဒေါ်ခင်ခင်အောင် (ကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးမင်းအောင်၊ ဒေါ်မျိုးမျိုးအောင် (DIA-MOIND STEEL ကုမ္ပဏီ)၊ ဒေါ်မိုးမိုးအောင် (ဌာနစုမှူး၊ MPE နေပြည်တော်)၊ ဦးသင်းအောင် တို့၏မွေးသဖခင်ကျေးဇူးရှင်သည်၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄(အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွန်းသက်(ခ)ဦးတင်အောင်
(စား/ထွေ-ငြိမ်း)
အသက်(၇၉)နှစ်

ပြည်မြို့၊ တရုပ်မော်နေ (ဦးထွန်းရွှေ)၏သား၊ ရန်ကုန်မြို့၊ အမှတ်(၂၄) ပိတောက်ရွှေဝါလမ်း၊ တာမွေလေး၊ တာမွေမြို့နယ်နေ ဒေါ်စန်းရီ၏ခင်ပွန်း၊ (ကိုဝင်းနိုင်ဦး)၊ (ကိုသန်းထွန်းဇော်)၊ (မောင်မင်းဆန်း)၊ မဇင်ဇင်ထူး၊ ကိုအောင်ဇော်မိုး-မခင်ဝေဝေ၊ မရွှေဇင်ထူး(ရွှေစင်ဗီဒီယို)တို့၏ ဖခင်၊ မောင်ဇော်ရှိန်း၊ မထက်ထက်လဝန်းတို့၏ အဘိုးသည် ၁၃-၇-၂၀၁၄ရက် ည ၇း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၉-၇-၂၀၁၄ (စနေနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မောင်ကောင်းမြတ်ဟိန်း(ခ)
ဖြိုးဖြိုး အသက်(၃၀)
J/E CDC-64716

မော်လမြိုင်မြို့နေ (ဦးဖေတင်)-ဒေါ်သန်းသန်းတင့်၊ ရန်ကုန်မြို့နေ (ဦးစောအောင်ကြီး-ဒေါ်မြစိန်)တို့၏မြေး၊ ဦးစိုးအောင်-ဒေါ်နီနီတို့၏သား၊ ဒေါ်နွေးမမစိုး (အထက၊ ကျောက်တံတား)၏ မောင်၊ မောင်ကောင်းထက်စိုး-မခိုင်ခိုင်ဦးတို့၏အစ်ကိုသည် ၁၂-၇-၂၀၁၄ (စနေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ်(၃၅)၊ အောင်မြေလမ်း၊တောင်လုံးပြန်ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးတွတ်နီ (၈၉)နှစ်
(ကုန်သွယ်-ပုံနှိပ်)(ငြိမ်း)

